www.burmeseclassic.com

# ဝိုင်းကလေး

# ချစ်သော...

BURMESE CLASSIC .com

www.burmeseclassic.com

GRAPHIC-BK

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဦးသိန်းလွင် (မြ-၀၄၁၃၇) (ရွှေဟင်္သာစာပေ)
အမှတ် ၂၆၃၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ် (၂၂၅)၊ ၃၂-လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
ဘုန်းကျော် (မော်လမြိုင်)
အတွင်းဖလင်
ကိုပေါက် (Image Art Work)
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ
တန်ဖိုး – ၁၀၀ ကျပ်၊ အုပ်ရေ – ၅၀၀
ဖြန့်ချိရေး
မိန်းကလေးစာအုပ်တိုက်

၉၉-၅၅၉၂၉၀၄၀၅

၈၉၅ . ၈၃
မိန်းကလေး
ချစ်သော ... / မိန်းကလေး။ – ရန်ကုန်၊
ရွှေဟင်္သာစာပေ ၊ ၂၀၁၃ ။
၂၄၀ – စာ ၊ ၁၂ X ၁၈ စင်တီ။
(၁) ချစ်သော ...

BURMESE CLASSIC

## အခန်း (၁)

"ရဲဝံ့သူ"

"ဟုတ်တယ်"

"ဘာလဲဟ ရဲဝံ့သူဆိုတာ"

"နာမည်"

"ဘယ်သူ့နာမည်လဲ"

"ဟဲ့၊ ယောက်ျားတစ်ယောက်နာမည်ပေါ့"

"ဟော့တော်"

ခရမ်းရင့်ဦးဆောင်ပြီး သွန်းသွန်းနှင့် အပြန်အလှန် မေးနေ

www.burmeseclassic.com

www.burmeseclassic.com



ပြောနေခြင်းဖြစ်ပေမယ့် "ဟော့တော်" ဟု လွှတ်ခနဲ ခုန်ထွက်သွာ

သည်က ပန်းရောင်စုံ၏ ဖူးကြွသောနှုတ်ခမ်းနှစ်လွှာကြားမှ ဖြစ်လေသည်

အရောင်စုံ ဒီဖိုင်းစုံ ကျောက်ပွင့်တွေထဲမှ အလှဆုံးဒီဇိုင်းကို

ရွေးချယ်ဖို့ကြိုးစားနေသော ပန်းရောင်စုံ။

ဟော့တော်ဟု ခုန်ထွက်သွားသော အသံနောက်မှာ ခရမ်းရင့်နှင့်

သွန်းသွန်းက မျက်မှောင်ကုတ်၍ လှမ်းကြည့်သည်။

ပန်းရောင်စုံနှင့်အတူ ကျောက်ပွင့်ရွေးနေသော စုရတီကလည်း

ပန်းရောင်စုံကို မော့ကြည့်ရင်း မေး၏။

"ဘာဖြစ်လို့လဲ စုံစုံ"

"အဟင့်"

ပန်းရောင်စုံ မလုံမလဲဖြစ်ကာ ပြုံးလိုက်ပြီး ခေါင်းယမ်း၏။

"ဟွန်း၊ ဘာဖြစ်လို့ ဟော့တော် ဖြစ်ရတာလဲ၊ အဲဒါကို မေး

တာ"

သွန်းသွန်း မျက်မှောင်ကြုတ်ကြည့်နေရာမှ အားမလိုအားမရ

မေးပြန်သည်။ ပန်းရောင်စုံ မဖြေ။ နှုတ်ခမ်းအစုံကို ပြုံးချိုထားလျှင် –

"ဘယ်လိုဖြစ်တာလဲ စုံစုံရဲ့၊ ရှင် မအံ့ဩဘဲ ဟော့တော် မဖြစ်

ပါဘူး၊ နေရင်းထိုင်ရင်း ဘာကိုအံ့ဩနေလဲ"

ခရမ်းရင့် မေးသံမဆုံးသေး စုရတီကလည်း ဆိုပြန်သည်။





"ဟုတ်သားပဲ၊ သွန်းသွန်းနဲ့ခရမ်းရင့်က သူတို့စကား သူတို့

ပြောနေကြတာ၊ ရှင်က ကျောက်ပွင့်ရွေးနေရင်းနဲ့ ဟော့တော်ဖြစ်ရတာ

ဘာကြောင့်လဲ၊ အကြောင်းမဲ့မဟုတ်ဘူး။ ဟုတ်တယ်မဟုတ်လား စုံစုံ"

"ဟွန်း ရှင်တို့ကလည်း ဖွတ်ချည်းပဲ"

ကြိုက်ပုံ နီလာပွင့်ကို ကျောက်ကြည့်မှန်ဘီလူးဝိုင်းလေးနှင့် ပန်း

ရောင်စုံ ကြည့်ရင်းဆိုသည်။

သူမအဆိုကို သူငယ်ချင်းသုံးယောက် ထောက်ခံကာ၊ ပြိုင်တူ

ပြော၏။

"ဟုတ်တယ် ဖွတ်ပဲလေ၊ နေရင်းထိုင်ရင်း ရှင် ဟော့တော်ဖြစ်

ရတာ ဘာကြောင့်လဲ၊ ကျောက်ပွင့်တွေက ထင်မှတ်မထားတဲ့ ဒီဇိုင်းမျိုး

တွေဖြစ်နေတာ မြင်ရလို့ အံ့ဩပြီး"

"မဟုတ်ရပေါင်ဟယ်"

"ဒါဆို ဘာကြောင့်လဲ"

ပန်းရောင်စုံ သက်မချိုချိုလေးချကာ၊ ကျောက်ပွင့်ဆီမှ အကြည့်

ကို သူငယ်ချင်းသုံးယောက်ဆီ ပို့၏။

သူငယ်ချင်းတို့အကြောင်း ပန်းရောင်စုံ ကောင်းကောင်းသိပါ

ပေသည်။ စကားတစ်ခွန်းဆိုတစ်ခွန်း မိမိရရသိချင်သူ။

သိချင်တာ မသိရမချင်း တတွတ်တွတ်မေးဖို့ အဆမနာတတ်



www.burmeseclassic.com

www.burmeseclassic.com



သူ။ ခုလည်း မေးပြန်ပြီ။ စုံစုံဘာသာ စုံစုံ အံ့ဩလွန်းလို့ ဟောတော် ဖြစ်တာ။

အဲဒါကိုပဲ ရေးကြီးခွင်ကျယ် မေးရာကြပြီ။

"ကဲ ပြောစမ်းပါ"

အနားကပ်ထိုင်နေသော စုရတီက တံတောင်နဲ့တို့ပြီးမေးလျှင်

"ဟွန်း မအံ့ဩစရာလို့သား"

"ဘာကိုလဲ"

"ယောကျ်ားလေးနာမည်က ရဲဝံ့သူဖြစ်ရတယ်လို့"

"အလို"

သူငယ်ချင်းသုံးယောက် နှုတ်ခမ်းတွေ ချွန်ကုန်သည်။

"ဟုတ်တယ်လေ၊ ယောကျ်ားတစ်ယောက်နာမည်က ရဲဝံ့သူ ဖြစ်ရတယ်လို့၊ ဒါ နာမည်လား"

"ပြော ဟော၊ ရှင်က "ရဲဝံ့သူ"ဆိုတာနဲ့ ဟောတော် ဖြစ်ရ တယ်၊ ဟုတ်လား စုံစုံ"

"ဟုတ်ပါတယ်ဆိုနေမှ"

သွန်းသွန်းက ပန်းရောင်စုံကို မျက်စောင်းလှလှထိုး၏။ ခရမ်း ရင့်က မေးဖျားလေး ပင့်ထိုးသလို မျက်နှာလေးမဲ့ပြရင်း –

"ဘာဆိုင်လဲ စုံစုံရဲ့"





"ဆိုင်,မဆိုင် စုံ မသိဘူး၊ ဒါပေမဲ့ နာမည်က လမိုင်းမကာပ် ဘူး၊ ဘယ့်နှယ် ယောကျ်ားလေးနာမည်က "ရဲဝံ့သူ" တဲ့၊ "ရဲဝံ့"ဆို တုတ်တုတ်တုတ်ရှိသေး၊ "သူ" ဆိုတာ ထည့်လိုက်တော့ နာမည်နဲ့မတူ တော့ဘူး၊ ကျူရှင်ကြော်ငြာနာမည်လိုလို ဘာလိုလိုနဲ့"

"အံ့မယ် ကြည့်စမ်း၊ သူများနာမည်ကိုများ ကျူရှင်ကြော်ငြာ တဲ့နာမည်လိုလို, ဘာလိုလိုတဲ့"

"ဟုတ်တယ်လေ ခရမ်းရဲ့၊ ကျူရှင်ကြော်ငြာနာမည်မဟုတ် ရင် ဝပ်ရှော့နာမည် ဒါမှမဟုတ် လိုင်းကားနာမည် မှည့်ဖို့ကောင်းတယ်"

"အမယ်လေး ပန်းရောင်စုံရယ်၊ ရှင် သူများနာမည်ကို ဒီလို ပြောရသလား"

"ဟုတ်သားပဲ၊ ရဲဝံ့သူဆိုတာ ရဲရဲဝံ့ဝံ့ပြုတတ်တဲ့သူ၊ ဘယ်ကိစ္စ ကိုမှ တုံ့နှေးတုံ့နှေးပြုမယ့်သူ မဟုတ်ဘူးဆိုတဲ့ အဓိပ္ပာယ်၊ ဘယ်လောက် ရဲရင့်နိုးကြွစေတဲ့နာမည်မျိုးလဲ"

"ဟွန်း ရှင်က အဲလိုအဓိပ္ပာယ်ဖွင့်တယ်"

"ဖွင့်တယ်"

"စုံကတော့ ဗျူတီပါလာက "လှသူ" "ပန်းသူ" "ချိုသူ" တို့ဆိုတဲ့ အခြောက်မတွေကို ပြေးမြင်တယ်"

"ဟဲ့"

www.burmeseclassic.com



ခရမ်းရင့်နှင့်သွန်းသွန်း မခံမရပ်နိုင် အော်ဟစ်သည်က ပြိုင်တူ။ အော်ရုံမက မျက်နှာနှင့်အမူအရာပျက်ကာ။

"အဟုတ်ပြောတာ"

ပန်းရောင်စုံကလည်း ထင်တဲ့အတိုင်း ပြောလေသည်။

"ပန်းရောင်စုံရယ် ရှင်ပြောလိုက်ရင် နာမည်နဲ့လူ သုံးစားလို့ကို မရတော့ဘူး။ အခြောက်မ,ဖြစ်လိုဖြစ်, ဝပ်ရှော့နာမည်ဖြစ်လိုဖြစ်နဲ့ ရှင်ပြောသမျှ ဟိုက ကြားသွားလို့ကတော့ အတောင့်လိုက် တက်သွားဦးမယ် တကတည်း"

ခရမ်းရင့် ထိုသူ့ဘက်က မခံချိမခံသာ ပြော၏။

"ဟုတ်သားပဲ"

သွန်းသွန်းထောက်ခံသလို စုရတီကလည်း ဝေဖန်သည်။

"ရှင် အဲဒီလိုမပြောသင့်ဘူးထင်တယ် ရောင်စုံရယ်"

"လူတိုင်းက ကိုယ့်နာမည်ကိုယ် တန်ဖိုးထားကြတယ် မဟုတ်လား။ ရှင့်နာမည်ကိုရော သူများဝေဖန်ရင် ရှင်လက်ခံမတဲ့လား"

"အမယ်၊ စုံ့နာမည်က စုံနဲ့လိုက်ဖက်တဲ့နာမည်ရှင့်၊ အဓိပ္ပာယ်အပြည့်ရှိတယ်၊ မယုံရင် စုံ့စုံ့တစ်ကိုယ်လုံးကို ပြန်ကြည့်၊ ပန်း တွေလိုပဲ အရောင်စုံတယ်၊ ဒါကြောင့် မာမီက ပန်းရောင်စုံလို့ မှည့်ခဲ့တာ"

ပန်းရောင်စုံ မျက်နှာလေးဝင့်စွာ ပြောလေသည်။





စုံ့စုံ့အပြောကို သူငယ်ချင်းတွေ စောဒကမတက်လိုပါ။ တကယ့်လည်း ပန်းရောင်စုံက နာမည်နဲ့ လိုက်ဖက်လှပါသည်။

ဖါဖါနုသော စုံ့အသားအရေက ဝိတောက်ပန်းဝါရောင်လို ဝင်း၏။

ဖူးကြွစိုဝါသော နှုတ်ခမ်းလေးက အနီသွေးရောင် နှင်းဆီပွင့်လေးအလား။ ပါးမို့လေးနှစ်ဖက်က ပန်းရင့်ရောင် ဒေစီပန်းရောင်လို ပန်းသွေးစိုလျက်။

မျက်ဆန်လေးက ဗေဒါပန်းအရောင်လို ပြာပြာလဲ့လဲ့။

ဆံပင်ရှည်က ကာလာဆိုးထားတာမဟုတ်ဘဲ သူမရဲ့ပင်ကိုမွေးရာပါအရောင်မှာ ရွှေညိုရောင် ဒေလီယာပန်းနှယ်။

ကိုယ်သင်းရနံ့မှာ စံပယ်ဖြူရနံ့မွှေးရှသလိုလို။

သူမကိုမြင်ရလျှင် ရောင်စုံပန်းတို့၏အလှတို့ ဆွဲဆောင်ခြင်းခံရသလို မြင်လွှာကိုညှို့ပြီးသား ဖြစ်လေသည်။

"ဟုတ်ပါတယ်၊ ရှင့်နာမည်က ရှင်နဲ့လိုက်ဖက်တယ်၊ အဓိပ္ပာယ်လည်း ရှိတယ်၊ ဒါကြောင့် ရှင့်မာမီက ရှင့်ကို ပန်းရောင်စုံဆိုပြီး မှည့်ခဲ့တာ၊ သူ့ကိုလည်း သူနဲ့လိုက်ဖက်ပြီး အဓိပ္ပာယ်ရှိတဲ့နာမည်မျိုး သူ့မိဘက မှည့်ခဲ့တာ၊ သူ့ပုံစံက အရာရာတိုင်းအတွက် ရဲရဲဝံ့ဝံ့ရှိတဲ့ပုံမျိုး။ ရှင်ပြောသလို ကျူရှင်ကြော်ငြာနာမည်မဟုတ်သလို ဝပ်ရှော့နာမည်



www.burmeseclassic.com

www.burmeseclassic.com



... ပိုပြီးမဟုတ်တာက ဖျူတီပါလာက "ပန်းသူ" တို့ "..." တို့လို အခြောက်ပုံမဟုတ်ဘူးဟဲ့"

သွန်းသွန်းက သူ့နာမည်ဘက်မှ အားကျမခံ ပြန်ပက်၏။

"သွန်း ရှင်က သူ့နာမည်ဘက်က ဆတ်ဆတ်ထိမခံ ဖြစ်နေပါလား"

"ဖြစ်တယ်လေ၊ ဖြစ်ရုံတင်မကဘူး၊ သူနဲ့တွေ့ရင် ရှင့်ကို တိုင်ပြောမှာ"

"အမယ်လေး တိုင်တိုင်၊ တစ်ခါမကဘူး ဆယ်ခါတိုင်"

"တိုင်မယ်"

"တိုင်ပေါ့၊ တိုင်တစ်လုံးမှ ငါးကျပ်တည်း"

"ဟဲ့ ဟဲ့ ငါးကျပ်၊ အန်တီသွယ့်ကျောက်ပွင့်တွေက ငါးကျပ်တန်ကျောက်ပွင့်တွေ မဟုတ်ဘူးဟဲ့"

ကျောက်ပွဲစား အန်တီသွယ် ဘယ်ကြားမိသည်မသိပါ။ ပန်းရောင်စုံစကားမဆုံးခင် အတွင်းခန်းထဲမှ ပြေးထွက်လာပြီး ပြောသည်။

ထိုအခါ ပန်းရောင်စုံတို့အားလုံး ပြိုင်တူလိုလို ရယ်မိ၏။

"သိပါတယ် အန်တီသွယ်"

"သိဘူးလေ၊ အန်တီသွယ့်ကျောက်ပွင့်တွေကို ငါးကျပ်တန်တွေလို ပြောနေသလားလို့ အန်တီသွယ်ဖြင့် တုန်တက်သွားတာပဲ၊ ဒါ





ကြောင့် ကမန်းကတန်းလာပြောတာ၊ ကဲ ရွေးပြီးပြီလား"

အန်တီသွယ်က ဒါပါပဲ။

သူမကျောက်ပွင့်တွေလောက် ဘာကိုမှ အလေးမထားသူ။

ကတ္တီပါဘူးဗိုင်းကြီးတွေထဲ ထည့်ထားသော ရောင်စုံကျောက်ပွင့်တွေကို ပန်းရောင်စုံတို့တစ်သိုက် ထိုင်ရွေးနေတာမို့ စိတ်ချလက်ချ အခန်းထဲဝင်ပြီး လုပ်စရာရှိတာ လုပ်နေခြင်း။

ငါးကျပ်ဆိုတဲ့အသံကြောင့် ပြေးထွက်လာရသည်။

"ရွေးပြီးပြီ အန်တီသွယ်ရဲ့၊ ဟောဒီ နီလာတစ်ဆက် ယူမယ်"

"အို့ကေ"

ကြိုက်အဝှုံးပေါ်မှ အကွက်စိတ်ကလေးများပေါ်အောင် အနုစိတ်သွေးထားသော နီလာပွင့်ကို ပန်းရောင်စုံ နမူနာပြလိုက်သည်။

"အန်တီသွယ် တစ်ဆက်ပြည့်အောင်မှာပြီး သမီးဆီ ပို့ပေးမယ်၊ ဟုတ်ပြီလား"

"အင်း၊ သိပ်မကြာစေနဲ့နော် အန်တီသွယ်"

"စိတ်ချ"

"ဒါဆို စုတို့ သွားတော့မယ်"

"အေးပါကွယ်"

အန်တီသွယ့်ကို နှုတ်ဆက်ပြီး ထွက်ခဲ့ကြတော့ စုရတီနုက



www.burmeseclassic.com

www.burmeseclassic.com



စကားကို ပြန်ကောက်၏။

"ဒါနဲ့ သွန်းသွန်း"

"ဘာလဲ ရတီ"

"အနံ့တီသွယ် ကျောက်ပွင့်ကိစ္စပြောတာနဲ့ စကားပြတ်သွားတယ်၊ ဒါနဲ့ ရဲဝံ့သူဆိုတာ ဘယ်သူလဲ၊ ဘယ်ကလဲ"

"ဘာလဲ၊ ရှင်က နာမည်ကြားရုံနဲ့ ခရေပွင့်လို ဖြူတ်ခနဲ့ ကြွေတာလား"

ပန်းရောင်စုံ မေးချတော့ စုရတီ မျက်စောင်းထိုး၏။

"သွန်းနဲ့ခရမ်း ပြောနေကတည်းက သိချင်နေတာ၊ ကဲ ပြောဘယ်သူလဲ၊ ဘယ်ကလဲ၊ ရှင်တို့နှစ်ယောက်တည်း သိနေရုံနဲ့ မရဘူး။ ရတီလည်း သိချင်တယ်၊ ပြီးတော့ နာမည်ကြားရုံနဲ့ ဝေဖန်နေတဲ့ ပန်းရောင်စုံလည်း သိချင်မှာပဲ"

"အမယ် ရောင်စုံကို ဆွဲမထည့်ပါနဲ့၊ ရှင်သိချင်ရင် ရှင့်ဘာရှင်မေး၊ ပန်းရောင်စုံက မသိချင်ပေါင်"

ပန်းရောင်စုံ ခပ်ဆတ်ဆတ်လေးပြောရင်း သူငယ်ချင်းသုံးယောက်ရှေ့မှ ထိုးထွက်ခဲ့ကာ။

နက်ပြောင်နေသော သူမ၏မာစီးဒီးကားအသစ်စက်စက်လေးပေါ် တက်ကာ ဂူးခနဲ့ မောင်းထွက်ခဲ့လေသည်။





"ဟဲ့ စုံ"

"နေဦးလေ"

သူငယ်ချင်းတွေ ဟန့်တားကြသော်လည်း နောက်ကျခဲ့ပြီ။

ပန်းရောင်စုံကားလေးက အနံ့တီသွယ်၏ခြံဝင်းရှေ့ လမ်းသွယ်ထဲ ချိုးကွေ့သွားသည်မှာ ကားနောက်မြီးလေးပင် မမြင်ရတော့ပါ။

ပန်းရောင်စုံ။

ရှင်ကတော့ ရောင်စုံပန်းတွေလိုပဲ အမူအရာအလှတို့ ကြွယ်ဝပါပေတယ်။

ထို့အတူ -

ရဲဝံ့သူဆိုတာကလည်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ကျွတ်"

မောင်းနေရင်း သူမကားအသစ်စက်စက်ကလေး တုံ့ခနဲ ထိုး ရပ်သွား၏။

ထိုအခါ သူမစိတ်၌ တုတ်ပိုင်းလို တောင့်တင်းသွားကာ ချက်ချင်း အလိုမကျဖြစ်ချေသည်။

ဘာဖြစ်မှန်းမသိပေမယ့် ဘယ်လိုမှ ကြိုးစားပြီးမောင်းလို့မရတာ သေချာပြီ။ သို့ကြောင့် စိတ်ပျက်စွာ ကားပေါ်မှ ဆင်းရလေသည်။

သူမက ကားသာ ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်သည်။





ကားစက်အကြောင်း ဘာမှမသိ။ ပြင်တတ်ဖို့ဆိုတာ ဝေးလာဝေး။

ခုတော့ ခက်ချေပြီ။

အကူအညီရလိုရငြား ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်၏။ ကားတွေကတော့ ဟိုဒီသွားလာမပျက်။ ခုနေခါ သူငယ်ချင်းတွေပါရင် သိပ်ကောင်းမှာပဲ။

ဟင့်အင်း။

မပါတာဘဲ ကောင်းတယ်။ နောက်ဆို ဝိုင်းဟားကြမှာ။

သူမက ကားကို တစ်စီးပြီးတစ်စီး လဲလှယ်ဝယ်စီးနေကျ မဟုတ်သား။

"ကောင်းတယ်၊ ရှင့်ကားအသစ်လေး ခုတော့ ဒုက္ခပေးပြီ"

လို့ ခနဲ့ကြမှာ မြင်ယောင်သေး။ ဒါကြောင့် သူငယ်ချင်းတွေကို သတိမရချင်ပါ။

လမ်းသွားလမ်းလာကိုပဲ အကူအညီတောင်းလိုက်တာ အကောင်းဆုံးဖြစ်မည်။ ဒါကြောင့် လာနေသောကားတစ်စီးကို လက်တားလိုက်သည်။

တက္ကစီဆိုင်းဘုတ်တပ်ထားသော ထိုကားဖြူလေး သူမနားထိုးရပ်လာပြီး –

"ဘယ်သွားမလို့လဲ ညီမ"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းမွေးတက်သစ်စနှင့် တက္ကစီဒရိုင်ဘာလူရွယ် မေး၏ သူမ အားတက်သရောနှင့် –

"ဘယ်မှသွားဖို့ မဟုတ်ဘူးရှင့်၊ ကျွန်မကား ဘာဖြစ်သွားလဲ မသိဘူး။ ထိုးရပ်သွားလို့၊ အဲဒါ ကူညီပေးပါလား"

"ဩော် ကားလား"

"ဟုတ်တယ်ရှင့်"

"ကိုယ် ကားစက်အကြောင်း နားမလည်ဘူး"

တက္ကစီဒရိုင်ဘာ မကူညီချင်လို့လား ဘာလားမသိပါ။ ထိုသို့ ပြောပြီး၊ သူ့ကားကို လျှောခနဲ့ မောင်းထွက်သွား၏။

"ကျွတ်"

ပန်းရောင်စုံ အလိုမကျစိတ်နှင့် ရေရွတ်မိပြန်သည်။ အကူအညီ ရလိုရငြား သွားလာနေတဲ့ကားတွေ တားရသည်။

လက်တားပေမယ့် မရပ်။ ကားအရှိန်ပင် မလျှော့ဘဲ တဝီဝီ မောင်းသွားကြသည်။

သူတို့အချိန်တွေ အပွန်းမခံနိုင်လို့ထင်ရဲ့။ ဟုတ်မှာပါလေ။

အကူအညီမရလေ ထိုးရပ်နေသော သူမကားသစ်လေးကို ကြည့်ပြီး ပန်းရောင်စုံ စိတ်ပိန်လာလေဖြစ်သည်။

တားသမျှကားတွေ ရပ်မပေးသော်လည်း သူမ ဖွဲမလျှော့ပါ။





ကူညီချင်စိတ်ရှိတဲ့သူ၊ တစ်ယောက်ယောက်ကတော့ ကူညီမှာပဲဟု တွေးကာ။

အရှိန်ပြေပြေလေးလာနေသော ခဲညိုရောင် ရူပါကာစတန် ကားတစ်စီးကို သူမ လက်တားလိုက်သည်။

ကံကောင်း၍လား မသိပါ။

ထိုကား လျှောခနဲ့ထိုးရပ်ကာ။

သူမကားရှေ့ လမ်းဘေးကျကျထိုးရပ်သော ထိုကားဆီသို့ သူမ သဲသာခြေလှမ်းလှမ်းသွားပြီး အကူအညီတောင်းဖို့ဖြစ်၏။

ထိုစဉ် ကားမောင်းသူနေရာမှ အရပ်မြင့်သောလူရွယ်တစ်ဦး ဆင်းလာသည်။ ထိုလူရွယ် ကားပေါ်မှဆင်းလာသည်က လက်ကိုင်ဖုန်း ပြောရင်း တန်းလန်းနှင့်။

ပန်းရောင်စုံ အကူအညီတောင်းဖို့ ခေတ္တစောင့်ဆိုင်းနေလိုက်သည်။

"ဒီမှာ မင်း သွေးဆူမနေနဲ့၊ မင်းစိတ်ကို မင်းထိန်းစမ်းပါ"

တစ်ဖက်သားကို ခွန်အားတစ်မျိုးရစေသော ထိုလူရွယ်၏ဖုန်း ပြောသံ။

ပန်းရောင်စုံ အငေးသားကြည့်ဖြစ်၏။

ကြည့်ဖြစ်မှပဲ ပန်းရောင်စုံမျက်ဝန်းမှာ သူက ထူးခြားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ခေတ် လူရွယ်တိုင်း မော်ဒယ်ဘွိုင်းဆန်ဆန် ပြင်ဆင်တတ်သလို ကိုရီးယားမင်းသားတွေကိုတုပြီးလည်း ပြင်ပြင်ဆင်ဆင်နေတတ်ကြသည်။

ခရင်မ်လိမ်းရုံမက မျက်နှာပေါ်က အမွေးအမျှင်တွေကအစ ချွတ်ပါလာမှာ သလျက်။

ဂျယ်လိမ်းထားသောဆံပင်က ထိုးထိုးထောင်ထောင်ဒီဇိုင်းနှင့် ဝတ်ဆင်မှုကအစ မိန်းကလေးများလို ကိုယ်တိကိုယ်ကျပ်။ တစ်ကိုယ်လုံးကိုလည်း မွှေးမွှေးမွှန်အောင် ရေမွှေး ဘာညာ ဆွတ်ဖျန်းပြီး ကြော့ကြော့မော့မော့နေတတ်သည့် ခေတ်လူရွယ်နှင့် သူ့ပုံစံက တခြားစီ။

✿ ✿ ✿

## အခန်း (၃)

ဘေးခွဲကြောင်းနှင့်သူ့ဆံပင်ညိုကြ နားရွက်နှစ်ဖက်ပေါ်မှာ [illegible]းလေးများ လန်လျက်။ ညှပ်ချိန်တန်လျက်နှင့်မညှပ်ရသေးသော ဆံပင်ပုံစံမျိုး။

ထိုဆံပင်ပုံစံက မဟာနဖူးပြင်ပြန့်ပြန့်နှင့် တည်ကြည်သော သူ့မျက်နှာပုံကို လိုက်ဖက်စေသည်။

မထူမပါးနှင့် အလယ်ဆက်မနေသော သူ့မျက်ခုံးနှစ်သွယ်က ညှို့ငြိမ်သော သူ့မျက်နှာမူဟန်ကို အားဖြည့်ထားသလို။

ဖြူသောအသားက နုဖပ်ဖပ်ကြီး မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



နေရောင်ထိကာ နီရှရှနှင့် ကြံ့ခိုင်မှုအသွင်ဆောင်ချေသည်။

ရင်ဘတ်မှာ အင်္ဂလိပ်စာတန်းပါသော လည်ပိုင်းတီရှပ်လက်တို အနီဖျော့ရောင်နှင့် အပြာရင့်ရောင် ဂျင်းဘောင်းဘီရှည်ကို အရောင်ချွတ်လျှော်ပြီး ဝတ်ထား၏။

ထိုဝတ်ဆင်မှုကပင် မြင့်သောသူ့အရပ်နှင့် ပြည့်တင်းသော သူ့ခန္ဓာကိုယ်အချိုးအဆက်ကို ဒေါင်ကျကျ ထင်ပေါ်နေသည်မှာ တကယ်ပင် ကြည့်ကောင်းပါသည်။

အထူးခြားဆုံးက သူ့မျက်ဝန်းပင်။

စိုရွှန်းသောသူ့မျက်ဝန်းမှာ ရီဝေဝေအသွင်နောက်တွင် စူးရှဆွဲညို့လျက်။

ထိုးထွက်စ နှုတ်ခမ်းမွေးနှင့် ပါးမြိုင်မွေးတို့မှာ စိမ်းစိမ်းပြာလျက်။ ပိရိသောနှုတ်ခမ်းနှင့် မေးဖျားတစ်ဝိုက်မှာ သဘာဝဆန်ဆန်ရှိနေသည်က ယောကျ်ားပီသသောအသွင်နှင့် ကြည့်ကောင်းနေသည်။

ဒါပြင် ကျားကျားလျားလျားရှိသော ''သူ''ဟာ ကိုရီးယားမင်းသားဆန်စွာ ကြွရွမွှေးမြအောင် ပြင်ဆင်တတ်သော ''ခေတ်ရှေ့'' ဆိုတဲ့ လူရွယ်နှင့် တခြားစီဖြစ်လျက်။

ထူးခြားထင်ပေါ်နေကြောင်း ပန်းရောင်စုံမျက်ဝန်းမှာ ခွဲခွဲခြားခြား၊ ကွဲပြားစွာ မြင်ရလေသည်။





ရုပ်ရည်နှင့်အသွင်သဏ္ဌာန်သာမက စကားပြောဟန်ဆိုဟန်ပါလည်း သူမသူငယ်ချင်း ''ခေတ်ရှေ့'' လို ချိုအီအီမဟုတ်။

ယောကျ်ားဆန်သော၊ တည်ငြိမ်ရင့်ကျက်သော၊ ခိုင်မာပြတ်သားသော လေးနက်ဟန်တို့ဖြင့် ခန့်ခန့်ညားညား ရှိလှသည်။

ပြောတဲ့စကားလုံးကအစ အပိုအလိုမရှိ တိကျစွာ တုံ့ပြန်ပြောဆိုတတ်ကြောင်း ဖုန်းပြောနေသော သူ့စကားသံတွေက သက်သေထူနေသည်။

''ပြဿနာဆိုတာ ဖြေရှင်းဖို့ကွ၊ ဒေါသဆူဆူနဲ့ တုံ့ပြန်ဖို့ မဟုတ်ဘူး၊ မလိုအပ်ဘဲ အောက်ကျခံဖို့လည်း မလိုဘူး။ ငါသိတယ်၊ အရေးကြီးဆုံးက မင်းစိတ် တည်ငြိမ်ဖို့ လိုတယ်ကွ။ ငါပြောတဲ့အတိုင်း မင်းစိတ်ငြိမ်အောင် ကြိုးစား၊ ငါ လာခဲ့မယ်၊ ဒါပဲ သူငယ်ချင်း''

သူမနှင့် မလှမ်းမကမ်း ဘေးတစောင်းအနေအထားဖြင့် ဖုန်းပြောပြီးသည်နှင့် သူ့ကားဆီ ပြန်လှည့်လျှင် –

''ဒီမှာ တစ်ဆိတ်လောက် ကူပါလား''

ပန်းရောင်စုံ ပြော၏။

ထိုအခါ သူမကို တစ်ချက်စိုက်ကြည့်၏။ ပြီးတော့ ရပ်ထားသော သူမ၏ကားကို စူးစမ်းသယောင်ရှုရင်း မျက်ခုံးနှစ်ဖက် ပင့်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စိုရွှန်းသော ရီဝေဝေ သူ့မျက်ဝန်းက လင်းလဲ့သွားလေ၏။

ထို့နောက် မျက်မှောင်တစ်ချက်ကုတ်ပြီး တုံးတိတိဆိုလေသည်။

"Sorry" တဲ့။

"ဟင်"

ပန်းရောင်စုံမျက်နှာလေး ရှက်သွေးဖြင့် ရဲရဲစိုကာ။ အံ့ဩသလိုလည်း ဖြစ်၏။ ခံပြင်းစိတ်နှင့်လည်း မျက်ဝန်းမှာ အရောင်တောက်သွား၏။

"ရှင်"

ရွှေညိုရောင်ဆေးခြယ်ထားသောနှုတ်ခမ်းကို သူမ ဖိကိုက်၍ မဆုံးသေးပါ။ သူ့ကားပေါ် သူ လှွားခနဲတက်၏။

ပြီးတော့ လျှာခနဲ မောင်းထွက်သွားလျှင် ပန်းရောင်စုံ လက်သီး ကျစ်ကျစ်ဆုပ်မိသွားသည်။

"တောက်"

ဆောရီးလို့ ပြောလိုက်တဲ့အသံက မိန်းကလေးတစ်ယောက်ကို ကူညီဖို့ အာရုံမဝင်စားတဲ့ကောင်ပါလို့ ကြွေးကြော်သလိုမို့ ပန်းရောင်စုံ ဒေါသအမှုန်အမွှားလေးများ ထွက်ရချေသည်။

ဒီလိုမှန်းသိရင် အကူအညီမတောင်းပါဘူး။





ခုတော့ အကူအညီတောင်းမိသည့် သူမကိုယ်သူမ ပါးရိုက်ဆုံးမချင်သည်။

တကယ်။

✿

သူမ,တားတဲ့ကားတွေမရပ်တဲ့ သူတို့ရော သူတို့သွားတာလည်းအတာဝကျသည်။ အကူအညီမပေးချင်လို့ မပေးတာ။

သူမ စိတ်ဆိုးလို့ မရပါ။

ဒင်း ဆောရီးပြောသွားတာကို မခံနိုင်ဆုံးပဲ။

ခုတော့ ကြည့်လေ။

သူမတားတဲ့အတိုင်း ကားတော့ရပ်ပါရဲ့။

သူ့ကိစ္စသူ ဖုန်းစကားပြောနေလို့ သူမ အချိန်ကုန်ခံစောင့်ပေးနေသေး။

ပြီးတော့ ကူညီပါလို့ တောင်းဆိုတာကို မကူညီချင်နေပါ။ ကျွန်တော် အချိန်မရလို့ပါလို့ ပြောရင်လည်း ရသားနဲ့။

ဒင်းက "ဆောရီး"ဆိုပြီး ဥပေက္ခာဆန်ဆန် ပြောသွားတာ



www.burmeseclassic.com

www.burmeseclassic.com



ပန်းရောင်စုံ မခံနိုင်ဆုံး။

ဒီလိုပြောမယ်မှန်းသိရင် အကူအညီမတောင်းပါဘူး။

တကယ်။

ခုတော့ ခံလိုက်ရတာပဲ အဖတ်တင်တယ်။

သူ့ကို အကူအညီတောင်းမယ့်အစား "ခေတ်ရွှေ"ကို ဖုန်းဆက်ခေါ်လိုက်ရင် အကောင်းသား။

ခေတ်ရွှေဆို ဆယ်မိနစ်မကြာဘူး။ ဒိုင်းခနဲ ပေါက်ချလာမှာ။

ဒါပေမဲ့ ဘာကြောင့်မှန်းမသိပါ။ ခေတ်ရွှေနဲ့ မျက်နှာချင်းဆိုင်ဖို့ ပန်းရောင် စုံ စိတ်မဝင်စားလှ။

ဒါကြောင့် ခေတ်ရွှေကို ခေါ်ဖို့ သတိမရပါ။

ခေတ်ရွှေကို မခေါ်ချင်သော်လည်း ခေါ်ရတော့မည်။

ဟင့်အင်း။

ချက်ချင်း ခေါင်းယမ်းကာ ထိုအစီအစဉ်ကို ဖျက်ပစ်ပြီး သူငယ်ချင်းတွေဆီပဲ ဖုန်းဆက်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။

သူငယ်ချင်းတွေ လှောင်ချင်လှောင်ပါစေ။

ထို့ကြောင့် သူ့ကားလေး မြင်ကွင်းထဲက မပျောက်ခင် ပန်းရောင်စုံ အကြည့်လွှဲကာ။

✿ ✿ ✿



## အခန်း (၄)

"ဟော သမီး လာပြီလား"

မသာမယာဖြစ်နေသော သူမချောလေး။

ကားပေါ်မှ သုတ်ခနဲ ဆင်းလာတာမြင်သည်နှင့် ဒေါ်ခါဝသုန်ညှိခန်းနံရံမှာ ပန်းဆွဲအလှဆင်နေသောအလုပ်ကို ရပ်ပစ်လိုက်သည်။

တစ်ဆက်တည်းလည်း တူမချောအပါးသွားကာ စိုးရိမ်သံဖြင့် အမေး။

"ဘာဖြစ်လို့လဲ သမီး။ မျက်နှာလည်း မသာဘူး။ လမ်းမှာ တစ်ခုခုဖြစ်တာလား။ အန်တီ့ကို ပြောဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



“ဟွန်း ညစ်တယ် အန်တီခါရဲ့၊ သိပ်စိတ်ညစ်တာပဲ အန်တီခါ”

“ဘာဖြစ်လို့လဲ သမီး”

“ပြောချင်တော့ပါဘူး အန်တီခါရယ်”

တူမချောက နှာခေါင်းလုံးလုံးလေးကို ရှုံ့တွတွပြုရင်းပြောကာ အပေါ်ထပ်သို့ တက်သွားချေသည်။

ဒေါ်ခါဝသုန် သက်မလေးချရင်း တူမချောကို စာနာခြင်းကြီး စွာ ငေးကြည့်မိသည်။

တူမချောဘဝကလည်း ကရုဏာသက်စရာ။

မွေးချင်းမောင်နှမက မရှိ။

အားကိုးတွယ်တာရသော မိခင်ဒေါ်မေဝသုန်က အရိုးကင်ဆာ နှင့် ဆုံးပါးသွားလေသည်။

မိခင်ဆုံးသွားတော့ ဖခင်ဖြစ်သူ ပြန်ခေါ်လေပြီ။

ဖခင်နဲ့အတူ အင်္ဂလန်မှာနေဖို့။

တူမချောက အင်္ဂလန်ကို လိုက်မသွားချင်။ အမျိုးအဆွေရှိ သော မြန်မာပြည်မှာပဲ အသက်ထက်ဆုံး နေလိုသည်။

ဒါကို ဖခင်ဖြစ်သူ လက်မခံနိုင်ပေ။

ဖခင်လုပ်သူကလည်း မြန်မာပြည်မှာနေထိုင်ဖို့ အခြေအနေ မပေး။





အစ်မဖြစ်သူ မေဝသုန် မကွယ်လွန်ခင်ကတည်းက တတွတ် တွတ် ပြောသွားသည့်စကားဆိုစကား။

“သမီး မာမီဆုံးပါးသွားတဲ့နောက်ပိုင်း သမီးက သမီးဒယ်ဒီ အုပ်ထိန်းမှုအောက်မှာ နေပါကွယ်၊ သမီးဒယ်ဒီဆီ လိုက်နေပါ သမီးရယ် နော်။ သမီးဒယ်ဒီက မာမီနဲ့သမီးကို ချစ်လွန်းလို့ အခွင့်အရေးတွေ များကြီးပေးထားတာလေ၊ မာမီမရှိတဲ့နောက် သမီးဒယ်ဒီရဲ့အရိပ် အောက်မှာ လုံလုံခြုံခြုံနေပါ သမီးရယ်၊ သမီးဒယ်ဒီ စိမ်သမျှ နာခံပါ နော်၊ သမီးဒယ်ဒီရင်ခွင်ရိပ်မှာ သမီးလေး ခိုလှုံပါမှ မာမီ အသေဖြောင့် မယ် သမီးရယ်၊ သမီး သမီးဒယ်ဒီနဲ့ လိုက်နေမယ်မဟုတ်လား။ ပြောပါ သမီးရယ်”

မမမေဝသုန်၏ ပြင်းပြသောဆန္ဒကို တူမချောကလေး မယယ်ရှား

“မာမို့ဆန္ဒအတိုင်း ဒယ်ဒီနဲ့ သမီး လိုက်သွားပါ့မယ်၊ အဲ့ဒီ နောက် မာမီသောကရောက်မနေပါနဲ့ မာမီရယ်၊ နော်”

သမီးနဲ့မိခင်ကြားမှာ ဒေါ်ခါဝသုန် ရင်နင့်ခဲ့ရသည်။ သမီးက ညိတ်လက်ခံလိုက်မှ မမမေဝသုန် သမီးဖြစ်သူအတွက် စိတ်ချ ဖြစ်ကား။

မကြာခင် ကွယ်လွန်သွားရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



မမကွယ်လွန်ပြီးကတည်းက တူမလေးစိတ်က ညှိုးညှိုးငယ် ငယ်။ သူမဒယ်ဒီနဲ့ ဖုန်းစကားပြောပြီးရင် တူမလေး ပို၍မကြည်သာ

မမဆုံးထားခါစမို့ ခဲအိုကို ပြောထားရသည်။ သမီးစိတ်တည် ငြိမ်တဲ့အထိ "ခါ"တို့နဲ့ နေပါစေလို့။

ခဲအို ချက်ချင်းပြန်ခေါ်ချင်ပေမယ့် "ခါ့"စကားအတိုင်း တူ ချော ကို "ခါ"တို့မိသားစုနှင့် နေခွင့်ပြုထားခြင်းရယ်။

သမီးစိတ်မလေရအောင် သမီးစိတ်သမီးသဘောအတိုင်း လွှ လပ်စွာ နေခွင့်ပေးကာ။

သူငယ်ချင်းတွေနဲ့ ဟိုဟိုဒီဒီသွားလာပြီး ပျော်သလိုနေပါ သ ရယ်လို့။

သမီးကလည်း လိမ္မာရှာပါသည်။

ခါပြောတဲ့အတိုင်း ဖြစ်လာသမျှကို ရင်ဆိုင်နိုင်ဖို့ စိတ် လက်ပျောက် သူငယ်ချင်းများနှင့် သွားလာလျက်။

ဒီနေ့မှ ဘာဖြစ်သည်မသိပါ။

ထွက်သွားပြီး နာရီဝက်ပင်မကြာ။ မျက်နှာမသာမယာနှင့် ရောက်လာသည်။

မေးတော့လည်း မဖြေ။

ဘာညစ်စရာရှိလဲ သမီးရယ်။



သမီး စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ ဒေါ်ခါဝသုန် အတင်း အကျပ်မမေးပါ။

သမီးပြောပြမယ့်အချိန်ကို စောင့်စားရင်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

လတ်ဆတ်သောနေ့တစ်နေ့ သစ်ပြန်ပြီ။

သို့သော် ပန်းရောင်စုံစိတ်က အသစ်စက်စက်ဖြစ်ကာ လတ်ဆတ်မနေ။

ရင်ထဲမှာ တစ်မျိုးဖြစ်ကာ ညည်းညည်းညူညူနှင့် နေရထိုင်ရတာ အဆင်မပြေလှ။

ဒါ ဘာကြောင့်လဲ။

Sorry လို့။

သူပြောသွားတဲ့ စကားတစ်ခွန်းကြောင့်လား။ ထိုစကားတစ်ခွန်း





ဟာ သူမစိတ်ကို ခုချိန်ထိ မကြည်မသာဖြစ်နေစေသည့်စွမ်းအားတို့ ရှိနေတာလား။

ဖြစ်နိုင်မည်ထင်ရသည်။

သူ့အသံက သူမနားစည်မှာ ခုချိန်ထိ ကော်နှင့်ကပ်ထားသလို တစ်ကပ်ငြိငြိဖြစ်လျက်။

ထိုအတွေးက သူမစိတ်ကို ပို၍ညစ်စေသည်။

တော်ပါပြီ ရှင်ရယ်။ အဲဒီဖြစ်စဉ်ကို မစဉ်းစားတော့ပါဘူး။

အာရုံအပြောင်းအလဲဖြစ်စေဖို့ ပန်းရောင်စုံ ဝေါ်ခ်နေရာမှ ထကာ အားကစားဝတ်စုံလဲ၏။

စိတ်ညစ်ညူးတာတွေ လွင့်ပါစေဖို့ အားကစားခန်းထဲ ဝင်ကာ အားကစားပစ္စည်းတွေနှင့် ကစားနေလိုက်သည်။

ကိုယ်လက်လှုပ်ရှားမှုနှင့်အတူ မြူးကြွနေသော ဂီတသံမှာ သူမစိတ်ကို အထိုက်အလျောက် ပြေလျော့စေသလားပဲ။

ဂီတသံနှင့်အပြိုင် လေ့ကျင့်ခန်းလုပ်နေရတာ ပိုပြီး စိတ်ပါထက်ပါရှိလာသည်။ ထိုစဉ် –

“သမီး”

ခေါ်သံနှင့်အတူ အားကစားခန်း ကျွန်းတံခါးကို တွန်းဖွင့်ဝင်လာသော အန်တီခါ။



www.burmeseclassic.com

www.burmeseclassic.com



သူမ အလေးမ,ကစားနေတာကို မရပ်နားဘဲ –

"ပြောလေ အန်တီခါ"

"သမီးက အားကစားခန်းထဲရောက်နေတာကို။ အန်တီခါက နားနေခန်းမှာ သွားကြည့်သေးတယ်၊ နားနေခန်းမှာ မရှိလို့ ဒီဘက်ခန်း ကူးလာတာ၊ အန်တီခါ ထင်တဲ့အတိုင်းပဲ"

"ဟုတ်တယ် အန်တီခါရဲ့၊ အာရုံအပြောင်းအလဲဖြစ်ရအောင် လို့"

"ကောင်းတာပေါ့ သမီးရယ်၊ ဒါနဲ့ သမီး"

"ရှင် အန်တီခါ"

အလေးပိုင်းမ,ကစားရာမှ ပန်းရောင်စုံ ခေတ္တရပ်ဆိုင်းလိုက်ပြီး အန်တီခါဘက် လေးလေးစားစား လှည့်သည်။

အန်တီခါက တူမချော၏အမူအရာအတွက် ကျေနပ်စွာ ပြုံး လေပြီ။

"ခေတ်ရွှေ့ ရောက်နေတယ် သမီးရဲ့၊ ဧည့်ခန်းထဲမှာ စောင့်နေ လေရဲ့"

"ဟွန်း"

သူမ ချက်ချင်း နှုတ်ခမ်းစူလျှင် –

"ဘာလဲ၊ ခေတ်ရွှေ့နဲ့ မတွေ့ချင်ဘူးလား"





"ဟုတ်တယ် အန်တီခါရဲ့"

"သမီးသဘောလေ၊ အန်တီခါ ကြည့်ကောင်းအောင် ပြော ပြလိုက်မယ်၊ သမီး ဆက်ကစားနေလိုက်"

"ဟုတ်"

အလိုက်သိသော အန်တီခါကြောင့် ပန်းရောင်စုံ ရွှင်လန်းသွား သည်။ အန်တီခါက တူမချောကို ချစ်မဝနိုင်စွာ ပြုံးကြည့်ပြီး အခန်းထဲမှ ထွက်သွားသည်။

ပန်းရောင်စုံပန်းလေး စုံပင့်ကာ စက်ဘီးလိုနင်းရသော အား ကစားစက်ပေါ်ထိုင်လျက်။

စက်ဘီးနင်းကာ ပေါင်တံလေ့ကျင့်ခန်း လုပ်နေလိုက်သည်။

ခေတ်ရွှေ့က ကိုရီးယားမင်းသားနှယ် ကြော့မော့နေသူ။ သူက ခေတ်ရွှေ့နဲ့ဆန့်ကျင်ကာ သဘာဝဆန်ဆန် ကျားကျားလျားလျား မဟုတ်

အဲဒါသာ ကြည့်။

မဆီမဆိုင် သူ့ကိုမြင်နေတာမို့ ကမန်းကတန်း သူ့ပုံရိပ်ကို ဖျောက်လိုက်ရသည်။

ခေတ်ရွှေ့ခမျာ အန်တီခါပြောတဲ့အတိုင်း သူမနဲ့တွေ့ခွင့်မရဘဲ ပြန်သွားမှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကောင်းတယ်။

ပန်းရောင်စုံ ယောက်ျားတွေကို စိတ်ဝင်စားဖို့ အာရုံမလာ
သူမစိတ်နှင့်သူမ ပျော်သလို နေခွင့်ရချင်သေးသည်။

ထိုအတွေးနှင့်အတူ စက်ဘီးနင်းကောင်းဆဲ။

အတန်ကြာလျှင် ဆူညံဆူညံနှင့် သူငယ်ချင်းတွေ တက်လာ
သည့်အသံ ကြားရ၏။ ထို့နောက် အားကစားခန်းထဲ တန်းဝင်လာပြီး

"အမယ် မိန်းမ body လေ့ကျင့်ခန်းလုပ်လို့ပါလား"

"လုပ်တယ်လေ၊ ဘာဖြစ်လဲ"

"သိဘူးလေ၊ သွန်းတို့ကို စိတ်ဆိုးနေလားလို့"

"ဘာရယ်"

"စိတ်ဆိုးနေလားလို့၊ ညက ဖုန်းဆက်တာ ရှင် မကိုင်
မဟုတ်လား၊ အဲဒါ စိတ်ဆိုးနေလို့ မဟုတ်လား"

"အမယ် ဘာစိတ်ဆိုးစရာရှိလဲ"

"မနေ့က ရှင့်ကားပျက်နေလို့ ဖုန်းလှမ်းဆက်တာလေ"

"အေးလေ၊ ရှင်တို့အသိ mechanic ကို လွှတ်ပေးလို့ ပြေ
တာ"

"အဲဒါပေါ့၊ သွန်းက သွန်းတို့အသိဝပ်ရှော့က ကိုခင်မော
အေးကို ဖုန်းဆက်ပြောလိုက်တယ်၊ ကိုခင်မောင်အေးက သူ့တပည့်





လွှတ်ပေးမယ်တဲ့၊ သွန်းလည်း စိတ်ချလက်ချဖြစ်သွားတာပေါ့၊ ကိုခင်
မောင်အေး ညက ဖုန်းဆက်ပြောတယ်၊ သူ့တပည့်သွားတာ နောက်ကျ
သွားလားမသိဘူး၊ သွန်းသူငယ်ချင်းရော ကားရော မတွေ့ရဘူးတဲ့"

"ဟင်"

ပန်းရောင်စုံ စက်ဘီးနင်းနေရာမှ ရပ်တန့်သွား၏။ မျက်ဝန်း
သည်း ဝိုင်းကာ –

"ဒါ ဒါဆို"

ပန်းရောင်စုံ စကားလေးဆက်မထွက်နိုင်တော့ပါ။ ပန်းရောင်
စုံ သွန်းကို ဖုန်းဆက်ပြီး mechanic လွှတ်လိုက်ပါ ပြော၏။

ဆယ်မိနစ်ပင် မကြာ။ mechanic ရောက်လာပြီး သူမကား
ကို စစ်ဆေးသည်။ ဆီပိတ်သတဲ့။

ဆီမပိတ်အောင် ထိုလူရွှယ်လုပ်ပေးလို့ ကားက ပြန်ကောင်း
သွားသည်။ လက်ခပေးတာတောင် ထိုလူရွှယ်မယူ။

ပန်းရောင်စုံစိတ်ထဲမှာ သွန်းပြောထားလို့ ကူညီပြင်ဆင်ပေးခ
ဲ့တာလားပေါ့။

အခု သွန်းပြောတာတစ်မျိုး။

"ဘာလဲ ဟင်ခနဲ မျက်လုံးပြူးတာ"

ခရမ်းရင့်မေးမှ ပန်းရောင်စုံ ဆတ်ခနဲဖြစ်ကာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ဟို mechanic ရောက်လာတယ်လေ၊ ဟုတ်တယ် ရောက်လာတယ်"

"ဟဲ့ ကိုခင်မောင်အေးတပည့်က ရှင့်ကို မတွေ့ဘူးပြောတယ် လေ၊ အဲဒါနဲ့ ရှင်တော့ စိတ်ဆိုးတော့မှာပဲလို့၊ ရှင် စိတ်မဆိုးဘူးပြော တော့ သွန်း အသက်ရှူချောင်သွားတယ်၊ ဒါနဲ့ ရှင့်ကား ဘယ်လိုပြ ကောင်းသွားလဲ၊ ဒါမှမဟုတ် ကိုခင်မောင်အေးတပည့် ရောက်မလာ တစ်ယောက်ယောက်ကို ကူညီခိုင်းလိုက်လို့ ကောင်းသွားတာလား"

"ဟင့်အင်း"

ပန်းရောင်စုံ ခေါင်းယမ်းပြီး mechanic ရောက်လာတဲ့ ကြောင်း ပြောပြလိုက်တော့ သူငယ်ချင်းတွေလည်း မျက်လုံးဝိုင်းသွား

"ဒါ ဒါဆို ရောက်လာတဲ့ mechanic က ဘယ်သူလဲ"

"သိဘူးလေ၊ ပိုက်ဆံပေးတာတောင် ယူမသွားဘူး"

"အင်း၊ ကေန္ဒ သိကြားမှုင်း လွှတ်လိုက်တဲ့ mechanic ဖြ ရမယ်"

"မဟုတ်တာဟယ်"

"ဒါဆိုတော့ ရဲဝံ့သူဖြစ်မယ်"

"ဘာရယ်"

"ရှင်ပြောဖူးတယ်မဟုတ်လား၊ ရဲဝံ့သူဆိုတဲ့နာမည်က ကား





နှောင်နာမည်လိုလို ဆိုတာလေ"

"ဘာဆိုင်လဲ"

"သိဘူးလေ"

"သိဘူးလေ သူငယ်ချင်းရဲ့၊ ရှင့်ကားပျက်တုန်း mechanic ရောက်လာပြီး ပြင်ပေးတယ်ဆိုတော့၊ သေချာတာက ကိုခင်မောင်အေး တပည့် မဟုတ်ဘူးလေ"

"အေးနော် အံ့ဩစရာကြီး"

တိတ်ဆိတ်စွာနားဆင်နေသော စုရဝီက မှတ်ချက်ပေးသလို ဆိုပြောဏ်။

ထိုမှတ်ချက်ကို ပန်းရောင်စုံတို့အားလုံး ခေါင်းလေးတွေ ကိုယ်စီ ညိတ်၍ ထောက်ခံလေသည်။

"ဟုတ်တယ်၊ အံ့ဩဖို့ကောင်းတယ်"

ချွေးတွေစို့နေသောခန္ဓာကိုယ်ကို မွေးပွပဝါနှင့်တို့ထိပွတ်သုတ် ရင်း ပန်းရောင်စုံ ဆိုဖြစ်၏။

"အင်း တစ်ခုခုတော့ တစ်ခုခုပဲ"

"ဘာလဲဟ တစ်ခုခုဆိုတာ"

"ရဲဝံ့သူပဟောဒီ"

ခရမ်းရင့်ပြောလျှင် ပန်းရောင်စုံမျက်နှာလေး ရဲသွား၏။ ထို့ပြင်



www.burmeseclassic.com

www.burmeseclassic.com



အာရုံမှာလည်း ရှုပ်ထွေးလျက်။

မဆီမဆိုင်ရယ်။

ရဲဝံ့သူဆိုတဲ့ နာမည်တစ်ခုက သူမတို့သူငယ်ချင်းတွေကြားမှာ ငြီးတီးတီးဖြစ်နေတာ ခက်ရချေပြီ။ ထိုနာမည်သာမက သူမကားကို လာကြည့်သော mechanic ကလည်း ပဟေဠိဆန်စွာ။

"တော်ပြီဟာ၊ ပင်ပန်းတာနဲ့ ခေါင်းရှုပ်တာပါ ရောထွေးကုန်ပြီ"

"အဲဒါဆိုလည်း နားတော်မူပါ မဖုရားလေးရယ်၊ ကျုပ်တို့တစ်တွေ အန်တီခေါ်လက်ရာတွေ သွားမြည်းနေလိုက်မယ်"

"မြည်းပေါ့ဟာ၊ စာဖလုံးတွေ"

"မြည်းမယ်၊ လာ သွန်းနဲ့ခရမ်း"

စုရတီ အားတက်သရောပြောရင်း သွန်းသွန်းနှင့်ခရမ်းရင့်ကို ဆွဲခေါ်သွား၏။

ထိုနှစ်ယောက်ကလည်း မငြင်းရှာ။ ဖဝါးခြေထပ် ပါသွားလေသည်။ သူငယ်ချင်းခြေသံတွေနောက် ပန်းရောင်စုံ နှုတ်ခမ်းလေးမဲ့ကြည့်ကာ။

သူငယ်ချင်းတို့ခြေလှမ်း အောက်ထပ်ရောက်သွားခါမှ ပန်းရောင်စုံ ဆိုဖာရှည်ပေါ် ခြေဆင်းထိုင်ချကာ အနားယူလေသည်။





ထို့ပြင် သူမကားဆီရောက်လာသော mechanic က ဘယ်သူလဲ။

ဘယ်သူက သူမ လိုအပ်နေသော mechanic ကို စေလွှတ်ရသလဲ။

ထိုမေးခွန်းလေး တဝဲဝဲလည်လည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"လာ၊ လာ သမီး"

ထမင်းစားခန်းဝရောက်လာသော တူမချောကို ဒေါ်ခါ့ဝသုန် လှိုက်လှိုက်လှဲလှဲ ခေါ်လေသည်။ အန့်တီခါခေါ်သံကြောင့် ခေါင်းငုံ့ပြီး အန့်တီခါလက်ရာဆီထမင်းကို မြိန်ရေရှက်ရေစားနေကြသော သူငယ်ချင်းတွေ ခေါင်းထောင်ကြည့်သည်။

အစားငမ်းနေကြသော သူငယ်ချင်းတွေကို ပန်းရောင်စုံ မျက်စောင်းလှလှထိုး၏။

"ကြည့်ပါလား။ စားနေကြတာ၊ စားပါဟဲ့လို့ခေါ်ဖို့ ပါးစပ်ပေါင်





မအားရှာကြဘူး"

"အဟင့်"

ခရမ်းရင့်တို့ ပလုတ်ပလောင်းစားရင်း ရယ်ပြလျှင် သီးကုန်သည်။

"ဟဲ့ ဖြည်းဖြည်းစားလေ၊ စားပိုးနင့်ပြီး သေနေဦးမယ်"

ပန်းရောင်စုံ ထိုင်ခုံလွတ်မှာ ဝင်ထိုင်ရင်း ပြော၏။ သူငယ်ချင်းတွေ ရေနွေးကြမ်းသောက်သူသောက်၊ ကော်ဖီသောက်သူသောက်နှင့်။

အန့်တီခါကတော့ ကြည်နူးစွာပြုံးလျက်။ သူမအတွက် ပုစွန်ခြောက်၊ ကြက်သွန်နီအကြွပ်ကြော်၊ အုန်းသီးနိုင်းချင်းနှင့် ဆီထမင်းပူပူနွေးနွေးပန်းကန်ကို ရှေ့တွင်ချပေးသည်။

ပြီးတော့ သူမအကြိုက် ကော်ဖီခါးခါးတစ်ခွက်ဖျော်ကာ။

"ရှင်ကလည်း ပြောဖို့ချည်းပဲ"

"ပြောမှာပေါ့၊ ရှင်တို့စားနေတာ စစ်ပြေးဒုက္ခနဲ့ အငတ်ဘေးဆိုက်နေတဲ့သူတွေလိုပဲ"

"စုံကလည်း အကြောင်းသိရဲ့နဲ့ ပြောရှာမယ်၊ တကတည်း"

သွန်းသွန်း ရေနွေးကြမ်းသောက်ပြီး ရင်ဘတ်ဖိကာ ဆိုသည်။ ပန်းရောင်စုံ မျက်ခုံးလေးပင့်ကာ ပြုံးနေလိုက်သည်။

"ဟုတ်သားပဲ"



www.burmeseclassic.com

www.burmeseclassic.com



စုရတီက ရယ်ပြောပြောသည်။

"အန်တီခါလက်ရာက ကောင်းတာကိုး"

"အေးပါကွယ်၊ အန်တီခါလက်ရာကောင်းတာ သမီးတို့ စားချင်စိတ် ဖြစ်နေချိန်မို့ ပိုကောင်းနေတာပါ"

အန်တီခါက သူငယ်ချင်းတွေ ပျော်ရွှင်စွာ စကားနိုင်လုကြတာကို သဘောကျလျက် ဝင်ပြောသည်။

"ဟုတ်သားပဲနော်"

သွန်းသွန်းက ဆီထမင်းတစ်ဇွန်း ခပ်စားရင်း ဆိုသည်။ စုံစုံလည်း အဦးဆုံးတစ်ဇွန်း ခပ်စားရင်း ခေါင်းညိတ်ထောက်ခံလိုက်သည်။

စိတ်ရှုပ်နေတာတွေ ရှင်းသွားအောင် လှေကျှင့်ခန်းဖိလုပ်လိုက်တော့ စိတ်ရှင်းသလိုဖြစ်၏။

သို့သော် ဗိုက်ဆာလာသည်။ ဆာလောင်သည်နှင့် အနားယူနေရာမှထပြီး ရေမိုးချိုးပြီး ထမင်းစားခန်းထဲ တန်းဝင်လာခြင်း။

သူငယ်ချင်းတွေ အားရပါးရစားနေတာမြင်တော့ ပိုဆာသည်။

ဆာလောင်စိတ်နဲ့ စားလိုက်တော့ အရသာက ပိုတွေ့နေသလို ဆီထမင်းဝါဝါက ခံတွင်းထဲမှာ စိမ့်လှသည်။

"အန်တီခါ ပြောလိုက်ဦး စုံကို"

ခရမ်းရင့်က ဗိုက်ကယ်သွားပြီမို့ စားလက်စသတ်ရင်း ဆိုသည်။





"ဘာပြောဖို့လဲ အန်တီခါ"

ပန်းရောင်စုံ သိလိုလှစွာမေးလျှင် ဒေါ်ခါဝသုန် တူမချောသော ထိုင်ခုံလွတ်မှာ ဝင်ထိုင်၏။

သိချင်နေသော တူမချောမျက်နှာလေးကို စိုက်ကြည့်၏။

"သမီးစိတ်တွေ ရှုပ်ထွေးနေတယ်မဟုတ်လား"

အန်တီခါမေးတာကို ပန်းရောင်စုံ ချက်ချင်းမဖြေ။ ဆီထမင်းပန်းကန်ကို စိုက်ကြည့်ပြီး ငြိမ်သက်နေသည်မှာ ဟုတ်တယ်လို့ ဆိုနေသယောင်။

"အန်တီခါ နားလည်ပါတယ် သမီးရယ်၊ သမီးဒယ်ဒီဆီ သမီးလိုက်သွားရမယ်ဆိုကတည်းက သမီးစိတ်မှာ မကြည်မသာဖြစ်နေတယ်၊ ပြီးတော့ အလိုမကျသလိုလို ဘာလိုလိုနဲ့ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေတယ်ဆိုတာ"

ပန်းရောင်စုံ သက်မဖျော့ဖျော့ချ၏။

"ဒယ်ဒီ့ဆီရောက်ရင် စုံစုံတစ်ယောက်တည်း ဘယ်လောက်အထီးကျန်ဆန်မလဲ၊ ဒယ်ဒီက ဒယ်ဒီ့အလုပ်တွေနဲ့ ဒယ်ဒီ လုံးနေမှာလေ၊ ဒယ်ဒီ့ဘက်က ဆွေမျိုးတွေနဲ့လည်း စုံစုံ စိမ်းသက်နေတာဆိုတော့"

"ဟုတ်ပါတယ် သမီးရယ်၊ ဒါတွေ တွေးမိလို့ အန်တီခါက သမီးဒယ်ဒီဆီမှာ ခွင့်တောင်းထားတာပေါ့၊ သမီးဒယ်ဒီကလည်း လော



www.burmeseclassic.com

www.burmeseclassic.com



လောလတ်လတ်မှို ခွင့်ပြုထားတာ၊ သမီးဒယ်ဒီ ခွင့်ပြုထားတဲ့အတော အတွင်း သမီး စိတ်ရှုပ်ထွေးနောက်ကျိနေတာမျိုး မဖြစ်စေချင်ဘူး၊ ဒါ ကြောင့် သွန်းသွန်းတို့ အကြံပေးတယ်လေ၊ စိတ်ရှုပ်တာတွေ, စိတ်မ ကြည်တာတွေ ပြေပျောက်သွားအောင် ခရီးလေးဘာလေး ထွက်ပါလား တဲ့၊ သွန်းအကြံပေးတာကို အန်တီခါလည်း သဘောကျတယ်၊ ခရီးထွက် လိုက်တော့ ပတ်ဝန်းကျင်အသစ်, မြင်ကွင်းအသစ်တွေကြားမှာ သမီးစိတ် လန်းဆန်းလာမယ်လေ''

''ခရီးထွက်ဖို့''

ပန်းရောင်စုံ တိုးတိုးလေးရွတ်မိ၏။

''ဟုတ်တယ်''

သူငယ်ချင်းတွေပါ အားပေးသလို ခေါင်းညိတ်၏။ အန်တီခါက ခေါင်းအသာဆတ်၍ ဆက်ပြောသည်။

''ဟုတ်တယ် သမီးရဲ့၊ စိတ်အာရုံပြောင်းလဲစေဖို့ အကောင်း ဆုံးနည်းလမ်းက ခရီးထွက်ခြင်းပဲ၊ ခရီးထွက်တဲ့နေရာမှာ ကိုယ်မရောက် ဖူးသေးတဲ့နေရာဒေသအသစ်ဆီ ခရီးထွက်ခြင်းက ပိုပြီးကောင်းတယ် သမီးရဲ့''

အန်တီခါပြောစကားနောက်မှ ပန်းရောင်စုံစိတ်မှာ သဘော တွေ့သလိုလို ဖြစ်လာသည်။





ခရီးထွက်ခြင်းက အာရုံအပြောင်းအလဲဖြစ်စေဖို့ အကောင်းဆုံး နည်းလမ်းတစ်သွယ်ရယ်။

ထိုနည်းလမ်းအတိုင်း တစ်ခါမှမရောက်ဖူးတဲ့ နေရာဒေသက ပိုကောင်းသည်။

နေရာဒေသအသစ်ဆိုတော့ ပတ်ဝန်းကျင်အသစ်၊ နေရာဒေသ အသစ်၊ ခံစားမှုအသစ်။

ထိုထိုသောအသစ်များ မြင်တွေ့ခံစားရရင် သူမစိတ်ထဲက နောက်ကျိမှုတွေ၊ မကြည်သာမှုတွေ လွင့်ပါးတန်ကောင်းပါရဲ့ဟု တွေးမိ သည်။

''မရောက်ဖူးသေးတဲ့နေရာအသစ်''

''ဟုတ်တယ် စုံစုံရဲ့၊ မြန်မာတစ်နိုင်ငံလုံးမှာ စုံစုံ မရောက်ဖူးတဲ့ ...အတော်များများ ရှိတယ်မဟုတ်လား''

ဒီတစ်ခါ ခရမ်းရင့် ပြောရင်း မေး၏။

''အင်း''

ပန်းရောင်စုံ ခေါင်းညိတ်လျှင်

''စုံစုံမရောက်ဖူးတဲ့ တစ်မြို့မြို့ကို သွားလည်ကြမယ်လေ''

''ဘယ်မြို့လဲ''

''အေး၊ အဲဒီအတွက် မဲလိပ်နှိုက်ပြီး ရွေးမယ်၊ မဲပေါ်တဲ့မြို့



www.burmeseclassic.com

www.burmeseclassic.com



သွားကြတာပေါ့''

''ဟုတ်သားနော်''

ပန်းရောင်စုံ သဘောကျသွား၏။ အထူးသဖြင့် မဲလိပ်နှိုက် မဲပေါက်တဲ့မြို့ကို သွားတာက ဗီလင်ရှိလှမည်။

ပန်းရောင်စုံ ထိုသို့တွေးမိကာ ခေါင်းလေးညိတ်လျက်။ ထို အန်တီခါနှင့်အတူ သူငယ်ချင်းအားလုံး စိတ်အားတက်လေသည်။

''သိတယ်လေ၊ သွန်းက အဲဒါကို ကြိုသိတယ်၊ ဒါကြောင့် စုံစုံမရောက်ဖူးသေးတဲ့ မြို့နယ်အားလုံးကို မဲလိပ်လုပ်ထားပြီးသား''

သွန်းသွန်းက ပြောရင်းဆိုရင်း မဲလိပ်အသင့်ထည့်ထားသော ဖန်ဘူးလေးကို သူမတို့လက်ဆွဲအိတ်တွေနှင့်အတူ တင်ထားသော ထ သောနားနေခန်း စားပွဲပေါ်မှ သွားယူလာသည်။

''ရော့၊ စုံစုံကိုယ်တိုင် နှိုက်''

မဲလိပ်ငါးဆယ်မက ထည့်ထားသော ဖန်ဘူးလေးကို အ ပြီး သူမ,ရှေ့ချပေး၏။

ထိုအခါ ပန်းရောင်စုံစိတ်မှာ မြူးသလိုဖြစ်၏။

သူငယ်ချင်းအားလုံး မျက်နှာပေါ်မှာ ထက်သန်သောစိတ် ရွှင်ရွှင်မြူးနေသလို အန်တီခါကလည်း ပြုံးရွှင်စွာ မေးဆတ်၍ မဲ နှိုက်ပြီး ရွေးလေဟုဆိုသည်။



''အင်း''

ပန်းရောင်စုံ သဘောတွေ့သွား၏။

ဟုတ်သားပဲ။ မဲလိပ်နှိုက်ရွေးချယ်တာက ရှင်လန်းစရာလည်း ကောင်း၏။ ထို့ကြောင့် အရွယ်တူ မဲလိပ်ဖြူဖြူလေးများကို မွှေနှောက် ပြီး မျက်လုံးစုံမှိတ်ကာ မဲလိပ်တစ်လိပ် ရွေးချယ်လိုက်သည်။

''ပေး ဒီကို''

လက်သွက်သော ခရမ်းရင့်က သူမလက်ထဲမှ မဲလိပ်ကို ဖျတ် ခနဲ ဆွဲယူသည်။

အားလုံးသောမျက်ဝန်းတွေက ခရမ်းရင့်လက်ထဲရှိ သူမ ကျထားသော မဲလိပ်ဆီမှာ။ သူမလည်း မဲလိပ်ကို မျက်ဝန်းတောက် တောက်ကလေးနှင့် စိုက်ကြည့်ရင်း။

ဘယ်မြို့ဖြစ်မလဲ။

ရင်ခုန်စွာ စောင့်စားနေမိသည်။ ခရမ်းရင့်ကလည်း စိတ်ဝင် စားသွန်းလို့ ရင်ခုန်မြူးကာ။

မဲလိပ်လေးကို ဖြည်းဖြည်းလေး ဖွင့်ကြည့်၏။ ပြီးတော့ မျက်နှာ ဝင်းခနဲဖြစ်ကာ ခွန်အားပြည့်ကြော်ငြာလေသည်။

''မြန်မာနိုင်ငံ၏တတိယမြို့တော်''တဲ့။

''ဟင်၊ မြန်မာနိုင်ငံရဲ့တတိယမြို့တော်''



www.burmeseclassic.com

www.burmeseclassic.com



သူမ တိုးတိုးလေးရွတ်၍ စဉ်းစားလိုက်သည်။ ရုတ်တရက်မို့ မြန်မာနိုင်ငံ၏တတိယမြို့တော်ဟာ ဘယ်မြို့ဆိုတာ စုံစုံ ဒက်ခနဲ့ စဉ်းစားမရ ဖြစ်၏။

"မြန်မာနိုင်ငံရဲ့တတိယမြို့တော်ဆိုတာ မွန်ပြည်နယ်ရဲ့မြို့တော်လည်း ဖြစ်တယ်လေ"

စုရတီ ဝင်ပြောလျှင် –

"အဲဒါ မော်လမြိုင်မြို့ပေါ့"

"ဟုတ်ပ့ါ"

"ဟေး"

အန်တီခါ ပြောသံမဆုံးသေးပါ။ သူငယ်ချင်းတွေ အားရဝမ်းသာ အော်ဟစ်ကြသည်။ ပန်းရောင်စုံလည်း ဟေးခနဲ့ အော်မိသလို။

"မော်လမြိုင်" ဟု ရေရွတ်ရင်း ရင်တထိတ်ထိတ် ခုန်နေမိသည်။

မော်လမြိုင်တဲ့။

✿ ✿ ✿



## အခန်း (၄)

"စုံစုံ"

ချိုအီသောခေါ်သံနောက်မှ မွှေးရနံ့ပါ ပြေးလာသလို။ လှည့်ကြည့်ပါဘဲ 'ခေတ်ရှေ့'ဆိုတာ သိလိုက်ပြီ။

ထို့ကြောင့် သူမ ခြေလှမ်းကို ရပ်ပစ်လိုက်သည်။

သူငယ်ချင်းတွေက အလိုက်သိသိနှင့် သူမအနားမှခွာကာ ခမိုး ချော်ရင် လိုအပ်မည့်အထည်နှင့် အသုံးအဆောင်တွေ ဆက်ရွေး၏။

ပန်းရောင်စုံရှေ့သို့ ခေတ်ရှေ့ လွှားခနဲ့ ရောက်လာလျှင် –

"ဘာလဲ ခေတ်"



www.burmeseclassic.com

www.burmeseclassic.com



"စုံတို့ မော်လမြိုင်သွားမယ်ဆို"

"ဟုတ်တယ်"

"ခေတ်လည်း လိုက်မယ်"

"ဟွန်း"

ပန်းရောင်စုံ မနှစ်မြို့စွာ မျက်နှာလုလုလေး မဲ့၏။ ခေတ်ရွှေက မမှုပါ။ ရင်ခုန်မျက်ဝန်းဖြင့် စုံစုံကို စိုက်ကြည့်ပြီး –

"စုံစုံတို့ချည်းသွားမှာ ခေတ် စိတ်မချဘူး"

"အောင်မာ၊ ဘာစိတ်မချစရာရှိလဲ"

"အရေးအကြောင်းပြဿနာပေါ်လာရင်"

"ဒီမှာ လာမရှုပ်နဲ့၊ မော်လမြိုင်က အေးချမ်းတဲ့မြို့၊ ရခိုင်ပြည်နယ်မှာလို မှုခင်းတစ်ခုကို အကြောင်းပြုပြီး လူသတ်ပွဲတွေမဖြစ်ဘူး။ မိတ္ထီလာမှာလို ဘာသာရေးအဓိကရုဏ်းဖန်တီးပြီး အုပ်စုဖွဲ့ရမ်းကားတာမျိုး မရှိဘူး။ ပဲခူးတိုင်းမှာလို ဟိုရုတ်ရုတ်, ဒီရုတ်ရုတ်နဲ့ အဖျက်သမားအုပ်စုတွေ မရှိဘူး။ ဘာသာပေါင်းစုံချစ်ကြည်လို့ အေးအေးချမ်းချမ်းနေတဲ့မြို့၊ ပြဿနာဖြစ်တဲ့မြို့တွေတောင် လက်ရှိအခြေအနေအရ အေးချမ်းနေပြီ၊ မော်လမြိုင်ဆို ပိုတောင်အေးချမ်းသေးတယ်၊ ဘာအရေးအကြောင်းနဲ့ ဘာပြဿနာမှမရှိဘူး"

"ခေတ်ပြောတာက"





"မပြောနဲ့၊ အန်တီခါတောင် စိတ်ချလက်ချဖြစ်သေးတယ်"

"အန်တီခါက အန်တီခါ၊ ခေတ်က ခေတ်လေ"

"လဲသေလိုက်"

ပန်းရောင်စုံ မအောင့်နိုင်။ စိတ်ထဲရှိတဲ့အတိုင်း ပြောချလိုက်၏။ ထိုအခါ ခေတ်မျက်နှာ သိသိသာသာ ပျက်ကာ။ ခံပြင်းသွားပုံလည်း ရသည်။

"ကျွတ်၊ စုံစုံ့ဒယ်ဒီက စိတ်မချဘူး၊ ဒါ့ကြောင့်ကွ"

ဒယ်ဒီနဲ့ ကိုင်ပေါက်ပြောလာတာက ပိုင်စိုးပိုင်နင်းမို့ ပန်းရောင်စုံ ရှုံ့ရဲ့ကြည့်လိုက်ပြီး ...

"အဲဒီကိစ္စ အန်တီခါ့တာဝန်၊ ဒယ်ဒီစိတ်ချအောင် အန်တီခါ ပြောမယ်၊ ခေတ်နဲ့ မဆိုင်ဘူး"

"မဆိုင်ဘူးမပြောနဲ့လေ စုံစုံ၊ စုံနဲ့ခေတ်က"

"အိုး ဘာဖြစ်ဖြစ် ခေတ်မလိုက်နဲ့၊ စုံစုံတို့ဘာသာ လွတ်လွတ်လပ်လပ် သွားမယ်"

"သွားရင် သွားလေ၊ ခေတ်ကတော့ အန်ကယ့်ကို အကြောင်းကြားမယ်၊ ဒါပဲ"

ခေတ်ရွှေ အနိုင်ပိုင်းပြောပြီး ကျောခိုင်းသွား၏။

ပန်းရောင်စုံ မနှစ်မြို့စွာ နှုတ်ခမ်းဖိကိုက်လျက်။ မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



ခါလိုက်သည်။

ဘာကိစ္စဖြစ်ဖြစ် ဒယ်ဒီနဲ့ကိုင်ပေါက်လေ့ရှိတဲ့ ခေတ်ရှေ့စရိုး

ကို ပန်းရောင်စုံ မနှစ်သက်ပါ။

ဒယ်ဒီကလည်း ခေတ်ရှေ့ပြောသမျှ လက်ခံကာ။ ပန်းရောင်

၏လှုပ်ရှားမှုမှန်သမျှကို စောင့်ကြည့်ပြီး ဒယ်ဒီ့ဆီ အစီရင်ခံနေသော

ခေတ်ကို ပို၍မကြည်လင်ဖြစ်လာသည်။

"အဲဒီခေတ်ကတော့ ယောက်ျားတန်မဲ့ အတို့အထောင်"

အခြေအနေကိုသိနေကြသော သူငယ်ချင်းတွေ သူမနား ရော

လာကြသည်။

စုရတီက နဂိုကတည်းက အလှပြင်လွန်းသော ခေတ်ရှေ့

သဘောမတွေ့လှသူပီပီ ခုလိုကြုံတုန်း မနှစ်မြို့သလို ဆိုလာသည်။

"ဟုတ်တယ်၊ အဲဒီအတို့အထောင်ကိုပဲ ဒယ်ဒီက အမှတ်

ပေးနေတာလေ"

"ဟုတ်တယ်နော်၊ စုံစုံ့ဒယ်ဒီက အဲဒါတော့ မမိုက်ဘူး။ တကယ်

ဆို ခေတ်ရှေ့စကားထက် သမီးစကားကို အလေးထားရမှာလေ"

"ဟုတ်သားပဲ"

ခရမ်းရင့်ပြောတဲ့နောက်မှ သွန်းသွန်းက ထောက်ခံသည်။ ပန်း

ရောင်စုံက ဘာကိုမှမပျော်တော့ပါ။





"နေပါစေ၊ ဖြစ်လာသမျှ ရင်ဆိုင်ရုံပဲ၊ စုံစုံ့ဘက်က အန်တီခါ

ရှိတယ်၊ သွားမယ့်ကိစ္စ သွားမှာပဲ"

"ဒီလိုမှပေါ့ စုံစုံရဲ့"

သူငယ်ချင်းတွေက အားအင်အပြည့်။

"လာ ဝယ်စရာရှိတာ ဝယ်ရအောင်"

ပန်းရောင်စုံကို ဆွဲခေါ်ကြသည်။ ပန်းရောင်စုံလည်း အရှိန်နဲ့

ပါကာ။ ခရီးစဉ်အတွက် လိုအပ်သည့်ပစ္စည်းပစ္စယတွေ တစ်ခုမကျန်

ပျော်ပျော်ကြီး လိုက်ဝယ်ကြကာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဟဲ့ မစွည်းတွေ စုံပြီလား"

"စုံပါပြီ"

"သေချာစစ်ဦး၊ တော်ကြာ လိုနေရင် ခက်ယ်"

"ဟုတ်သားပဲ"

သူမတို့တစ်သိုက် ဝယ်ပြီးသားပစ္စည်းတွေ ပြန်စစ်ကြသည် အဝတ်အထည်မှအစ အသုံးအဆောင်အဆုံး၊ ဆေးဝါးဘာညာကအ စာရင်းနှင့်တကွ။ ဝယ်လာသောပစ္စည်းအားလုံးကို ခရီးဆောင်အိတ်ကို စီ ထည့်ကြရင်း ပန်းရောင်စုံ လွှတ်ခနဲပြောခြင်း။





"ဟဲ့ လိုနေတယ် တစ်ခု"

"ဘာများလဲ စုံစုံ"

စုရတီက အဝတ်အိတ်ကြီးကို အဝတ်အပြည့် ဖိသိပ်ထည့်ရင်း မေးသည်။

ပန်းရောင်စုံ မျက်မှောင်ကုတ်ထားလိုက်သည်။ တစ်ခုခုလိုနေ သလို ခံစားရတာကို သတိထားမိတာမို့ –

"စုံတို့သွားမှာက မော်လမြိုင်လေ"

"အဲဒါ ဘာဖြစ်လဲ စုံရဲ့"

"ဘာဖြစ်ရမလဲ ခရမ်းရဲ့၊ မော်လမြိုင်မှာ စုံတို့နဲ့ အသိအကျွမ်း ရှိ ဘာမရှိနဲ့လေ၊ ပြီးတော့ တစ်ခါမှလည်း မရောက်ဖူးတော့ စိမ်းနေ တယ် မဟုတ်လား"

"အဲဒီတော့ ဘာဖြစ်လဲ"

"ဪ၊ သွားရလာရ လွယ်ကူအောင် လမ်းညွှန်စာအုပ် တစ် အုပ်တော့ ဝယ်ရမှာပေါ့ဟ"

"မော်လမြိုင်လမ်းညွှန်လား"

ခရမ်းရင့်က တစ်ခုခုကိုကြိုသိနေဟန်ဖြင့် ပေါ့ပါးစွာ မေး သည်။ ပန်းရောင်စုံ ခေါင်းညိတ်၏။

"ဟုတ်တယ်၊ မော်လမြိုင်လမ်းညွှန်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါများ အလွယ်လေးရယ်၊ ရန်ကုန်လမ်းညွှန်၊ မန္တလေးလမ်းညွှန်လို ခပ်ရိုးရိုးလမ်းညွှန်မဟုတ်ဘူး"

"ဘယ်လိုလမ်းညွှန်မျိုးလဲ"

"မော်လမြိုင်မြို့နဲ့ပတ်သက်တဲ့ လေ့လာစရာ, စိတ်ဝင်စားစရာအားလုံးကို အချက်အလက်ပြည့်ပြည့်စုံစုံ ဖော်ပြထားတဲ့လမ်းညွှန်လေ"

"ဟွန်း အဲဒီလမ်းညွှန်မျိုး ရှိတယ်ပေါ့လေ"

"ရှိပ့ါရှင် ရှိပ့ါ"

"အဲဒါဆို လမ်းညွှန်သတင်းအချက်အလက်အပြည့်အစုံပါတဲ့ မောင်လမြိုင်ခရီးသွားလမ်းညွှန်စာအုပ်ဝယ်ရမှာပေါ့ဟ"

"အခုလောလောဆယ် အဲဒီစာအုပ် ဝယ်လို့မရသေးဘူး"

"ဘာဖြစ်လို့"

"အခုမှ သတင်းအချက်အလက်ပါမယ့် မော်လမြိုင်လမ်းညွှန်စာအုပ်ကို စာရေးဆရာမ မိန်းကလေးရေးဖို့ စီစဉ်နေတုန်းဟ"

"ဟွန်း အစုတ်ပလုတ်မ၊ စုံက အဟုတ်မှတ်လို့ နားထောင်နေတာ"

"ဟုတ်ပ့ါ"

စုံစုံနှင့်အတူ သွန်းသွန်းနှင့် စုရတီပါ ခရမ်းရင့်ကို မျက်စောင်းထိုး၏။ ခရမ်းရင့်က အလေးအနက်မျက်နှာပေးဖြင့် ပြောသည်။





"တကယ်ပြောတာဟ၊ မယုံရင် စာရေးဆရာမ မိန်းကလေးကို ဖုန်းဆက်မေးကြည့်"

စုံစုံနှင့်အတူ သွန်းသွန်းနဲ့ စုရတီပါ နှာခေါင်းရှုံ့၏။ သူငယ်ချင်းသုံးယောက် နှာခေါင်းရှုံ့တာတောင် ခရမ်းရင့်စကား မရပ်သေး။

"ရှင်တို့က မယုံတာလား၊ မယုံတော့လည်း ခရမ်းက ပိုပြောချင်လာရော၊ လမ်းညွှန်စာအုပ်က ရန်ကုန်လမ်းညွှန်နဲ့ မန္တလေးလမ်းညွှန်ပဲ သီးခြားရှိတာ၊ နောက်ပြီး တစ်နိုင်ငံလုံးကို ပေါင်းပြီးဖော်ပြထားတဲ့ မြန်မာပြည်လမ်းညွှန်ဆိုတာပဲရှိတယ်၊ အဲဒါကြောင့် စာရေးဆရာမ မိန်းကလေးက မော်လမြိုင်မြို့နဲ့ပတ်သက်တဲ့လမ်းညွှန်စာအုပ်ကို ထူးထူးခြားခြား ဖြစ်အောင်ဆိုပြီး မော်လမြိုင်သတင်းအချက်အလက်ပေး ခရီးသွားလမ်းညွှန်စာအုပ်ဆိုပြီး ပြုစုနေတာလေ၊ မယုံရင် စောင့်ကြည့် 2014 ကျရင် အဲဒီလမ်းညွှန်ထွက်မှာ"

"ဟွန်း၊ အဲဒါဆို စုံတို့က ခရီးစဉ်ရပ်ဆိုင်းပြီး 2014 ထိအောင် ထိုင်စောင့်နေရမှာလား"

"မစောင့်ရပါဘူးဟယ်၊ လောလောဆယ် လမ်းညွှန်စာအုပ် မရှိသေးပေမယ့် ပါးစပ်ရှိတယ်လေ၊ ပြီးတော့ လမ်းမသိရင် ဟိုနောက်လိုက်လေ"

"ဘယ်နောက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကားသမားနောက်၊ ကားသမားက လိုရာကိုပို့ပေးမယ်၊ ဘာ စိတ်မပူနဲ့"

"ဟုတ်တယ် သမီးရဲ့၊ အဲဒါကြောင့် အန်တီခါက ကားလက် မှတ် စီစဉ်ထားတာ"

ခရမ်း စကားမဆုံးခင် အန်တီခါရောက်လာပြီး ကားလက် မှတ်ဖြတ်ပိုင်း ကမ်းပေးသည်။ ပန်းရောင်စုံ ကားလက်မှတ်ကို ယူကြည့်

"ဒါဆို စုံတို့က ကိုယ့်ကားကိုယ်မောင်းမသွားရဘူးပေါ့"

"ဟုတ်တယ် သမီးရဲ့၊ သမီးတို့က မော်လမြိုင်ကားလမ်းကြော နားလည်တာမဟုတ်ဘူး၊ လမ်းကြောနားမလည်ရင် အခက်အခဲဖြစ်တယ် သလို အန္တရာယ်လည်း ဖြစ်နိုင်တယ်၊ ဒါကြောင့် ရန်ကုန်မော်လမြိုင် တန်းရောက်မယ့် Express ကားလက်မှတ် ဝယ်ပေးတာလေ၊ မော်လမြိုင် မှာ စိတ်ကြိုက်ကားငှားပြီး လိုက်လည် ကြ၊ ကားမောင်းတဲ့တာဝန်တော် ပေါ့သေးတယ်၊ လိုရာခရီးကိုလည်း ချောချောမွေ့မွေ့ရောက်မယ် မဟုတ်ဘူးလား"

အန်တီခါ ရှင်းပြလျှင် ပန်းရောင်စုံတို့ သဘောပေါက်လေသည်။

ဟုတ်သားပဲ၊ အန်တီခါစီစဉ်တာ ကောင်းသားပဲ"

သူငယ်ချင်းအားလုံး အန်တီခါအစီအစဉ်ကို သဘောကျလေ သည်။





"သမီး သဘောကျရဲ့လား"

"ကျပါတယ်၊ အန်တီခါစီစဉ်တာ ကောင်းသားပဲ"

"ကဲ အဲဒါဆို ပစ္စည်းတွေ ပြည့်ပြည့်စုံစုံထည့်ကြ၊ သမီးတို့ ယ်မှာ စားဖို့သောက်ဖို့ အလွယ်တကူဖြစ်အောင် စားသောက်စရာတွေ န်တီခါ သွားထည့်လိုက်ဦးမယ်၊ ဟုတ်ပြီလား"

"အင်း"

ပန်းရောင်စုံတို့ ပို၍ သဘောကျလေသည်။

ဒါမှ စုံစုံ့အန်တီခါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"အချစ်က ရွှေရင်ကို ခုန်စေသတဲ့"

ချစ်သူရှိသော သွန်းသွန်းအဆိုကို ပန်းရောင်စုံ နှာခေါင်းလေး ရှုံ့ကာ တုံ့ပြန်လိုက်သည်။

"ခုလို ခရီးထွက်တာကလည်း ရင်ခုန်ရပါတယ်သွန်းရဲ့"

"ဟုတ်သားပဲ"

ပန်းရောင်စုံစကား မဆုံးသေးပါ။ ခရမ်းရင့်နှင့် စုရတီကလည်း ထောက်ခံလေသည်။

ထိုအခါ သွန်းသွန်း ရယ်၍ –





"ဟဲ့ သွန်းပြောတာ မဆုံးသေးဘူး။ နားထောင်ပါဦး"

"ဘာပြောမလို့လဲ"

"ဪ၊ တစ်ခါမှမရောက်ဖူးတဲ့ မြို့ကို အလည်အပတ်သွား ...တဲ့ ခရီးအစကလည်း ရွှေရင်ကို ခုန်စေတယ်လို့"

"အဟင့်"

သွန်းသွန်း ရောယောင်ဝင်ပြောတာကို သူမတို့အားလုံး သဘော ...ွာ ပြုံးရယ်လေသည်။ သွန်းသွန်းက မလုံမလဲဖြင့် –

"တကယ်ပြောတာ"

ဟု ထပ်ဆင့်ဆိုသည်ကို သူမတို့ လက်ခံရလေသည်။ တကယ် ...ည်း ဟုတ်ပါပေသည်။

မော်လမြိုင်ကို စုန်ဆင်းမည့် မန္တလာမင်းအဆင့်မြင့် အဲယား ...န်းကားကြီးပေါ် ပန်းရောင်စုံ ခြေချမိကတည်းက စိတ်လှုပ်ရှားစွာ ...င်ခုန်ရပါသည်။

အောင်မင်္ဂလာအဝေးပြေးကားဝင်းမှ သူမတို့ လိုက်ပါလာသော ...ားကြီး စတင်ထွက်ခွာလျှင် သူမတို့လေးယောက် တစ်ယောက်မျက်နှာ ...စ်ယောက်ကြည့်၍ ကြည်မြစွာ ပြုံးကြလေသည်။

"ခရမ်းရေ စကားမစပ် မေးရဦးမယ်"

သွန်းသွန်းက ဘာကိုသတိတရဖြစ်သည်မသိပါ။ နှောက်လှည့်



www.burmeseclassic.com

www.burmeseclassic.com



မေးသည်။ သူမနှင့်ဘေးချင်းကပ်ထိုင်နေသော ခရမ်းကလည်း ဟာမိုး ကျစွာ။

"ဘာမေးမှာလဲဟ"

"ရဲဝံ့သူအကြောင်း"

သွန်းသွန်း လွှတ်ခနဲမေးလျှင် ပန်းရောင်စုံ နှုတ်ခမ်းလေး ဝိုင်း သွား၏။

"အလို"

ဟု ရေရွတ်မိကာ။

မဆီမဆိုင် မေးတတ်ရန်ကောဟု ငြူစူစွာ မျက်စောင်းထိုးမြ ၏။

"ဟုတ်တယ်ဟဲ့၊ ရဲဝံ့သူအကြောင်းက အစပဲရှိသေးတယ် စုံစုံ့ကိစ္စတွေ လုံးထွေးနေတာနဲ့ မေးဖို့မြန်းဖို့ မေ့မေ့နေတယ်၊ ကဲ ပြော ပါဦး"

သွန်းသွန်းနှင့်ယှဉ်ပြီးထိုင်နေသော စုရတီကလည်း စိတ်ဝင် တစား မေးပြန်သည်။ ခရမ်းရင့်ပုံစံကလည်း ပြောချင်ရဲ့ရဲ့နှင့်။ နာ ပိုပြီး စိတ်အားထက်သန်နေလျှင် ပန်းရောင်စုံ မျက်စောင်းရင့်ရင့်ထိုး

"ဘာမှမဆိုင်တာကို"

"ဆိုင်ဆိုင်မဆိုင်ဆိုင်ပေါ့၊ သိချင်နေတော့လည်း ပြောပြရ





ပေါ့ စုံစုံရဲ့"

"ဟွန်း၊ စုံစုံ့ မသိချင်ပါဘူး"

"အဲဒါဆို နားပိတ်ထား"

"ပိတ်တယ်ဟယ်"

သူငယ်ချင်းတွေ ပြောတာကို ပန်းရောင်စုံ မခံချင်။ တကယ် ပင် နားရွက်ဝိုင်းလေးနှစ်ဖက်ကို လက်ဖဝါးနုနုနှစ်ဖက်ဖြင့် စုံပိတ်ကာ နှုတ်ခမ်းရှင်ကားပြနေသော ဖန်သားပြင်ကို ငေးနေမိ၏။

သူမအပြုအမူကိုကြည့်၍ သူမတို့၏ရှေ့ခုံမှ နောက်လှည့်ကြည့် နေသော စုရတီနှင့်သွန်းသွန်း ရယ်လေသည်။

သူမနှင့်ဘေးချင်းကပ်ထိုင်သော ခရမ်းရင့်ကလည်း ရယ်မော ၍ -

"စုံစုံ နားပိတ်ထားတာ ပိုတောင်ကောင်းသေး၊ သွန်းတို့ သိ ချင်တဲ့ ရဲဝံ့သူအကြောင်း စိမ်ပြေနပြေ ပြောလို့ရတာပေါ့"

"ဟွန်း"

ပန်းရောင်စုံ နှာခေါင်းရှုံ့ပြန်သည်။

ခရီးသည်တွေ ရုပ်ရှင်ဆီ အာရုံရောက်နေပေမယ့် သူငယ်ချင်း တွေက ရုပ်ရှင်ဆီ အာရုံမရောက်ကြ။

"ကဲ မြန်မြန်ပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



စုရတီက သည်းမခံနိုင်စွာ ကြိတ်ဆိုသည်။ ခရမ်းရင့်က သူ့နှုတ်ခမ်းစူတာကို မေးထိုးကြည့်ရင်း ခနဲ့သလို ဆိုသည်။

"ပြောပါ့မယ်ဟယ်၊ ရဲ့ဝံ့သူဆိုတာက ဖေဖေ့မိတ်ဆွေ ဦးနိုင်မင်းကို သိတယ်မဟုတ်လား၊ ရွှေနေကြီးဦးနိုင်မင်းလေ"

"သိတယ်၊ ခရမ်းတို့နဲ့ ခြံချင်းကပ်လျက်နေတဲ့ ရွှေနေကြီးမဟုတ်လား"

"ဟုတ်တယ် သွန်းရဲ့၊ ရွှေနေကြီးဦးနိုင်မင်းနဲ့က အမျိုးတော်တယ်ဆိုလားပဲ၊ အဲဒီနေ့က အနက်ကယ်နိုင်တို့ပန်းခြံထဲ ခရမ်း ဘုရားမ... သွားရှူးတာ၊ ညည်းသည်က ခြံဝရောက်လာတယ်"

"အဲဒီညည်းသည်က ရဲဝံ့သူလား"

"ဟုတ်ပါ့"

ရုပ်ရှင်ထဲက စကားသံနှင့် ခရမ်းအသံ ရောထွေးပေမယ့် သူငယ်ချင်းအသံကို ရှင်းရှင်းကြီး ကြားနေရလေသည်။

စုံစုံနားပိတ်ထားပေမယ့် ကောင်းစွာကြားရဆဲ။

"ထူးခြားတာက သွန်းသွန်း။ ရှင့်ချစ်သူ ကိုခလို ခပ်နွဲ့နွဲ့မဟုတ်... သလို စုရတီနဲ့ စေ့စပ်ထားတဲ့ မင်းရာဇာလို ပိန်လမျောကြီးလည်း မဟုတ်ဘူး၊ ဒါတင်မက မွှေးရနံ့မွှန်ထူအောင် ရေမွှေးစွတ်ထားရုံနဲ့ အား... မရဘဲ ဗျူတီပါလာကို တစ်ပတ်မှာ ရှစ်ရက်သွားသွားပြင်ဆင်တတ်တဲ့...





...ရုံရဲ့ခေတ်ရှေ့နဲ့လည်း တခြားစီလေ"

ခရမ်းရင့်စကားမဆုံးခင် သွန်းသွန်းက ခရမ်းကို လှမ်းရိုက်သလို စုရတီက ခွဲဆိတ်၏၊ သူတို့လူတွေနှင့်ယှဉ်ပြီး ထိထိပါးပါး ပြောရအားဆိုပြီးတော့။

နားပိတ်ထားသော ပန်းရောင်စုံက ခရမ်းခြေသလုံးသားကို ...နောင့်နှင့် တစ်ချက်တွတ်လိုက်၏။

ဒါတောင် ခရမ်းရင့် မမှု။ အလေ့ာတကော ပြောသေးသည်။

"ဟဲ့ ကျန်သေးတယ်၊ နားထောင်ပါဦး၊ ခရမ်းကို ချစ်လှပါတယ်ဆို့ အကြိမ်တစ်သောင်း ရင်ဖွင့်လာတဲ့ ကိုသုတလို ဝဖီးဖီး လေးလုံးသက်ဖက်နဲ့ စိတ်ပျက်စရာပုံမျိုး မဟုတ်ဘူးဟဲ့"

ခရမ်းကို အသည်းအသန်ကြွေရှာသော ကိုသုတနှင့်ပါ ခရမ်းနှိုင်းယှဉ်ပြောခါမှ သူငယ်ချင်းသုံးယောက်၏မျက်စောင်းတွေ ကြည့်လင်အသည်။

"တကယ်ပြောတာဟ၊ ကျားကျားလျားလျားနဲ့ ယောက်ျားမာန်ပြည့်ရှိတယ်၊ သဘာဝဆန်တဲ့အမူအရာကလည်း စိတ်ဝင်စားဖို့ကောင်းတယ်၊ ကိုသုတသာ သူ့ပုံစံဆိုရင် ခရမ်း ချက်ချင်း အဖြေပေးလိုက်မယ်အတယ်"

"နာဘူးမ"



www.burmeseclassic.com

www.burmeseclassic.com



သွန်းသွန်းနှင့်စုရတီ ကြိတ်ဆဲတ၏။ ခရမ်းရင့်မှုက်နှာ ခပ်ပြောင်ပြောင်ပင်။

"ဟွန်း၊ ဘာနှာဘူးမလဲ၊ ဒီခေတ်မှာ ယုံကြည်အားကိုးနိုင်တဲ့ မာန်မျိုးရှိတဲ့ ယောကျ်ားလေးတွေ ရှားကုန်ပြီဟဲ့၊ မိန်းမတွေလို အရှက်လိုက်ပြင်နေကြတဲ့ ဒီဖိုးတွေချည်းပဲ၊ ဘယ်မှာရင်ခုန်စရာကောင်းလို့လဲ"

ဒါတော့လည်း ဟုတ်သည်။

ပန်းရောင်စုံ အသံတိတ်ထောက်ခံကာ နားရွက်နှစ်ဖက်ကို အုပ်ထားသော လက်ဖဝါးကို ဖယ်ရှားလိုက်သည်။

စုံစုံလည်း ခရမ်းပြောတဲ့ ယောကျ်ားဆန်သောလူရွယ်ကို မြင်ဖူးကြုံခဲ့ပြီးပြီ မဟုတ်လား။

Sorry ဆိုပြီး ပြောသွားတဲ့လူရွယ်။

ခရမ်းပြောတဲ့ ရဲဝံ့သူဆိုတာထက် သူမကို ပြောသွားတဲ့ နေ့က ပိုပြီးယောကျ်ားပီသသည်ဟု မဆီမဆိုင် မှတ်ချက်ချနေမိသည်။

"အင်း ခရမ်း ရှင်ပြောတာနဲ့ သွန်းတော့ ရဲဝံ့သူကို မြင်ချင်လာပြီ"

"ဟုတ်ပဲ"

စုရတီကလည်း ထောက်ခံသည်။ စုံက ရုပ်ရှင်ဖတ်ကားထဲက သရုပ်ဆောင် ဟိန်းဝေယံကိုသာ ငေးကြည့်နေလိုက်သည်။





Sorry ပြောသွားတဲ့သူက ဟိန်းဝေယံလို အရပ်မြင့်ပါ၏။ သို့သော်လည်း ဟိန်းဝေယံလို ချောညက်နေတာမျိုးမဟုတ်။ ယောကျ်ားမာန်ဝင့်ဝင့်မို့ ပို၍ကြည့်ကောင်းသည် မဟုတ်လား။

"စုံစုံ ရှင်ကော ရဲဝံ့သူကို မမြင်ချင်ဘူးလား"

"ဟင့်အင်း"

ပန်းရောင်စုံ ခေါင်းတွင်တွင်ရမ်းလိုက်သည်။ သူမ မြင်ချင်နေတာ ခရမ်းတို့ပြောနေတဲ့ ရဲဝံ့သူမဟုတ်ပါ။

Sorry ပြောပြီး ကျောခိုင်းသွားတဲ့လူရွယ်ကို။

သူတို့မြင်ချင်လှသော ရဲဝံ့သူကို သူမ မမြင်ချင်ဘူးဆိုတော့ သူငယ်ချင်းများ ဘဝင်မကျ ဖြစ်လေသည်။

"အင်းပေါ့လေ၊ ရှင်က ခေတ်ရှေ့ကိုပဲ မြင်ချင်မှာပေါ့"

ခရမ်း ခနဲ့သလိုပြောခြင်း။ ပန်းရောင်စုံ ဒေါသလေး ထွက်ကာ။

"ရှင်နော်"

"သိဘူးလေ၊ ခရမ်းထင်တဲ့အတိုင်း ခရမ်းပြောတာ၊ ရှင်က အဲဒီသူကို မမြင်ဖူးတော့ ဘယ်မြင်ချင်မလဲ၊ ခရမ်းက မြင်ဖူးတော့ စွဲတယ်"

"ကြည့်စမ်း၊ မိန်းမ အရှက်မရှိလိုက်တာ"

"ဘာရှက်ဖို့လိုလဲ၊ စွဲတယ်၊ ဒီတစ်ခါမြင်ရရင် အဖြေတောင်းလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် မိန်းမ ဣန္ဒြေလေး ဘာလေးဆယ်ပါဦး"

"ဆယ်ပါဘူး၊ ကိုသုတရယ် ချစ်ပါတယ်လို့"

သူငယ်ချင်းသုံးယောက် မျက်စောင်းလှလှထိုးလေပြီ။ ခရမ်းရင့်က ရယ်မောနေဆဲ။

"တကယ်ပြောတာ စုံစုံရဲ့ ရှင့်ကို မြင်စေချင်တယ်"

"တော်ပါတော့၊ ရုပ်ရှင်ကြည့်နေတာ အနှောင့်အယှက်မပေးနဲ့ ရှင့်ပါးစပ် ပိတ်ပါတော့ ခရမ်းရယ်"

ပန်းရောင်စုံ မကြားလိုပါ။

ပြုံးစွသလိုပြောလိုက်တော့ ခရမ်း ရယ်မောနေရာမှ ပန်းလေး တွန့်ကာ ငြိမ်သက်လျက်။

ရုပ်ရှင်ဇာတ်လမ်းဆီ အကြည့်ပို့၏။

သူမမျက်ဝန်းထဲမှာတော့။

✿ ✿ ✿



## အခန်း (၁၀)

"စုံစုံ ထတော့"

ပခုံးစွန်းကို ပုတ်နှိုးနေသော ခရမ်းရင့်တို့အသံတွေကြောင့်။ ပန်းရောင်စုံ ဆတ်ခနဲနိုးလာပြီး။

"ဘာ ဘာလုပ်ဖို့လဲဟ"

"ထတော့လေ၊ ရောက်ပြီ"

"ဘယ်ရောက်တာလဲ"

"မော်လမြိုင်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မော်လမြိုင်အသံကြားမှ ပန်းရောင်စုံ မျက်လုံးကျယ်သွားသည်။

"ဟုတ်တယ် စုံရဲ့၊ မော်လမြိုင်ရောက်ပြီ၊ ခရမ်းတို့လည်း အိပ်ကောင်းကောင်းနဲ့ အိပ်နေလိုက်တာ၊ စပယ်ယာလာနိုးမှ သိတော့တယ်၊ ကားပေါ်မှာ ခရီးသည်တွေတောင် မရှိတော့ဘူး"

ခရမ်းရင့်ပြောသံနောက်မှာ ပန်းရောင်စုံ မျက်လုံးပွတ်ပြီး ကားပေါ်ငေးကြည့်၏။ တကယ်ပင် ခရီးသည်တွေ မရှိတော့ပါ။ ဘယ်အချိန်ကတည်းက ဆင်းသွားမှန်း သူမ မသိပေ။

သူမနဲ့ ခရမ်းရှေ့မှထိုင်ခုံကိုကြည့်တော့ သွန်းသွန်းနှင့်စုရတီကို မမြင်။ ထိုနှစ်ယောက်ကို မမြင်ရတော့ ပန်းရောင်စုံ ထိတ်ခနဲဖြစ်သွားသည်။

"ဟဲ့ သွန်းနဲ့ရတီကော"

"ရှေ့ဆင်းသွားပြီ၊ လာ စုံစုံ"

"အင်းပါ"

"ငိုက်နေသေးလား"

"အိပ်ရေးဝသွားပြီ"

"ကဲလာလာ"

ခရမ်းရင့် ရှေ့မှ ဦးဆောင်ဆင်းသွား၏။ ပန်းရောင်လက်ဆွဲသားရေအိတ်ထဲမှ မှန်ဝိုင်းလေး ထုတ်ကြည့်၏။





အိပ်ရေးဝသောမျက်နှာလေးက ပြည့်ဝန်းလို့၊ မျက်ဝန်းမှာလည်း တောက်ပရွှန်းစိုနေသည်။

ပဲခူးမှာ ကားရပ်တော့ သူမတို့ ညစာစားကြ၏။ ကားပေါ် ပြန်တက်တော့ ထိုင်ခုံကို နောက်လှန်ချပြီး မှေးနေလိုက်တာ အိပ်ပျော်သွားခြင်း။

သထုံမြို့ရောက်လျှင် ခေတ္တကားရပ်ပေမယ့် ကားရပ်မှန်းတောင် သူမ သိလိုက်။

အရှိန်နှင့်သွားနေသောကားက ချော့သိပ်သလိုဖြစ်တာမို့ ငြိမ့်ငြိမ့်လေး အိပ်ပျော်သွားသည်မှ ခရမ်းလှုပ်နှိုးခါမှ သိတော့သည်။

ပန်းရောင်စုံ ကားပေါ်မှခြေချလျှင် အေးမြလတ်ဆတ်သော မော်လမြိုင်လေညင်းက ဦးစွာကြိုဆိုလေပြီ။

လေညင်းသည် လတ်ဆတ်ရုံမက နှင်းပွင့်ရနံ့များ မွှေးမြနေသည်။ တပေါင်းလ၏အာရုံဦးမှာ နှင်းပွင့်တို့ ဖွာဖွာလွင့်ကြွေနေသည်က အေးမြမှုနဲ့ ရွှင်လန်းမှုကို ဖြစ်တည်စေသည်။

"စုံစုံ ဒီမှာ"

သူမ ကားပေါ်မှခြေချသည်နှင့် သွန်းသွန်း လှမ်းခေါ်သည်။ ကားဝမ်းထဲက ခရီးဆောင်အိတ်တွေ ထုတ်ယူပြီး အငှားဆိုင်ကယ်တွေပေါ် ထိုင်ပြီးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"လာ ဆိုင်ကယ်နဲ့သွားကြမယ်"

"အဲ"

ဆိုင်ကယ်နှင့်ဆိုတော့ သူမ စိတ်လှုပ်ရှားသွားသည်။ ဆိုင်ကယ်ကို သူမ တစ်ခါမှမစီးဖူးပါ။

မော်လမြိုင်မြေနီကုန်းအဝေးပြေးကားဂိတ်မှာ ဆိုင်ကယ်ကယ်ရီတွေသာ အသုံးများသည်ဆိုတော့ သွန်းသွန်းတို့လည်း ဆိုင်ကယ်ကယ်ရီပဲ ငှားလိုက်ခြင်း။

ဆိုင်ကယ်စီးရဖို့ ရင်ခုန်သလို ကြောက်စိတ်ကလေးများလည်း ရှိးတိုးရှတဖြစ်၏။ စုရတီက ရိပ်မိဟန်နှင့် –

"နီနီလေးပဲ စီးရမှာ စုံစုံရဲ့၊ ရတီတို့တည်းမယ့် ရွှေမြင့်မိုရ်တွန်းဟိုတယ်က ဒီမြေနီကုန်းအဝေးပြေးကားဂိတ်နဲ့ နီးနီးလေးပဲတဲ့"

"ဟုတ်တယ် အစ်မ၊ လာပါ မကြောက်ပါနဲ့၊ ကျွန်တော်တို့ ဖြည်းဖြည်းချင်းပဲ မောင်းမယ်"

ဆိုင်ကယ်ကယ်ရီသမားက လိုက်လိုက်လဲလဲအာမခံသည်နှင့် သွန်းသွန်းတို့နည်းတူ စီးဖို့ ရဲဆေးတင်လိုက်သည်။

အားလုံး ဆောင်းဆီရှည်တွေနဲ့မို့ ဆိုင်ကယ်ပေါ် ခွထိုင်ကြကာ။ ဆိုင်ကယ် လျှောခနဲ့မောင်းထွက်သွားစဉ် သူမရင်ထဲ ငြိမ့်ခနဲဖြစ်ကာ။

ဆိုင်ကယ်သွားနေသောအရှိန်နောက်မှာ လေပြည်နှင့်အတူ





နှင်းမှုန်တို့ သူမတစ်ကိုယ်လုံးကို အရှိန်နှင့်ပြေးပွေ့ကြိုဆိုသည်က အားစိမ့်တုန်ခိုက်မတတ်ဖြစ်သော်လည်း ခံစားလို့ကောင်းနေသည်။

ဒါက နှစ်လိုဖွယ်ကောင်းသော မော်လမြိုင်၏ဦးဦးဖျားဖျား အရသာရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ဟယ် ကြည့်စမ်း သပွာယ်လိုက်တာ"

"အဲဒါ သမိုင်းဝင်ကျိုက်သန်လန်စေတီ အစ်မ၊ မော်လမြိုင်ရဲ့ မျက်နှာလေ"

"ဘယ် ဘယ်လို"

"ရွှေတိဂုံစေတီက ရန်ကုန်ရဲ့မျက်နှာလေ၊ ဘယ်နေရာက ကြည့်ကြည့် ဖူးမြင်နိုင်သလို၊ ကျိုက်သန်လန်စေတီကလည်း မော်လမြိုင်ရဲ့ ဘယ်နေရာကကြည့်ကြည့် ဖူးမြင်နိုင်တယ်၊ ဘယ်နေရာကမဆို ဖူးမြင်နိုင်လို့ မော်လမြိုင်မျက်နှာလို့ တင်စားပြီး ပြောတာပါ"





ရွှေမြင့်မိုရ်ထွန်းဟိုတယ်မှ ညွှန်ကြားဝန်ထမ်းပြောလျှင် သူမတို့ သဘောကျ ကြည်နူးသွားလေသည်။ မော်လမြိုင်၏မျက်နှာတဲ့။

စိတ်ညွှတ်နူးဖွယ်ကောင်းသော တင်စားမှု။

နှင်းမှုန်တို့ကြားမှာ ရွှေရောင်ပပဝင်းပြီး ရှန်းရှန်းကြွကြွရှိနေသော ထိုစေတီမြတ်ကို ပန်းရောင်စုံ လှိုက်လှဲစွာ လှမ်းကြည့်ပြီး –

"သွန်းရေ စုံတို့ ခုပဲ သွားဖူးရအောင်လား"

"သွားကြတာပေါ့"

သူငယ်ချင်းတို့လည်း စိတ်အားထက်သန်ကာ။

ခရီးဆောင်အိတ်တွေ အခန်းထဲ နေရာချပြီးသည်နှင့် အဝတ်အစားလဲပြီး အပြင်ထွက်ကြ၏။

"အစ်မတို့ တောင်ပေါ်တက်မယ်ဆို ဆိုင်ကယ်ကယ်ရီ ခေါ်ထားပေးမယ်"

သွားရလာရဆင်ပြေဖို့ ဟိုတယ်ဝန်ထမ်းလူရွှယ်ပြော၏။ သူမအစ်ချက် စဉ်းစားလိုက်ပြီး –

"လမ်းလျှောက်တက်လို့ မရဘူးလား"

"ပိုကောင်းတာပေါ့ အစ်မရဲ့"

"အဲဒါဆို လမ်းညွှန်လိုက်လေ"

ဒီလမ်းက အာရှလမ်း။ အာရှလမ်းတည့်တည့်သွားပြီး ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကို ချိုးပြီး တက်သွားလိုက်၊ နာရီဝက်သာသာလောက်ဆို စေတီ ခြရင်းကို ရောက်မယ်။

"အိုကေ"

သူမတို့လေးယောက် တက်ကြွကာ၊ အာရုံဦး၏နှင်းမှုန်ကြားမှာ ခြေလှမ်းလေးများ သွက်လျက်။

✿ ✿ ✿



## အခန်း (၁၂)

"ဟော့တော်"

အံ့ဩတာဖြစ်စေ၊ မထင်မှတ်ဘဲ ရင်ဆိုင်ရတာဖြစ်စေ သူမ ဆီမှ ဟော့တော်ဟူသော အံ့ဩလိုက်ဖြာသံလေး ခုန်ထွက်စမြဲ။

ခုလည်း ဟော့တော်ဖြစ်ရပြန်ပြီ။

အာရုံမဦးတဦးမို့ နှင်းမှုန်တွေ ဖွာရရောကျနေပေမယ့် ရှေ့တည့် တည့်မှ ပြေးလာနေသူကို မြင်လိုက်သည်နှင့် ဒက်ခနဲ့ သူမ သိလေပြီ။

သူ။

ဆောရီးပြောပြီး ကျော်ခိုင်းသွားတဲ့သူ။



www.burmeseclassic.com

www.burmeseclassic.com



တီရှပ်အဖြူ သရီးကွာတာဘောင်းဘီနှင့် ကင်းပါးဖိနပ်ဖြူ စီ
ထားသောသူ။

အာရုံဦးမှာ အပြေးလေ့ကျင့်နေသည်က ကျန်းမာရေးအ
ဖြစ်မည်ထင်ရသည်။ နှင်းပွင့်များလို သူ့ကိုယ်မှာ ချွေးစတို့ ခိုတွဲလျက်

မနက်ခင်းနေခြည်ရောင်က သူ့ကိုယ်ပေါ်မှာ ဖြာကျနေတာ
ကြည်ရွှင်နေသော သူ့ကို ငေးခနဲဖြစ်သွားစေသည်။

ထိပ်တိုက်ဆုံအတွေ့မှာ သူလည်းပဲ ပြေးနေသောခြေလှမ်း ရ
ဆိုင်းသွား၏။ ရွှန်းစိုဝင်းလက်သွားသော သူ့မျက်ဝန်းက သူမကို ရ
လေး စိုက်ကြည့်သည်။

တစ်ဆက်တည်းလည်း လှိုင်းတွန့်ရာလေးပါသော သူ့အ
နှုတ်ခမ်းသား လှုပ်ရှဲတွန့်သွား၏။

တစ်ခုခုပြောတော့မလိုဟန်မျိုးနှင့်။

သို့သော် နှုတ်ခမ်းလွှာတို့ကို ချက်ချင်းပင် ပြန်စေ့ပိတ်သွ
သည်က ကြွေဆည်သလို။ သူက ကြွေဆည်နေမှတော့ ပန်းရော
ကလည်း ဘာမို့လဲ။

ပန်းရောင်စုံလည်း မာနရှိတဲ့မိန်းကလေးပဲ။

ကြွေဆည်ရုံမက မာနလေးဖြင့် မျက်နှာမော့ကာ ဆတ်
အကြည့်လွှဲပြီး ရပ်တန့်နေသော သူမခြေကို စလှမ်းလိုက်သည်။





လေပြည်သင့်နေတာမို့ လွင့်ပျံနေသော သူ့ကိုယ်မှ ချွေးရနံ့
မိုစိုတို့ ပျံ့လာသည်။ သူ့ချွေးနံ့ကို ပန်းရောင်စုံ မရွံ့ရှာမိ။

အသက်ရှူအောင့်ထားကာ။ သူ့အပါးမှ ကျော်ဖြတ်ခဲ့သည်။

သူသည်လည်း နိုးဘုရားကြီးသို့ဟု ဆိုင်းဘုတ်တပ်ထားသည့်
လမ်းကြောင်းအတိုင်း သူ ဆက်ပြေးသွားသည်။

ပန်းရောင်စုံ မသိမသာ လည်ပြန်ငဲ့စောင်းကြည့်မိပါသည်။

ထိုအခါ လည်ပြန်လှည့်ကြည့်သော သူ့မျက်ဝန်းနှင့် တန်းဆုံ
သွား၏။ အာရုံဦးနေခြည်နုနုလို လင်းလဲ့နွေးဖြာသလိုလို ခံစားရလေသည်။
အိပ်မြင် ရင်ထဲမှာ စနိုးစနောင့်ဖြစ်ရတာမို့။

"ကျွတ်"

ခနဲ့ လေသံလေး ခုန်ထွက်သွား၏။ ထိုမျှမက ရှက်စိတ်ဖြင့်
လည်း ပန်းရောင်စုံမျက်နှာလေး မီးကျီခဲလို ရဲမှည့်၏။

တော်ပြီ။

မကြည့်တော့ဘူး။

ရတနာဘုံမြင့်ကျောင်းမျက်နှာရှေ့မှ ကျိုက်သန်လန်စေတီဘက်
ခြေဦးလှည့်လေပြီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

ရွှေစင်တုံး၊ ရွှေစင်ခဲနယ် မှည့်မှည့်ဝင်းသော ကျိုက်သန်လျ
စေတီတော်မြတ်ကြီးမှာ မြင်လွှာကို ကြည်ညိုဖွယ်ကောင်းစွာ ခြုငင်နေ
မကပါ။

ဦးခိုက်ညွှတ်သွားပြီး ပူဇော်လိုစိတ်ကို တဖွားဖွားဖြစ်ပေါ်စေ
ပါသည်။ အာရုံပျိုဦးမှာ ဖွာလွင်လွင်ကျနေသော နှင်းပွင့်ရန့်မွှေးမွှေးလေး
လွှမ်းခြုံကာ၊ ရွှေရောင်ဝင်းဝင်းမြိုကြွသော စေတီတော်ကို အဝေးကတည်း
က ဖူးမြင်ရတာ ပီတိစိတ်တို့ ငြိမ့်မောစေ၏။

"ဟဲ့ ညောင်းတယ်ဟ"





"ဟုတ်တယ်"

"စုံကော မညောင်းဘူးလား"

စုရတီနှင့်သွန်းသွန်း ငြီးတွားသလို ခရမ်းရင့်က မေးသည်။
ပန်းရောင်စုံ ခေါင်းလေးရမ်း၍ –

"ညောင်းပါဘူး ရှင်တို့ကလဲ၊ စေတီတော် ဝင်းဝင်းမိုကို လှမ်း
မြင်နေရတာ၊ ဘယ်လောက်ခွန်အားဖြစ်စေသလဲ"

သူမပြောတော့ သူငယ်ချင်းသုံးယောက် ပြုံးရှုကာ။

"စေတီရင်ပြင်ပေါ်ရောက်ဖို့ ဟိုတစ်ကွေ့ ပတ်တက်ရဦးမှာ၊
ခုတို့ လမ်းလျှောက်နေတော့ အရောက်နှေးတယ်၊ စေတီရင်ပြင်ပေါ်
မြန်မြန်ရောက်ရင် စေတီတော်ကို မြန်မြန်ဖူးရမယ်လေ"

ခရမ်းရင့်တို့ လမ်းမလျှောက်ချင်၍ ဆင်ခြေပေး၏။

"ဟင့်အင်း စုံကတော့ လမ်းလျှောက်ပြီး တက်မယ်၊ လမ်း
လျှောက်ရင်း တရိပ်ရိပ်မြင်နေရတဲ့စေတီကို ကြည့်ရတာ ပိုပြီးပီတိဖြစ်
တယ်"

"အဲဒါဆို ရှင်တစ်ယောက်တည်း လျှောက်"

သွန်းသွန်းက စိန်ခေါ်သလို ဆိုသည်။ ပန်းရောင်စုံကလည်း

"လျှောက်မယ်လေ၊ ရှင်တို့ဘာရှင်တို့ သွားကြ"

"သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုသုံးယောက် တိုင်ပင်စရာမလိုဘဲ ညီညွတ်နေကြသည်။ ပန်းရောင်စုံ အရေးမစိုက်ဟန်ဖြင့် သွားဟုဆိုလိုက်သည်။

ထိုအခါ သူမတို့နောက်မှ 'လိုက်မလား'ဟု တကြော်ကြော် မေးရင်းပါလာသော နောက်တွဲပါသော သုံးဘီးဆိုင်ကယ်သမားကို 'လို မယ်' ပြောပြီး သုံးယောက်လုံး လူစီတွဲဆီ တက်ထိုင်ကြသည်။

"လာလေ စုံစုံရဲ့"

ပန်းရောင်စုံကို မရအရ ဝိုင်းခေါ်နေကြသည်။ ပန်းရောင်စုံ ဘူးဆို ဖရုံမသီးတော့ပါ။

သူတို့က ထိုသုံးဘီးဆိုင်ကယ်ကြီး မြင်ကတည်းက စီးချင် တာလေ။ ရန်ကုန်မှာ စီးရတာမဟုတ်ဘူး။

မော်လမြိုင်ရောက်မှသာ ဒါမျိုးစီးရတာဆိုပြီး စီးချင်စိတ် ရှ တက်လျက်။

ထို့ကြောင့် လမ်းလျှောက်မနိုင်တော့ဘူး အကြောင်းပြတာ

ပန်းရောင်စုံသူငယ်ချင်းတွေပဲ။

ဒင်းတို့ပါးစပ်ဟလိုက်တာနဲ့ ဘာဆိုတာ ပန်းရောင်စုံ သိပြီးသား ခေါ်လို့မရတော့တာနဲ့ ပန်းရောင်စုံကို စိတ်မချသလို လှည့်ကြည့်လာ ကြည့်နှင့် တကျုံကျုံလှုပ်ခါသော ထိုဆိုင်ကယ်ကြီးပေါ် ပါသွား၏။

ပန်းရောင်စုံ ပို၍ပင် မာန်တင်းလိုက်သည်။



ဟိုတယ်ဝန်ထမ်းညွှန်တဲ့အတိုင်း လာခဲ့တာ လမ်းတစ်ဝက်ကျိုး ပြီ။ အာရုလမ်းကနေ တောင်ပေါ်တက်တဲ့ လမ်းဆီ ချိုးကွေ့လိုက် သည်။ လှိုင်းတွန့်လိုအကွေ့လေး လွန်ပြီး အပေါ်တည့်တည့်လျှောက် သွားရင် တောင်ရိုးတန်းကုန်းပေါ် အမြင့်ဆုံးနေရာမှာ တည်ထား သော ကျိုက်သန်လန်စေတီကို ရောက်ပြီလေ။

အလွန်ဆုံးကြာလှ နောက်ဆယ့်ငါးမိနစ်ပေါ့။

ဒီလိုနဲ့ ပန်းရောင်စုံ တစ်ယောက်တည်း လျှောက်လာစဉ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဟော့ စုံစုံ၊ ဒီမှာ"

ပန်းရောင်စုံ စက်လှေကားရှေ့အရောက်မှာ လမ်းတစ်ဖက်ဆိုင်တွင်းမှာ စားသောက်နေသော ခရမ်းရင့် လက်ပြ၍ လှမ်းခေါ်သည်။

ပန်းရောင်စုံ ခေါင်းလေးလှဲကာ စက်လှေကားထဲဝင်လိုက်တစ်မိနစ်ပင်မကြာ ထိုစက်လှေကားဖြင့် စေတီရင်ပြင်ပေါ် ရောက်သည်။

ပန်းရောင်းသော ကလေးမလေးဆီမှ အာဆီယံသပြေပာ





သော နီညိုရွက်ကလေးများဖြင့် လှသောသပြေပန်းစည်းနှင့် ရှိမွှေးသောဆယ်ပန်းကုံးတချို့ ဝယ်ယူလိုက်သည်။

ရွှေမှည့်ရောင် လင်းဝင်းသော အရံစေတီတို့အလယ်မှာ အားထွားစွင့်စွင့်ရှိလှသော ကျိုက်သန့်လန်စေတီတော်မြတ်ကြီးကိုဆက်စုံမိုး၍ ရှိခိုးပူဇော်ပြီး စုံစုံလက်ထဲမှ ပန်းများ ဆက်ကပ်၏။

ထို့နောက် မဟာကဿပမြတ်စွာဘုရားကို ဦးခိုက်၏။ တစ်ဖန်သက္ကရာဇ် ၁၂၁၆ ခုနှစ်၌ တင်လှူထားသော မြတ်စောထီးသျှင်မင်း၏ခေါင်းလောင်းတော်ကိုထိုး၏။

ရန်ပြေမာန်ရှင်းကြေးသွန်းဘုရား၊ ဗုဒ္ဓမြတ်စွယ်တော်နှင့် ရှေးဟောင်းဆင်းတုတော်များ ပြတိုက်ကိုလည်း ကြည့်ရှုဖူးမြော်ကာ။

နှစ်ကျိပ်ရှစ်ဆူဘုရားကိုလည်း စုံ ပူဇော်ဖို့မမေ့ပါ။ ထို့အတူရှေးဟောင်းနီးသွန်းဘုရား ဆုတောင်းပြည့် အဓိဋ္ဌာန်အောင်မြင်ရေးဘုရားတို့ကိုလည်း ကြည်ညိုစွာ ဖူး၏။

သက္ကရာဇ် ၂၀၇၇ ခုနှစ်၊ ကောဇာသက္ကရာဇ် ၈၉၉ ခုနှစ်၊ မော်လမြိုင်မြို့စား သိင်္ဂသူရလှူဒါန်းထားသည့် ခေါင်းလောင်းတော်ကြီးကိုစိတ်ဝင်စားကြည်ညိုဖြစ်သည်။

ခေါင်းလောင်းကိုယ်ထည်ပေါ်၌ မွန်ဘာသာဖြင့် ရေးထိုးထားသော ခေါင်းလောင်းစာတို့မှာ မှုန်ဝါးလျက်။ ဖတ်ရှုဖို့ ခဲယဉ်းသောအခြေ

www.burmeseclassic.com



အနေရယ်။

ရေးထိုးခဲ့တဲ့အချိန်ကတည်းမှ ခုဆို သိဂ်သူရခေါင်းလောင်းမှာ ထောင့်တစ်ရာတစ်ဆယ့်လေးနှစ် ရှိပြီလေ။

နှစ်ပေါင်းထောင်ချီကတည်းက သွန်းလုပ်ခဲ့သော ထိုခေါင်းလောင်းကို မျက်မြင်တွေ့ရသည်က ရှေးဟောင်းအမွေအနှစ်အဖြစ် ဂုဏ်ယူစရာကောင်းလှပေသည်။

သို့သော် ခေါင်းလောင်းကိုယ်လုံးပေါ်မှာ ထိုခေတ်ရေးထိုးထားသော မွန်ဘာသာစာလုံးများ၊ ဖတ်ရှုဖို့ ခဲယဉ်းတဲ့အနေအထားဖြစ်အောင် မှေးမှိန်နေတာကို မြင်ရပြန်တော့ သမိုင်းဆိုင်ရာ စာပေကျော တိမ်ပါးခြင်း၊ စာပေဆုံးရှုံးခြင်းဟု စုံ မြင်ယောင်မိ၏။

သိဂ်သူရခေါင်းလောင်းကိုယ်ထည်ပေါ်က မွန်စာတွေ မှေးမှိန်နေသော်လည်း၊ ဦးထော်လေးကျောက်စာ၊ ဦးနာအောက်အထိမ်းအမှတ် ကျောက်စာတိုင်တို့မှ စာသားများ ထင်ရှားနေတာမို့ ဖင်ချရသည်မှာ စိတ်ဝင်စားဖွယ်ကောင်းသလို အားကျဖွယ်လည်း ကောင်းနေသည်။

ဘုရားစေတီများဆီသို့ သွားရောက်လျှင် လက်အုပ်လေးချီ ဦးသုံးကြိမ်ချပြီးရင် ဘုရားဖူးကိစ္စ ပြီးမြောက်သည်ဟု စုံစုံ မယူဆပါ။

ဘုရားစေတီတို့၏ပရိဝုဏ်၊ စောင်းတန်းတို့၌ရှိသော ဗုဒ္ဓဝင်ကားများ၊ ချိတ်ဆွဲထားသော ခေါင်းလောင်းများ၊ စိုက်ထူထားသော ကျောက်စာတိုင်များကိုပါ လေ့လာဖတ်ရှုခြင်းကြောင့် ဗဟုသုတလည်း တိုးသလို ကြည်ညိုစရာ ပိုများသည်မို့ ဘုရားဖူးရတာ ပိုချိပြီးပြည့်စုံသည်ဟု စုံစုံ ယူဆသည်။



ဒါကြောင့် ကျိုက်သန်လန်စေတီဆီ အဖူးရောက်ခိုက် ကျိုက်သန်လန်စေတီသမိုင်းကြောင်းပါမကျန် စုံစုံလေ့လာဖြစ်ကာ။

ကြည့်ရှုစရာ၊ လေ့လာစရာ၊ မှတ်သားစရာများနှင့် ပြည့်နေသော စေတီရင်ပြင်တော်အနှံ့ လေ့လာပြီးမှ စေတီတော် ဘက်စုံပြုပြင်ရေးအတွက် ဖွင့်ထားသော အလှူခံဌာနမှာ ငွေတစ်သိန်း လှူ၏။

စနေနံထောင့်မှ ခေါင်းလောင်းတော်ကြီးကို သုံးကြိမ်ထိုးပြီး ကြားကြားသမျှ ဝေနေယျအပေါ် သာဓုအနုမောဒနာခေါ်ဆိုရင် အမျှဝေလေသည်။

ထို့နောက် စေတီရင်ပြင်ပေါ်မှ ရှုမောဖွယ်မြင်တွေ့ရသော မော်လမြိုင်မြို့ပြမြင်ကွင်းကို လှမ်းကြည့်၏။

မြင်ကွင်းက လှပါဘိ။

ကောင်းကင်ရှိ တိမ်သားတို့က နုနုပြာပြာ။

သံလွင်မြစ်ရေပြင်တို့ ကြည်စိမ်းလဲ့လဲ့။

မြို့ပြအဆောက်အအုံတို့က ထင်သာမြင်သာ။

ဒါတင်မက ဘာသာရေးအဆောက်အအုံတို့၏ထိပ်ဖျားတွေက





www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ပေါ် စွင့်စွင့်တိုးတက်လျက်။

လေပြည်ကလည်း အေးမြလတ်ဆတ်နေတော့ စုံစုံစိတ်နှလုံး ကြည်ရွှင်နေကာ။

မော်လမြိုင်မြို့ရှမျှော်ခင်းကို ကျိုက်သန်လန်စေတီရင်ပြင်ပေါ် မှ ပတ်ကြည့်ရတာ ကြည်နူးစရာလည်းကောင်းတာမို့ စိတ်ကျေနပ်သည် အထိ ကြည့်၏။

ကြည့်ပြီးမှ ကျိုက်သန်လန်စေတီမြတ်ကို နောက်တစ်ကြိမ် ဦးချလေသည်။

ထိုစဉ် –

"စုံစုံ စိတ်ဆိုးနေတာလား"

ပန်းရောင်စုံ ဘုရားဦးချပြီးလို့ လက်အုပ်ချီကာ စေတီမြတ်ကို ကြည်နူးစွာ မော့ကြည့်နေစဉ် ခရမ်းရင့်ရောက်လာပြီး စိုးရိမ်စိတ်ကလေး ဖြင့် မေးသည်။

ပန်းရောင်စုံမဖြေပါ။

စေတီရှေ့မှထကာ ခေါင်းလောင်းထိုးလိုက်၏။ ခေါင်းလောင်း ထိုးသံသည် စေတီတော်ဝန်းကျင်တစ်လျှောက် သာယာစွာ လွင့်ပျံ့သွား ကာ။

နားသောတဆင်ရသူတိုင်းအဖို့ ပီတိစိတ်ညွတ်နူးဖွယ်ကောင်းနေ





ပေသည်။

"စုံစုံ"

ခရမ်းရင့် အားမရဖြစ်လေသည်။

အဖော်မပါဘဲ သူမ တစ်ယောက်တည်း လမ်းလျှောက်ခဲ့ရလို့ သူ့ကို စုံစုံ စိတ်ကောက်နေတာပဲဖြစ်မယ်။

ခရမ်း အဲဒီလိုထင်သည်။

ဒါကြောင့် စုံစုံ စကားပြန်မပြောခြင်းဟု နားလည်တာမို့ အနား သွားကာ စုံစုံ့လက်မောင်းလေးကို ဆွဲကိုင်၍ –

"စုံစုံ စိတ်ဆိုးနေတာမဟုတ်လား"

"ဆိုးတယ်ရှင့် ဆိုးတယ်"

ပန်းရောင်စုံ ဆိုးဆိုးဆတ်ဆတ်ပြောကာ စေတီတော်ရှေ့မှ လှည့် ထွက်ခဲ့သည်။

ထိုအခါ ခရမ်း ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ။

"ဆောရီးဟာ"

"ဟွန်း ဘာ အခုမှ ဆောရီးလဲ"

"စုံစုံ ခရမ်းတို့ထက် နောက်ကျမှ စေတီတော်ကို ဖူးရလို့ စိတ်ဆိုးနေ တာတဲ့လား"

"ဟုတ်တယ်ရှင့် ဟုတ်တယ်၊ လာကြတုန်းက အတူတူ လမ်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်ကျိုးကျ ရှင်တို့က ညီညွတ်ရေးရပြီး ခွဲခြားခွဲခြား ပြုနေတာလေ၊ စုံက အရေးစိုက်ရမှာလား၊ စုံတစ်ယောက်တည်း စေတီကြီး အားရပါးရ ဖူးပြီးပြီလေ''

''ဆောရီးပါဟယ်၊ နောက်ဆို ခွဲခြားခွဲခြား မလုပ်တော့ပါဘူး''

''ဟွန်း–ခုမှ လာမရောနဲ့၊ စိတ်ဆိုးတယ် တကယ်''

''ဆိုးပါနဲ့ သူငယ်ချင်းရဲ့''

''ဆိုးတယ်၊ ရှင်တို့ချန်ခဲ့လို့ရော သူနဲ့ ဆုံလို့ကော''

''ဘာ၊ ဘာ''

ခရမ်းရင့် နားရှုပ်သွား၏။ ပန်းရောင်စုံ နှုတ်ခမ်းစုကာ စက်လှေကားဘက် လျှောက်သွား၏။

ခရမ်းရင့်က နားရှုပ်စွာ တုံဏှိဘာဝေ ရေရွတ်မိသည်။

''ရှင်တို့ချန်ခဲ့လို့ရော၊ သူနဲ့ ဆုံလို့ကောတဲ့''

ခရမ်းတို့ ချန်ခဲ့တာ ဟုတ်ပါရဲ့။ ချန်ခဲ့လို့ ခရမ်းတို့ကို စိတ်ဆိုးတော်မူတာကို ခရမ်းတို့ လက်ခံပါတယ်။

ဒါပေမဲ့ ''သူနဲ့ဆုံလို့ကော'' ဆိုတာက ဘာအဓိပ္ပာယ်လဲ။ ''သူ'' ဆိုတာ ဘယ်သူလဲ။

ခရမ်းတို့မသိတဲ့ ''သူ'' ဆိုသူနှင့် ''စုံစုံ'' ဆုံခဲ့တာ။ ခရမ်းတို့နဲ့ ဘာဆိုင်လို့ တစ်ပေါင်းတည်း စိတ်ဆိုးရတာလဲ။





ခရမ်းရင့်တို့က ဘာမဆို ချက်ကျလက်ကျ သိရမှ။ ဟုတ်တယ်လေ။

စုံစုံ့ဆီ ခြေလှမ်းကျဲ လှမ်းသွားပြီး။

''စုံစုံ သူနဲ့ ဆုံခဲ့တာ ဟုတ်လား''

ပန်းရောင်စုံ နှုတ်ခမ်းစူထားဆဲမို့။

''သူဆိုတာ ဘယ်သူလဲ၊ ပြောစမ်းပါဦး''

''ဟင့်အင်း ပြောဘူး''

ပန်းရောင်စုံ နှုတ်ခမ်းစူစူနှင့် ခေါင်းယမ်းကာ။ စက်လှေကားဆဲ ဝင်သည်။

''စုံစုံ''

ခရမ်းရင့် ခေါ်ရင်းမေးရင်း နောက်က တကောက်ကောက် ပါလာသည်။

ပန်းရောင်စုံ မပြော။ စက်လှေကားဖြင့် ရင်ပြင်အောက် ပြန်ဆင်းခဲ့သည်။

ခရမ်းလည်း စုံစုံ့နောက်မှ စိတ်ရှည်လက်ရှည် ပါလာကာ။ စက်လှေကားထဲက အထွက်၌ နေ့ခင်းဘက် မြို့ထဲလည်ဖို့ ဖိမ်ခံကားငှားရန် ထွက်သွားသော သွန်းသွန်းနှင့်စုရတီတို့ စီးလာသည့် သုံးဘီးဆော်တော်ဆိုင်ကယ် ပြန်ရောက်လာတာနှင့် ဆုံသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခရမ်းရေ ကားငှားခဲ့ပြီးပြီ၊ နေ့လယ် ဟိုတယ်ကို လာကြို ချိန်းထားလိုက်တယ်၊ ခုတော့ ဒီသုံးဘီးဆိုင်ကယ်ကြီးနဲ့ပဲ ဟိုတယ် ပြန်ကြ ဖို့"

ဟု လှမ်းပြောသည်။ တစ်ဆက်တည်းလည်း –

"လာ စုံစုံ၊ ဒီဆိုင်ကယ်ကြီး စီးဖူးတယ်ရှိအောင် စီးကြည့် လှုပ်လှုပ်ခါခါနှင့် အရမ်းစီးကောင်းတာ"

စုရတီကလည်း အားတက်သရော ပြော၍ စုံစုံကို သုံးဘီးဆိုင် ကယ်ကြီးပေါ် တက်ခိုင်း၏။

"စီးဘူး"

ပန်းရောင်စုံ တစ်ခွန်းပြောကာ လာလမ်းအတိုင်း ပြန်လှည့် လျှောက်၏။

ခရမ်းက စိတ်ဆိုးတော်မူနေသည့် စုံစုံအကြောင်း သွန်းသွန်း နှင့်စုရတီအနားကပ်ကာ ပြောပြလိုက်၏။

ထိုအခါ –

"ဟော့တော်"

သွန်းသွန်းနှင့်စုရတီနှုတ်မှ အံ့သြသံ ပြိုင်တူခုန်ထွက်၏။

"ဟော့တော် ဖြစ်မနေကြနဲ့၊ စုံစုံ ဟိုတယ်ရောက်လောက်ပြ ငါတို့တွေ ဒီဆိုင်ကယ်ကြီးနဲ့ ဒီကထွက်မယ်၊ နောက်ဆို စုံစုံ ပိုပြီးစိတ်





ဆိုးနေဦးမှာ"

"ကောင်းသားပဲ"

သူငယ်ချင်းသုံးယောက် စုံစုံ နောက်ထပ်စိတ်မဆိုးစေဖို့ တစ်ယောက်တည်းလျှောက်သွားနေသော စုံစုံနောက်ကျောကို ငေးကြည့် ရင်း သက်မကိုယ်စီ ချလေသည်။

"မလွယ်ပါလား စုံစုံရယ်လို့"

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

မိန်းကလေးများဟာ တစ်မြို့တစ်ရွာကိုရောက်ရင် အလှ
ပိုပြင်ဆင်တတ်သည်။

ထို့အတူ ရှိုးစမိုးလည်း ပိုထုတ်တတ်၏။

အဲဒါကြောင့်မို့ထင်သည်။ ပန်းရောင်စုံတစ်ယောက် အလှ
ဆင်လို့ မပြီးနိုင်တော့ပါ။

"ဟဲ့ မြန်မြန်"

ခရမ်းရင့် လာ၍လောဆော်သည်။ ပန်းရောင်စုံ ခုမှ မျက်
မွေးဆွဲ၍ကောင်းတုန်း။





စောစောစီးစီး ပြင်ဆင်ပြီးသည်နှင့် သွန်းသွန်းက –

"လိုက်လည်ဖို့ ငှားထားတဲ့ကား ရောက်နေပြီဟ၊ မြန်မြန်
သက်စသတ်ပြီး ထွက်ခဲ့ပါတော့"

"ရတီတို့ ကားပေါ်က စောင့်မယ်"

"ဟုတ်တယ်၊ ရှင် အမြန်ဆုံးပြင်ပြီး ထွက်ခဲ့"

သူငယ်ချင်းသုံးယောက် စောင့်ရတာ စိတ်ရှည်ဟန်မတူ။ ပြော
ဆိုပြီး အခန်းတွင်းမှ ထွက်သွားလေသည်။

ပန်းရောင်စုံ ပခုံးလေးပင့်ကာ မမှုသလို တုံ့ပြန်လိုက်၏။

မိန်းမတွေ။

မသိရင် ပန်းရောင်စုံကပဲ အလှတွေစွတ်ပြင်နေလို့ နောက်ကျ
နေသလိုလို။ ဒင်းတို့က စုံစုံထက် တစ်နာရီဦးပြီး အလှပြင်ကြတာ။
သူ့ထက်ငါ အလှအယက်။

ပန်းရောင်စုံက ဒင်းတို့နဲ့ လုမပြင်ချင်လို့ နောက်ကျမှ ပြင်
တာလေ။

အဲဒါကို ဒင်းတို့က စိတ်မရှည်သလိုလို၊ ဘာလိုလိုနဲ့။

အရေးမစိုက်ပေါင်။ ပန်းရောင်စုံက ဖက်ရှင်နှင့်လိုက်ဖက်အောင်
နုတ်ခမ်းပေါ် ပန်းစီရင့်ရင့် ဆေးသားတင်ကာ။

နောက်ဆုံးပိတ် ပတ္တမြားတန်းလန်းပါသော နားဆွဲကိုပါ



www.burmeseclassic.com

www.burmeseclassic.com



စိတ်အေးလက်အေး ပန်လိုက်၏။

ထိုအခါ ပန်းရောင်စုံဆိုသော သူမလေးက ပန်းဆီရောင် နှင်းဆီ ပန်းနှယ် ဖူးကြွကြွ လှသွေးကြွယ်သလို၊ ပတ္တမြားရတနာတို့ ဖိတ်ဖိတ် တောက်ကာ၊ အလှတို့ ပြုံးပြုံးပြက်ပြက် ဖိတ်လျှံနေတော့၏။

စုံစုံ စိတ်တိုင်းကျ အလှပြင်ပြီးမှ ဖန်လုံးကလေးများဖြင့် တြိဂံ ဒီဇိုင်းထွင်ထားသော အလှကိုင် လက်ဆွဲအိတ်ကလေး ဆွဲကိုင်ပြီး အခန်း တွင်းမှ ကြော့ကြော့မော့မော့ ထွက်ခဲ့သည်။

နှစ်ယောက်တစ်ခန်းနေရသော သူမတို့တည်းရာ နှစ်ခန်းတွဲ အဆောက်အအုံလှလှလေးရှေ့မှာ ခဲညိုရောင် ဗူပါကာစတန်ကားလေး ရပ်ထားသည်။

သူငယ်ချင်းတွေက ကားပေါ်မှာ အဆင်သင့် ထိုင်နေကာ လာဟု လက်လေးပြကြသည်။

ပန်းရောင်စုံ ကားနောက်မှပတ်၍ ဖွင့်ထားသော ကားတံခါး ပေါက်ဆီအသွားမှာ ကားတံခါးနားရပ်နေသော လူရွယ်ကိုမြင်လျှင် အံ့ဩ ရလေသည်။

"ဟင်"

ပန်းရောင်စုံ ကားပျက်နေတုန်းက လာပြင်ပေးသော Mechanic လူရွယ်။ လူရွယ်ဟာလည်း သူမကို မှတ်မိနေပုံရသည်။ သူမ





ဩတာရဲ့နောက်မှာ ပြုံးပြလိုက်တော့ လူရွယ်လည်း ပြုံးကာ။

"အစ်မတော့ မင်းနဲ့ဆုံရတာ ဝမ်းလည်းသာတယ်၊ ကျေးဇူး ည်း တင်ရတယ်"

"ရပါတယ် အစ်မ"

"ဘယ်ဟုတ်မလဲ၊ အစ်မကို ကူညီတဲ့အတွက် အစ်မ ကျေးဇူး ာတယ်"

"အစ်မကျေးဇူးတင်ရင် ကျွန်တော့်ဆရာကို တင်ရမယ်"

"ဘာဖြစ်လို့"

"ဆရာက ကျွန်တော့်ကို ခိုင်းလို့ပါ"

"ရှင့်ဆရာ"

"ဟုတ်တယ်လေ"

"ဟွန်း ရှင့်ဆရာနဲ့ အစ်မ မသိဘူး"

"အဲဒါတော့ ကျွန်တော်လည်း မသိဘူး။ ဆရာခိုင်းလို့ အစ်မ ားကို ကျွန်တော် လာပြင်ပေးဖြစ်တာ"

"နေစမ်းပါဦး၊ ရှင့်ဆရာက ဘယ်သူလဲ"

"ဟိုမှာလေ"

လူရွယ်ညွှန်ပြတဲ့ဆီ သူမ ချက်ချင်းကြည့်လိုက်၏။ ဟိုတ မီးကိုင်းအလှတပ်ဆင်ထားသော မီးတိုင်ရှေ့မှ စတီးလက်ရန်းကို



www.burmeseclassic.com

www.burmeseclassic.com



ဘေးတစောင်းမှီရပ်၍ ဖုန်းစကားပြောနေသောသူ။

ပန်းရောင်စုံ နှုတ်ခမ်းလေးအပွင့်သား ဖြစ်လေသည်။

သူ။

ဆောရီးပြောပြီး ကျောခိုင်းသွားတဲ့သူ။

မနက်ကပဲ တောင်ရိုးတန်းပတ်လမ်းမှာ မျက်နှာချင်းဆိုင် ဆုံခဲ့သေးသည်။ ခုတော့ –

"အဲဒါ ကျွန်တော့်ဆရာလေ၊ အဲဒီတုန်းက . . . ဆရာက foreigner တွေ ကြိုရမယ့်အချိန် နီးနေလို့ အစ်မကို မကူညီနိုင်ဘူး ပြီးတော့ ဆရာ့သူငယ်ချင်းကိစ္စကလည်း အရေးပေါ်မို့ ဆရာ့ခေါင်း တအားရှုပ်နေတာ။ အဲဒါနဲ့ ကျွန်တော့်ကို ဖုန်းဆက်ပြောပြီး အစ်မကား ကိုကြည့်ပေးဖို့ ပြောတာမို့ ကျွန်တော် ရောက်လာတာ၊ အစ်မက ဆရာ့ကို တကယ်မသိဘူးလား"

Mechanic လူရွယ်လည်း ရှင်းပြသလိုပြောရင်း အံ့သြသင့် မေးသည်။

ပန်းရောင်စုံမှမသိတာ။ သူကတော့ ဖုန်းပြောလို့ ကောင်းနေဆဲ သူမ ခေါင်းအသာရမ်း၍ –

"အဲဒီမှာမှ တွေ့ဖူးတာ"

"သြော်"





"ဒါနဲ့ ဒီကားက"

"ဆရာ့ကားပါ။ ကျွန်တော်က လိုအပ်ရင် လိုက်ပေးနေကြ"

"ဒါ ဒါဆို"

"ဟုတ်ပါတယ် ခင်ဗျာ၊ ဒီက အစ်မသွန်းသွန်းတို့ လာငှားတာ၊ ဆက်ချရတဲ့ဒရိုင်ဘာ ခရီးထွက်နေတာနဲ့ ဆရာက ကိုယ်တိုင်မောင်းမှာ ခင်ဗျ"

"ဟုတ်တယ် စုံစုံ၊ သွန်းတို့ငှားလာတာ ဒီကားပဲ၊ လာ ကား ပေါ်တက်"

သွန်းသွန်းက ကားပေါ်တက်ဖို့ လက်ဆွဲခေါ်သည်။ ပန်းရောင်စုံ ခေါင်းလေးဆတ်၏။ ထို့နောက် ဖုန်းစကားပြောနေသောသူ့ကို လှမ်းကြည့် ဖြစ်သည်။

ဖုန်းစကားပြောပြီးသည်နှင့် ပြန်အလှည့်မှာ သူမမျက်ဝန်းနှင့် ပြိုင်းခနဲ ဆုံ၏။ ပန်းရောင်စုံစိတ် မလုံခြုံသလိုဖြစ်ကာ –

"ကျေးဇူးပါပဲ"

လို့ ဗလုံးဗထွေး ပြောမိရင်း အကြည့်လွှဲလိုက်မိသည်။

သူက စူးစူးစိုက်စိုက်ကြည့်နေဆဲမို့ ပန်းရောင်စုံ သူ့မြင်ကွင်း ထဲမှာ ရပ်မနေချင်တော့။ ကားပေါ် လှစ်းတက်လိုက်သည်။

မျက်နှာချင်းဆိုင် မမြင်ချင်ပါဘူးဆိုခါမှ။ အကြောင်းအရာ



www.burmeseclassic.com

www.burmeseclassic.com



တွေ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်လျက်။

ကားတံခါးပိတ်လိုက်ပေမယ့် ကားမှန်မှတစ်ဆင့် မြင်သာ

ဆဲ မဟုတ်လား။

သူငယ်ချင်းသုံးယောက်က သူမထက် တစ်စုံတစ်ခုကို ပိုသိ

သလိုနှင့် မျက်လုံးလေးတွေ ဝင့်ကာ တပြုံးပြုံး ဖြစ်နေသည်က ပန်းရော

စုံကို ပို၍အနေခက်စေသည်။

ဒီထက် ပို၍အနေခက်စေသည်က ကားမောင်းသူနေရာမှ သူ

ထိုင်နေသောအလယ်ခုံတန်းနေရာက တန်းခနဲပင်။

သွန်းသွန်းနဲ့ရတီက နောက်ဆုံးခုံတန်းမှာ။

သူမက ခရမ်းဘေးနားမှ အလယ်ထိုင်ခုံဆိုတော့ နောက်ကြ

မှန်မှ သူ့အကြည့်တွေနှင့် ခဏခဏ ခလုတ်တိုက်တဲ့အဖြစ်။

အကြည့်တွေ ခလုတ်တိုက်တိုင်း ရယ်ကျဲကျဲဖြစ်နေသော ခ

ကို ပန်းရောင်စုံ ဆွဲစိတ်မိတာလည်း ခဏခဏ။

သူမောင်းသော ကားလေးက ငြိမ့်ငြိမ့်လေး ပြေးလွှားနေသ

ပန်းရောင်စုံမြင်လွှာနှင့် စိတ်နှလုံးသားမှာလဲ။

✿ ✿ ✿



## အခန်း (၁၆)

"ဟဲ့ စုံစုံ"

"ဘာလဲဟ"

"သွန်းသွန်းနဲ့ရတီက တွေ့ချင်တဲ့သူကို တွေ့ရလို့တဲ့ ဗီလင်

ဖြစ်နေတာဟ"

"ဘယ်လို၊ တွေ့ချင်တဲ့သူနဲ့ တွေ့ရလို့၊ ဘယ်သူလဲ၊ သွန်းချစ်

သူကိုလား၊ ဒါမှမဟုတ် ရတီနဲ့စေ့စပ်ထားတဲ့ ကိုမင်းရာဇာ"

"အိုး မဟုတ်တာ"

ခရမ်းက သူမပခုံးကို လက်ဖျားလေးနှင့်ပုတ်၍ ဆိုသည်။ စုံစုံ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း သိချင်တာမို့ ပြန်မေးသည်။

"ဒါဆို ဘယ်သူလဲ"

"ရှင် မမြင်ချင်ဘူးလို့ ပြောတဲ့သူကို"

"ဘယ်သူလဲ"

ရှုတ်တရက် ပန်းရောင်စုံ နားမရှင်း။ စုံစုံ မမြင်ချင်တဲ့သူ၊ သွန်းသွန်းနှင့်ရတီက တွေ့ချင်နေတဲ့သူတဲ့။ ခရမ်းက ပဟေဠိဆန်ဆန် ဆိုသည်ကို စုံစုံ အားမလိုအားမရ ပြန်မေးရသည်။

ထိုအခါ ခရမ်း ရယ်ချ၏။

ကားမောင်းနေသော သူ့ဘက် တစ်ချက်ငဲ့ကြည့်သည်။ သူက ကားကို သံလွင်တံတားအောက်ဘက်မှ ကမ်းနားနှုတ်ခမ်းပေါ်မှာ ကားထိုး ရပ်သည်။

ကားရပ်ပြီးသည်နှင့် ကားပေါ်မှ ဆင်းသွားသော သူ့ဆီမှ စုံစုံ အကြည့်လွှဲ၏။

"ဘယ်သူလဲ ပြောလေဟာ"

ပန်းရောင်စုံ စိတ်မရှည်ချင်တော့ပါ။ မေးရပြန်သည်။ ကားရှပ် ပြီးသည်နှင့် Mechanic လူရွယ်က ကားတံခါး လာဖွင့်၏။

သွန်းသွန်းနဲ့စုရတီ ဦးစွာဆင်းသည်။

မေးတာကို ပြန်မဖြေဘဲ ရယ်နေသော ခရမ်းရင့်ကို ပန်းရောင်





စုံ မျက်စောင်းထိုးရင်း ကားပေါ်မှဆင်းမလို့ပြင်သည်။

ထိုသောအခါမှ ပန်းရောင်စုံလက်ကို ခရမ်းရင့်ဆွဲယူ၍ –

"ဟဲ့ ပြောမယ် နားထောင်လေ"

"ဟွန်း။ ရှင် ပဲကိုင်နေပြီးတော့"

"အခြေအနေအရမို့ပါဟ"

"ကဲ ပြော ဘယ်သူလဲ"

"ရဲဝံ့သူ"

ခရမ်းရင့် ပြုံးပြုံးလေးပြော၏။ ထိုအခါ ပန်းရောင်စုံ မျက်လုံး လေးဝိုင်း၏။

နှုတ်မှလည်း "ရဲဝံ့သူ" ဟု သံယောင်လိုက်ရွတ်မိ၏။ ခရမ်းရင့် ခေါင်းဆတ်၍ အားတက်သရောပြော၏။

"ဟုတ်တယ်၊ ရဲဝံ့သူလေ"

"ရဲဝံ့သူ၊ ရဲဝံ့သူက ဘယ်သူတုန်း"

"ဘယ်သူရှိရမလဲ၊ ရှင့် Machanic ရဲ့ဆရာလေ"

"ဟော့တော်"

"ဟော့တော်ဖြစ်မနေနဲ့၊ အဲဒါ ရဲဝံ့သူပဲ၊ ခရမ်းပြောသလို ဟုတ်လား၊ သဘာဝဆန်တယ်၊ နောက်"

"တော်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



ပန်းရောင်စုံ မကြားလိုတော့ပါ။ ခရမ်းရင့် ပါးစပ်ကို သူ့
လက်ဖဝါးနုနုဖြင့် ဖိပိတ်လျက်။

သူ့ကိုငေ့ကြည့်မိလျှင် လှပ်ရှားစ နှလုံးသားက ရှက်ရိပ်ဖြင့်
ပန်းဆီရောင်တောက်၏။

✿ ✿ ✿



## အခန်း (၁၅)

မော်လမြိုင်မြို့တွင် အပန်းဖြေ၍ကောင်းသလို လည်ပတ်စရာ
လည်း ကောင်းမွန်သော ကျွန်းနှစ်ကျွန်း ရှိပါသည်။

တစ်ကျွန်းက ကျွန်းကြီး။ တစ်ကျွန်းက ကျွန်းငယ်။

ကျွန်းကြီးဆိုတာက ရွာပေါင်းတစ်ရာကျော် တည်နိုင်အောင်
ကျယ်ပြောလှစွာသော နာမည်ကျော် "ဘီလူးကျွန်း" ပါ။

ကျွန်းငယ်က ဆယ့်တစ်ဧကမျှသာကျယ်သော မော်လမြိုင်နှင့်
မှတ္တမကြားမှာရှိသော "ခေါင်းဆေးကျွန်း" ရယ်။

ခေါင်းဆေးကျွန်းဟုဆိုသည့်အတိုင်း အနော်ရထာမင်း၊ စော
မီရာဇ်မင်း၊ အလောင်းမင်းတရားကြီး၊ ယိုးဒယားမင်းများနှင့် မွန်လေး



www.burmeseclassic.com

www.burmeseclassic.com



တောင်မှ ရသေ့ကြီးဦးခန္တီတို့ ခေါင်းဆောင်ကြသော ကျွန်းပင်တည်း။

သံလွင်၊ ဒုံသမိ၊ ဂျိုင်း၊ အတ္တရံနှင့် စန္ဒရောမြစ် ငါးသွယ်ဆုံရာ အလယ်ဗဟိုတွင် ပေါ်ထွန်းလာသော အဆိုပါ ခေါင်းဆောင်ကျွန်းသည် ခုနေခါ သာသာယာယာရှိလှသော ကျွန်းငယ်ဖြစ်ပေသည်။

ကျွန်းပေါ် အပန်းဖြေလှည့်ပတ်ကြည့်ရှုရင်း ပန်းရောင်စုံ စိတ်နှလုံးမှာ လန်းဆန်းနေသလို၊ ကြည်ညိုစရာကောင်းသော ဗုဒ္ဓဘာသာဝင်တို့၏ ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်များသာမကပါ။

ဟိန္ဒူဘာသာဝင်များ ကိုးကွယ်သည့် မဟာပိန္နဲရုပ်တုလည်း သီးသန့်အဆောင်နှင့်ရှိ၏။

ဒါ့ပြင် တရုတ်တို့၏ကွမ်ယင်ဘုရားလည်း... ဒါ့ပြင် တရုတ်တို့၏ကုန်သွယ်သူ...

ကွမ်ရင်ရုပ်တုလည်း ထုလုပ်ပူဇော်ကာ၊ တိုင်းရင်းသားတို့၏အထိမ်းအမှတ်အဖြစ် ကရင်စေတီ၊ မွန်စေတီတို့ကိုလည်း တည်ထားသေးသည်။

ဤကျွန်းပေါ် အပန်းဖြေခရီးလာသူများမှာ လူမျိုးစုံသလို ဘာသာလည်းစုံ၏။ ဒါ့အပြင် တိုင်းရင်းသားလူမျိုးတွေလည်း ပါဝင်၏။

အစ္စလာမ်ဘာသာဝင်တို့နှင့် ခရစ်ယာန်ဘာသာဝင်များလည်း လာရောက်ကြကာ၊ ကျွန်းငယ်လေးသဘာဝကို စုံစုံတို့သူငယ်ချင်းများ အားလုံးအတွက် အံ့သြဖွယ်ကောင်းနေသည်။





ဒါ့ပြင် ဝိဇ္ဇာဓိုရ်၊ နာဂဒေဝီ၊ ကျွန်းမောင့်ယက္ခ "ဘဏ္ဍာက"၊ သုရဿတီ၊ ဘိုးမင်းခေါင်၊ သီရိမာလာ၊ ရသေ့ညီနောင် စသော နတ်ရုပ်တုများစွာ ရှိတာကြောင့် နတ်ယုံကြည်ကိုးကွယ်သူများအတွက်လည်း ခွန်အားသဖွယ်။

စုံစုံတို့လျှောက်ပတ်ကြည့်၍ပင် မဆုံးသေး။ သွန်းသွန်းက မအောင့်နိုင်ဘဲ ထုတ်ပြော၏။

"ဒီကျွန်းလေးက မျက်မြင်အရ ထူးခြားတာထက် အံ့သြဖို့ကောင်းတယ်၊ အံ့သြတာထက် ပေါင်းစည်းညီညွတ်ရေးရဲ့ နိမိတ်ဆောင်တာမို့ ငြိမ်းချမ်းရေးကျွန်းလို့ နာမည်သစ်မှည့်လို့ရတယ်ဟဲ့"

"အေးဟ၊ ရတီလည်း အဲဒီလိုပဲ စဉ်းစားနေမိတယ် စုံစုံ"

စုရတီက ဂေါတမမြတ်စွာဘုရားလောင်းလျာမွေးဖွားရာဖြစ်သော နီပွန်နိုင်ငံရှိ ဗုဒ္ဓဂါရုန်စေတီတော်၊ သိဒ္ဓိရှင်နာဂရန်ပြေ၊ မာန်ပြေစေတီကို ဖူးပြီး ပန်းရောင်စုံတို့ ခေတ္တအနားယူရင်း ထိုင်စကားပြောနေသော ကျောက်ခုံတန်းလေးဆီ လျှောက်လာရင်း အသံကျယ်ဖြင့် အားရပါးရ လှမ်းပြော၏။

"ဟုတ်တယ်နော်၊ တစ်နေရာတည်းမှာ ဘာသာစုံတို့ ကိုးကွယ်ရာ အဆောက်အအုံစုစုစည်းစည်းရှိနေသလို ဘာသာရေးပွဲတော်လည်း သူ့အချိန်နဲ့သူ ကျင်းပကြတာက ပေါင်းစုံချစ်ကြည်နေတဲ့ သင်္ကေတပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့်မို့ ထင်တယ်၊ မိတ္ထီလာနဲ့ရှိုင်မှာလို ဘာသာရေးအခြေခံတဲ့ အဓိကရုဏ်းဖြစ်မှုတွေ, အုပ်စုဖွဲ့ဆူပူရမ်းကားသတ်ဖြတ်မှုတွေ မရှိတာ နေမှာ''

မြစ်ပြင်ပေါ်မှာ ခန့်ခန့်ညားညား သွယ်တန်းနေသော သံလွင်တံတားကြီးကို ငေးကြည့်နေသော ခရမ်းရင့် လေးလေးနက်နက် ဝင်ပြောသည်မှာ ဆူပူမှုမဖြစ်ပေါ်သော ဤမြို့ပေါ်၏ငြိမ်းချမ်းသာယာဖြစ်မှုကို အားကျမှုတွေနှင့်ဖြစ်မှန်း သိသာနေသည်။

''ဟုတ်တယ်၊ ဒါကြောင့် မော်လမြိုင်က အေးချမ်းနေတာလေ၊ လည်လို့ပတ်လို့လည်းကောင်း၊ ဗဟုသုတလည်း ရတယ်၊ ပြီးတော့ ဘယ်မြို့၊ ဘယ်နယ်၊ ဘယ်တိုင်းဖြစ်ဖြစ် မော်လမြိုင်လိုပဲ ဘာသာပေါင်းစုံ ငြိမ်းချမ်းစွာ အတူနေထိုင်ရင် နိုင်ငံတော်လည်း ငြိမ်းချမ်းမှာဟ၊ နိုင်ငံတော်ငြိမ်းချမ်းမှ အဖက်ဖက်က ဖွံ့ဖြိုးတိုးတက်မှာ''

''သိပ်ဟုတ်တာပေါ့ ပန်းရောင်စုံ''

စုံစုံ စိတ်ပါလက်ပါ ဝင်ပြောလို့မဆုံးခင် သူပါ ဝင်ပြောလေသည်။

ထိုအခါ စုံစုံ သူ့ကို လှမ်းကြည့်မိ၏။

ရွှေရောင်မှည့်ဝင်းသော ဘဲဥပုံစံရှည်ဝန်းထောင်မတ်နေသော ကျွန်းဒေါင့်စေတီတော်အနားမှာ လှိုင်းပြေပြေလေး လှုပ်ခတ်နေသည့်





ချပြင်အလှကို/ဓာတ်ပုံရိုက်နေရာမှ လှည့်မကြည့်ဘဲ သူ ပြောလာသည်။

ပန်းရောင်စုံနည်းတူ သူငယ်ချင်းတွေလည်း သူ့ကို လှမ်းကြည့်နေ၏။

ရေပြင်အလှကို သူ့စိတ်ကြိုက် ဓာတ်ပုံရိုက်ပြီးသွားဟန်တူသည်။

ကျွန်းထောင့်စေတီအပါးမှာ စုံစုံတို့ ထိုင်နေကြသည့် ရောင်စုံချိတ်ဖော်ထားသော ကျောက်ခုံတန်းဆီ သူ လှည့်လာလျှင် –

''ပြောစမ်းပါဦး၊ သိပ်ဟုတ်တာပေါ့ဆိုတာက ဘာလဲ ကိုရဲ''

အုတ်ခုံမှာ သက်သောင့်သက်သာ ထိုင်နေသော ခရမ်းရင့်က လိုက်ကိုယ်စား ဝင်မေးလိုက်၏။

သူက စုံတို့နှင့် မလှမ်းမကမ်းရှိ ငုဝါပင်အောက် ရပ်လိုက်ရင်း အသားနက်သောဟန်ဖြင့် ကြည်လင်စွာ ပြောသည်။

''ဒါကတော့ ရှင်းရှင်းလေးပါ၊ ကိုယ့်ပြည်တွင်းမှာ ဟိုမြို့၊ ဒီမြို့က ဆူဆူပူပူဖြစ်လေ၊ တိုင်းပြည်တိုးတက်ဖို့ နှောင့်နှေးလေပဲ၊ တိုင်းပြည်တိုးတက်မှု မနှောင့်နှေးစေဖို့ အရေးကြီးဆုံးက စည်းလုံးညီညွတ်ရေးပဲ၊ နိုင်ငံတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ဘယ်လူမျိုးနဲ့ဘယ်ဘာသာဝင်ဖြစ်ဖြစ် သွားစည်းရမယ်၊ အဲဒီလိုသွေးစည်းဖို့က မဖျိုမပဋိပဒါလမ်းစဉ်ကို ကျင့်သုံးကျမှာပဲ၊ ဘာသာရေးဖြစ်ဖြစ်, အယူအဆဖြစ်ဖြစ်ပေါ့၊ အစွန်းတင်ကျော်ဟာက်ရောက်နေရင် တကယ်ဖြစ်လာမှာက ဆိုးကျိုးတွေပဲ''



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သားပဲလို့ စုံတို့ ခေါင်းညိတ်၏။

"အယူအဆစွဲ၊ သာသာရေးအစွဲ၊ အစွဲတစ်ခုခုကြောင့် နိုင်ငံတွင်းမှာ မီးတင်းနေထိုင်ကြသူချင်းချင်း ပြဿနာဖြစ်ကြလို့ လူ့အသက်တွေ သေကျေကြတာဟာ ပြည်တွင်းရှိ လူ့စွမ်းအားအရင်းအမြစ် ဆုံးရှုံးတာပဲ လူ့စွမ်းအားဆုံးရှုံးရင် နိုင်ငံရဲ့ကုန်ထုတ်လုပ်စွမ်းအားကို ထိခိုက်လာမယ် အိုးအိမ်အဆောက်အအုံဘာညာတွေ ပျက်စီးတော့လည်း နေထိုင်မှုဘဝ မလုံခြုံဘူး၊ ရိုးသားစွာကြိုးစားရှန်းကန်နေတဲ့ ဘဝကနေ အိုးမဲ့အိမ်မဲ့ အခြေအနေမဲ့ပြီး ဒုက္ခမျိုးစုံရောက်ကြတာ သဘာဝပဲ"

"ဟုတ်တယ်နော်၊ ဘာကြောင့်ဖြစ်ဖြစ် ဘယ်မြို့ရွာ ဘယ်နယ်ပယ်မှာပဲဖြစ်ဖြစ် မငြိမ်မသက်ဖြစ်ကြရင် အဲဒီဒေသခံပြည်သူအများ ဒုက္ခရောက်ကြတာ သနားဖို့ကောင်းတာပဲ"

"သူတို့ချည်း ဒုက္ခရောက်တာ မဟုတ်ဘူး၊ တခြားသူတွေအပေါ် သွယ်ဝိုက်ပြီး ဒုက္ခရောက်ကြရတာပဲ"

"သွယ်ဝိုက်ပြီး"

"ဟုတ်တယ် ပန်းရောင်စုံ၊ နိုင်ငံတွင်းမှာ ဟိုမြို့၊ ဒီမြို့ ဆူပူ ဖြစ်ပြီး အဲဒီမြို့က လူတွေ ဒုက္ခရောက်သလို တခြားမြို့မှာနေတဲ့ ကျွန်တော်တို့လို ပြည်သူတွေလည်း သွယ်ဝိုက်ပြီး ဒုက္ခခံစားရတာပဲ"

"ဘယ် ဘယ်လို"





ပန်းရောင်စုံ အံ့ဩခြင်းတွေပိုသွားသည်။ ဘာဆိုင်လဲဟု ပန်းရောင်စုံ သိချင်လာသည်။

ထို့အတူ သူငယ်ချင်းတွေလည်း သိချင်လာကာ။

"ဘယ်လို ကိုရဲ"

"စုံတို့ကြားဖူးမှာပါ၊ ညောင်ဦးကမ်းပါးပြိုလို့ စမွါနဂိုရ်က နွားမ သင်္ကြိုးတယ်ဆိုတာလေ"

"ကြားဖူးတာပေါ့၊ အဲဒါ ဟာသပဲလေ"

"ဘယ်လို၊ ဟာသ ဟုတ်လား"

"ဟုတ်တယ်လေ၊ စမ္ပါနဂိုရ်ဆိုတာ ရှေးအိန္ဒိယနိုင်ငံ၊ ဂင်္ဂါမြစ်ဝှမ်း၊ မဂဓတိုင်းနဲ့ ဘင်္ဂတိုင်းနယ်နိမိတ်၊ စမ္ပါမြစ်ရဲ့ အရှေ့ဘက်ကမ်း ယနေ့ခေတ် ဘာဂါလ်ပူမြို့တည်ရာအနီးမှာရှိတဲ့ ဘင်္ဂတိုင်းရဲ့မြို့တော်လေ၊ ညောင်ဦးက မြန်မာနိုင်ငံအလယ်ပိုင်း မိုင်ထောင်ချီဝေးတာရှင့်၊ ညောင်ဦး ကမ်းပါးလေးပြိုရုံနဲ့ ဟိုမိုင်ထောင်ချီဝေးတဲ့ ဘင်္ဂတိုင်းရဲ့မြို့မှာရှိတဲ့ နွားမ သင်္ကြိုးတာနဲ့၊ မဆိုင်တာကို ဟာသလုပ်ပြောတဲ့စကား မဟုတ်လား"

နှုတ်သွက်သော စုရတီ ပက်ခနဲ့ပြန်ပြော၏။ ထိုအခါ ထူပြန့်သော သူ့နှုတ်ခမ်းပေါ်မှာ အပြုံးပွင့်လျက်။

စုရတီ ပက်ခနဲ့ပြောဟန်ကို သဘောကျသလို စုရတီသော ပြည့်၍ –



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစကားက အခုခေတ်မှာ ဟာသမဟုတ်တော့ဘူး။ တကယ် ဖြစ်လာပြီ"

"ဘယ် ဘယ်လို"

"မရတီ စဉ်းစားကြည့်လေ၊ အဲဒီမြို့တွေ ဆူပူနေရင် ရောင်း ဝယ်ဖောက်ကားမှု မတည်ငြိမ်တော့ဘူး၊ တစ်မြို့လုံး ကိုးလန့်စာ စားနေ ရသလိုဖြစ်နေတော့၊ တစ်မြို့နဲ့တစ်မြို့ ကုန်သွယ်မှုက ဘယ်လိုလုပ် မှန် တော့မလဲ"

"အေးနော်"

ပန်းရောင်စုံ ခေါင်းလေးညိတ်သလို ဒက်ခနဲ့ ထောက်ခံမိလေ သည်။

"ဒါတင်ဘယ်ကမလဲ၊ တခြားမြို့က ပြည်သူတွေလည်း စိုးရိမ် စိတ်ကိုယ်စီ ဖြစ်ရတယ်လေ၊ ငါတို့မြို့ကိုပါ အဲဒီအဓိကရုဏ်း ကူးဆက် လာရင်ဆိုတဲ့အတွေး ဖိစီးလာမယ်။ အဲဒီတော့ ဘယ်လိုလုပ်ပြီး အေး သာချည်းပဲလို့ ရှောင်နေနိုင်မလဲ၊ စိုးရိမ်စိတ်တထင့်ထင့်နဲ့ နေထိုင်ကြ မယ်၊ နောက်ပြီး ခရီးသွားလာရေးကိုပါ ထိပါးလာတော့ ခရီးသွားစီးပွား ရေးလုပ်ငန်း ထိခိုက်တော့တာပဲ၊ မငြိမ်းချမ်းတဲ့မြို့ကို ဘယ်သူအလည် သွားချင်မလဲ"

"ဟုတ်သားနော်"





စုရတီနဲ့အတူ သွန်းသွန်းကလည်း ခေါင်းတဆတ်ဆတ်ညိတ် သည်။

"ကျွန်တော်က ကုန်သွယ်ရေးရော၊ ခရီးသွားလုပ်ငန်းပါ တွဲ လုပ်တယ်လေ၊ အဲဒီတော့ ပြဿနာတက်နေတဲ့မြို့တွေကို ကုန်ပစ္စည်း ပို့ရဲတော့ဘူး။ ပြဿနာကြားထဲမှာ ကိုယ့်ပစ္စည်းဆုံးရှုံးမှာတွေ ကြောက် ရသလို၊ ခရီးသွားတွေကိုလည်း အဲဒီမြို့တွေဆီ အလည်အပတ် သွား ကြဖို့ မဆွဲဆောင်ရဲဘူး။ အဲဒီတော့ ကျွန်တော်တို့လုပ်ငန်းသမားတွေသာ မက တစ်နိုင်တစ်ပိုင်အလုပ်တွေပါ အလုပ်အကိုင်ထိခိုက်တော့တာပဲ၊ အဲဒါကြောင့် ညောင်ဦးကမ်းပါးပြိုလို့ စမ္ပါနဂိုရ်က နွားမပေါင်ကျိုးတယ် ဆိုတာ အဲဒီသဘောပေါ၊ ကျွန်တော်တို့ ငြိမ်းချမ်းပေမယ့် တခြားမြို့ မငြိမ်းချမ်းတော့ ကျွန်တော်တို့လည်း သွယ်ဝိုက်ပြီး စီးပွားရေး ထိခိုက် တယ်လေ၊ အထူးသဖြင့် ရခိုင်ဆိုရင် ယဉ်ကျေးမှုအမွေအနှစ်ရှိလို့ လေ့ လာချင်သူတွေ၊ ခရီးသွားတွေ ကမ္ဘာလှည့်ခရီးသည်တွေ စိတ်ဝင်စားကြ တယ်၊ ခုဆို ရခိုင်မငြိမ်မသက်ဖြစ်တော့ အားလုံးနောက်ဆုတ်နေကြရ တယ်၊ မသွားရဲကြဘူး၊ အဲဒီမြို့ကို မသွားရဲမှတော့ အဲဒီပြည်နယ်ရဲ့ ဖွံ့ ဖြိုးတက်မှု ဆုတ်ယုတ်ပြီလေ"

တိတ်ဆိတ်စွာ နားဆင်နေသော ခရမ်းရင့် သက်မလေးလည်း ခေါင်းညိတ်ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့နော်၊ အခြေအနေက တစ်ခုနဲ့တစ်ခု ဆက်စပ်နေတာပဲ"

"ဒါတင်ဘယ်ကမလဲ၊ မြို့ရွာ၊ ပြည်နယ်တိုင်း ဖွံ့ဖြိုးတိုးတက်မှု ဆုတ်ယုတ်တာက နိုင်ငံတော်ဆုတ်ယုတ်တာ၊ တစ်နည်းပြောရရင် နိုင်ငံတကာက ကျွန်တော်တို့နိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်တစားဖြစ်နေတဲ့ ခုလိုအချိန်မှာ ကျွန်တော်တို့နိုင်ငံတွင်းမှာ ဒီလိုဆူပူနေတယ်ဆိုရင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမယ့်သူတွေ ဘယ်လိုလုပ် စိတ်ချလက်ချလာပြီး ရင်းနှီးမြှုပ်နှံဖို့ သွေးရဲမလဲ၊ သူတို့လည်း လူမျိုးခြား ဘာသာခြားပဲ၊ သူတို့ရဲ့အသက်စည်းစိမ်အတွက် အာမခံချက်မရှိဘူးလို့မြင်ပြီး ရင်းနှီးမြှုပ်နှံချင်တာကို မမြှုပ်နှံတော့ဘဲ နောက်ဆုတ်သွားမယ်ဆိုရင် နိုင်ငံရဲ့အကျိုးစီးပွားက ပေါင်ကျိုးသလောက်မဟုတ်တော့ဘူး၊ ခါးကျိုးတဲ့အဖြစ် ရောက်သွားမှာဗျ"

"အင်း၊ အဲဒီလိုကျတော့လည်း စိုးရိမ်စရာရယ်ပဲနော် ကိုရဲ"

"ဒါပေါ့ ပန်းရောင်စုံ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆိုတာ နိုင်ငံတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ဘယ်လူမျိုး၊ ဘယ်ဘာသာဝင်ဖြစ်ဖြစ် စည်းလုံးညီညွတ်ကြဖို့ လိုအပ်တယ်၊ အဲဒါဟာ အဓိကပွိုင့်"

"အင်း . . . အဲဒီပွိုင့်ကို ကိုရဲတို့ မော်လမြိုင်သူ မော်လမြိုင်သားတွေ အလေးထားလို့ဖြစ်မယ်၊ တခြားမြို့တွေ ပြဿနာဖြစ်နေချိန်မှာ





တောင် မော်လမြိုင်က ငြိမ်းချမ်းနေတာလေ"

"ဟုတ်တယ် ပန်းရောင်စုံ၊ ကျွန်တော်တို့မြို့က လူကြီးလူငယ် လူရွယ်လူလတ်အားလုံး အဲဒီပွိုင့်ကို အလေးထားတယ်၊ ဘယ်လူမျိုး ဘယ်ဘာသာဖြစ်ဖြစ် ဆူပူမှုကို အဖြစ်မခံလိုဘူး၊ သွေးစည်းညီညွတ်ကြတယ်၊ ကောလဟာလဖြစ်ဖြစ်၊ ဆူပူမှုတစ်ခုခုဖြစ်မယ့် အခြေအနေဖြစ်ဖြစ် တစ်ခုခုမသင်္ကာစရာကြုံရတာနဲ့ ဘာသာပေါင်းစုံက လူကြီးပိုင်းတွေ ချက်ချင်းတွေ့ဆုံဆွေးနွေးကြတယ်၊ အဲဒီကိစ္စ သေးသေးမွှားမွှားလေးကို အမြန်ဆုံးပဲ ပျောက်ဖျက်အောင် ရှင်းလင်းဖယ်ရှားလိုက်တယ်၊ အဲဒါကြောင့် မော်လမြိုင်က ပန်းရောင်စုံတို့ဖြစ်ဖြစ်၊ ဘယ်သူဖြစ်ဖြစ် လွတ်လွတ်လပ်လပ် စိတ်ချမ်းချမ်းသာသာ သွားလာလည်ပတ်နိုင်တာလေ"

"ဟုတ်တယ်၊ အဲဒါတော့ အပြည့်အဝထောက်ခံတယ်"

သွန်းသွန်းက အပြည့်အဝထောက်ခံ၏။ ခရမ်းရင့်က တစ်ခုခုကို တွေးနေရာမှ ဖျတ်ခနဲ မေးသည်။

"ဒါနဲ့ ကိုရဲ၊ အဲဒီလိုဖြစ်ကြတာ ဘာကြောင့်လဲ"

"သူ့အလိုလိုဖြစ်လာတာ မဟုတ်ဘူး၊ ကိုယ်ကျိုးဖြည့်တဲ့ လူတစ်စုက ဆင်ခြင်တုံတရားမဲ့တဲ့လူတွေကို လက်သပ်မွေးတယ်၊ ပြီးတော့ ဘာသာရေးခုတုံးလုပ်ပြီး စေခိုင်းခြင်းနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး



www.burmeseclassic.com

www.burmeseclassic.com



ကို နှောင့်ယှက်တဲ့ အစွန်းထွက်ဝါဒီတွေကြောင့်"

"ဟယ် ယုတ်မာလိုက်တာ"

စုရတီ လွှတ်ခနဲ ပြောဏ်။

"ကိုယ်ကျိုးရှာသမားက သူတို့လုပ်ရပ်ကို သူတို့ ယုတ်မာတယ်လို့ မထင်ကြဘူး။ ဘယ်သူသေသေ ဘာတွေပျက်စီးပါစေ အရေးမစိုက်ဘူး။ သူတို့ အရေးစိုက်တာက တစ်ခုခုကို ခုတုံးလုပ်ပြီး ပြဿနာဖြစ်အောင် နှိုးဆွမယ်၊ ပြဿနာဖြစ်ရင် သူတို့က တောကြောင်တွေလို လက်ခမောင်းခတ်ပြီး သူတို့အကျိုးစီးပွားဖြစ်ရာဖြစ်ကြောင်းကို ဖန်တီးကြဖို့ တာဆူပြီး အမှောက်အဖျက်လုပ်ဖြစ်အောင် ကြားလူတွေကို သွေးထိုးပေးမယ်၊ အဲဒါက သူတို့ရဲ့ အန္တိမပန်းတိုင်ပဲ"

"ဟွန်း၊ သူတို့က ရတီထင်တာထက် ယုတ်မာတာပေါ့"

"ဟုတ်တယ်၊ ယုတ်မာတဲ့အကျင့်အကြံကို ပိုက်ထားကတည်းက အဲဒီသူဟာ ဘယ်တော့မှ ကောင်းရာမွန်ရာလုပ်မှာမဟုတ်ဘူး။ သူတို့က လူကောင်းအရေခြုံထားတဲ့ အစွန်းထွက်လူတွေ၊ ဥပမာ အစ္စလာမ်ဖြစ်ဖြစ်၊ ဟိန္ဒူဖြစ်ဖြစ်၊ ဗုဒ္ဓဘာသာဖြစ်ဖြစ်၊ ခရစ်ယာန်ဖြစ်ဖြစ်၊ ကိုး ဘာသာဖြစ်ဖြစ်၊ ဘယ်ဘာသာကိုပဲ ကိုးကွယ်စေ၊ အဖျက်အမှောင့် အများပြည်သူအကျိုး၊ တိုင်းပြည်အကျိုး ထိပါးအောင်ပြုမူတဲ့သူတွေဟာ လူကောင်းမဟုတ်ဘူး"





"အဲဒါ ဘယ်သူသတ်မှတ်တာလဲ"

"အိန္ဒိယနိုင်ငံက ကမ္ဘာကျော် ဝိပဿနာဆရာကြီး ဂိုအင်ကာလေ"

"ဟုတ်သားပဲ၊ ဘယ်ဘာသာကိုးကွယ်ပစေ အဖျက်အမှောင့်ကင်းကင်းနဲ့ ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုး သယ်ပိုးတဲ့လူဟာ သူတော်ကောင်းပဲ၊ ဆရာကြီးဂိုအင်ကာ တန်ဖိုးဖြတ်တာ ဓမ္မဓိဋ္ဌာန်ကျတယ်၊ လူဆိုတာ လူသားဆန်တဲ့စိတ်နဲ့ လူလူချင်း တန်းတူဆက်ဆံပြီး တစ်ယောက်အကျိုး တစ်ယောက်သယ်ပိုးပြီး စည်းစည်းလုံးလုံးနေကြမှ ဒီမြို့၊ ဒီနိုင်ငံ, ဒီကမ္ဘာကြီး ငြိမ်းချမ်းမှာလေ"

"အစစ်ပေါ့"

"ဘာပဲဖြစ်ဖြစ်လေ ဟောဒီခေါင်းဆောင်ကျွန်းရဲ့ဘာသာစုံချစ်ကြည်ရေးနိမိတ်ဆောင်တဲ့အတိုင်း မော်လမြိုင်ငြိမ်းချမ်းသလို အခြားမြို့ရွာအားလုံး ငြိမ်းချမ်းပါစေဟယ်"

"လက်ရှိတော့လည်း အတော်ငြိမ်းချမ်းနေပါပြီ၊ နောင် ဒါမျိုးမဖြစ်အောင် ဆင်ခြင်သတိရှိဖို့လိုတယ်၊ ယုတ်မာတဲ့ လူနည်းစုကို ကျွန်တော်တို့အားလုံး စည်းလုံးမှုနဲ့ နှိမ်နင်းလိုက်ရင် ကျွန်တော်တို့ မြို့ရွာတိုင်းနယ်ပြည်နယ်အားလုံး အရှိန်အဟုန်နဲ့ တိုးတက်သွားမှာလေ၊ အဲဒီတော့ နိုင်ငံလည်း တိုးတက်ပြီပေါ့"

www.burmeseclassic.com



"ဟုတ်ပါ့ ကိုရဲ၊ ကိုရဲ ပြောလိုက်မှပဲ စမ္ပါနဂိုရ်က နွားမဖေါင် ကျိုးရတဲ့အဖြစ်ကို နားလည်တော့တယ်"

"ရပါတယ်၊ ကျွန်တော်ကလည်း ကြုံကြိုက်တုန်း ပြောဖြစ်တာ ပါ"

"ကိုရဲကသာ အဲဒီလိုပြောတာ၊ ခေတ်ရွှေ့ဆို ကိုရဲလို ပြောတာ မဟုတ်ဘူး၊ နင်တို့ မသွားကြနဲ့ အခြေအနေမကောင်းဘူး ဘာညာနဲ့ ပြောပြီး တားတာလေ"

သွန်းသွန်းပြောလျှင် သူ မျက်မှောင်ကြုတ်သွား၏။

"ခေတ်ရွှေ့ဆိုတာ ဘယ်သူလဲ"

ဟု ခပ်တိုးတိုး မေး၏၊ ထိုအခါ ခရမ်းရင့်က ဝေါခနဲ ပြောချ လိုက်၏။

"စုံစုံနဲ့ မစေ့စပ်ထားရုံတမယ်၊ လူကြီးချင်း စီစဉ်ထားတဲ့လူ လေ"

"ဟင်"

ထိုအခါ ရီဝေနေသော သူ့မျက်ဝန်းမှာ မှောင်ရိပ်လေး ရုတ် ခြည်းဖြတ်သန်းကာ ပန်းရောင်စုံကို အငေးသားစိုက်ကြည့်၏။

ပန်းရောင်စုံ မလုံမလဲဖြစ်ပြီး –

"အိုး ရှင်တို့တွေကလည်း စကားက မဆိုင်တဲ့လူဆီ လမ်း





ကြောင်းတည့်ပေးနေပြန်ပြီ၊ တော်ပြီ စုံ မနားတော့ဘူး၊ ရှမ်းမင်းသား ညီနောင်စေတီ သွားဖူးဦးမယ်"

စုံ မလုံမလဲပြောရင်း သူ့ရှေ့မှ ရှောင်ထွက်ခဲ့၏။

ထို့ပြင် နှစ်ဦးသား ရင်ထဲမှာ လှိုင်းပုတ်ခံရသော ကမ်းစပ်ရေ ပြင်လို တဖျပ်ဖျပ် ရိုက်ခတ်ခြင်း ခံရသလို။

လှုပ်လှုပ်ရှားရှား၊ ရုန်းရုန်းကြွကြွဖြစ်တည်လျက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)

"ဟဲ့ သွန်းသွန်း ဘာလို့ အဲဒီလိုပြောလိုက်တာလဲ"

"ဘာကိုလဲ ခရမ်းရဲ့"

"ခေတ်ရွှေနာမည်ပါအောင်လေ"

သွန်းသွန်းက ရယ်ချင်ချင်လေ ဖြစ်သွားပြီး။

"အကြောင်းတိုက်ဆိုင်တာရယ်၊ ကိုရဲကို နောက်ချင်တာ ကြောင့်လေ"

"ရှင်နောက်တာ အရေးမကြီးဘူး၊ ဟိုမှာ နှစ်ယောက် မျက်ဝန်းမှာ မိုးညို့နေပြီ"





စုရတီ ရိပ်မိစွာ ဝင်ပြောလေသည်။ ထိုအခါ သွန်းသွန်းက စေတ်နိုင်ဘူးဆိုသည့်သဘောဖြင့် ဆန့်ကျင်ဘက်ဆီ ကျောခိုင်းသွား နေကြသော ကိုရဲနှင့်စုံစုံကို တစ်လှည့်စီ ကြည့်၏။

စုံစုံက ခေတ်ရွှေနာမည်ပါသွားသည်နှင့် မလုံမလဲဖြစ်ကာ မှုန်မင်းသားညီနောင်စေတီဘက် ရှောင်ထွက်သွားခြင်း။

ကိုရဲက မှိုင်းညို့သောမျက်ဝန်းဖြင့် ရေလှိုင်းပုတ်နေသော ကမ်း ဆီနားဆီသို့ ဦးတည်ရာမဲ့သလို လျှောက်သွားနေသည်။

"ခရမ်းတို့အုပ်စုနဲ့ကိုရဲ စကားရောပြောတာက သာမန်မဟုတ် ဘူး"

"ဘယ်လို"

"ဟွန်း ရှင်တို့ကလည်း ဒီလိုနေရာကျတော့ တုံးနေပြန်ရော"

"ဘာတုံးလို့လဲ"

သွန်းသွန်း အားကျမခံ ပြန်မေး၏။ ခရမ်းက လေသံနှိမ့်ချ၍

"ဘာလို့မတုံးရမှာလဲ၊ ကိုရဲမျက်ဝန်းထဲမှာ ဘာအရိပ်အယောင် တွေ ရှိလဲ၊ ရှင် အကဲမခတ်မိဘူးလား သွန်းသွန်း"

"အင်း၊ ခတ်မိသယောင်ယောင်တော့ ရှိသား"

"ဟွန်း အခုမှ တယောင်ယောင်တဲ့၊ တယောင်ယောင် မပြော နဲ့ ခရမ်းက တည့်တည့်ပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"ကိုရဲမျက်ဝန်းထဲမှာ စုံစုံကို ညွတ်နေတာ"

"အလိုလေ";

စုရတီနဲ့သွန်းသွန်း ခုမှ ရှင်းရှင်းလင်းလင်း သဘောပေါက်သ
အမှုအရာတွေပါ လှုပ်ရှားသွား၏။

"အလိုလေ လုပ်မနေနဲ့ ခရမ်းက ဒါမျိုးဆို ဒက်ခနဲ့ အကဲခ
ပြီးသား"

"ကိုရဲက ညွတ်နေတာ ဟုတ်လား။ ဒါဆို စုံစုံကရော"

ခေတ်ရှေ့နာမည်ပါသွားတာနဲ့ စုံစုံ မလုံမလဲဖြစ်နေတာ
ထူးခြားတယ်လေ။

စုံစုံလည်း ကိုရဲကို ညွတ်ချင် ညွတ်နေမှာပေါ့။

"တကယ်ညွတ်ရင်တော့ ပြဿနာအကြီးကြီးတက်မှာနော်"

စုရတီ အရှည်မျှော်တွေးပြီး ပြောမိသွားသည်။

"အေး ခရမ်းလည်း အဲဒါကိုပဲ-တွေးတွေးမိတယ်၊ တွေးမိ
လှေပေါ်တက်တဲ့အချိန်ကတည်းက"

"ဟင်"

သွန်းသွန်းနဲ့စုရတီ ခရမ်းကို တအံ့တဩ မကြည့်ဖြစ်ပဲ
နိုင်တော့ပါ။





မျက်လုံးဝိုင်းဖြင့် ခရမ်းကို ပြိုင်တူကြည့်လျှင် ခရမ်းခေါင်း
သေးခေတ်ပြီး သူမ ရိပ်မိတဲ့အကြောင်း မျက်ဝန်းထဲမှာ ပြန်မြင်လေသည်။

မော်လမြိုင်ကမ်းမှ ခေါင်းဆေးကို စက်တပ်လှေကြီးနဲ့ ကူးရ
သယ် မဟုတ်လား။

ခရမ်းတို့က မြူးမြူးကြွကြွနှင့် တစ်ယောက်လက် တစ်ယောက်
အပြုံးကိုင်ကာ လှေပေါ်တက်ကြသည်။

စုံစုံက နောက်ဆုံးမှာ။ လှေက ရေလှိုင်းအပုတ်နဲ့ လှုပ်နေတယ်
ဟုတ်လား။ ထိုအခါ စုံစုံက တက်မရဲဖြစ်လေသည်။

ကိုရဲက ညွတ်နေတဲ့စိတ်နှင့် လက်ကမ်းပေး၏။ ပန်းရောင်စုံက
မျက်ရှုက်ဖြင့် ခေါင်းလေးခါသည်။ ရတယ်ဆိုပြီး စုံ့ဘာသာစုံ အရဲကိုး
တက်မလို့ပြင်သည်။ ထိုအခါ ကိုရဲ –

"ရတယ်လုပ်မနေနဲ့၊ တော်ကြာ ကျသွားရင်"

ဟု ပြောသလို။ စုံစုံ့လက်ကို ဆွဲ၏။ ထိုအခါ စုံစုံ့မျက်နှာလေး
ညှို့ကာ။ ရှန်းလို့လည်းမရ ဖြစ်လျက်။

လှိုင်းပုတ်နေသော လှေပေါ်အရောက်မှာ နှစ်ယောက်သား
မျက်ဝန်းမှာ ရင်ခုန်လှိုင်းတို့ ဖွဲ့တည်သလို။

နှစ်ယောက်သား ရိပ်ခနဲ့ကြည့်နူးသွားသောမြင်ကွင်းကို ခရမ်း
သဲ့ဖမ်းနိုင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါက တခြားမဟုတ်ပါ။

ကိုရဲနှင့်စုံတို့ရင်တွင်းမှာ အချစ်လှိုင်းတို့ ရွေ့ပြေးရောက်ရှိနေပြီဆိုတာကိုပေါ့။

✿ ✿ ✿



## အခန်း (၁၃)

တိတ်ဆိတ်ခြင်း၌ အလှတစ်မျိုး ရှိလေသည်။

အထူးသဖြင့် ညဥ့်၏တိတ်ဆိတ်ခြင်းအလှသည် မှင်တက်ငေးမောဖွယ် ဆွဲညှို့နိုင်စွမ်းသည်ဟု ပန်းရောင်စုံ ယူဆသည်။

ထို့ကြောင့် တိတ်ဆိတ်ခြင်း ညဥ့်အလှကို ငေးကြည့်ရင်း မြစ်လွှာမှ တရေးရေး ပေါ်လာသည်မှာ

"သူ"

ဖျတ်လတ်မှုနှင့် တက်ကြွသော သူ့ဟန်မှာ မာနီပါပါဖြစ်နေသဖြင့် စိတ်ညွတ်ဖွယ်ကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညနေခင်းဆည်းဆာဆို ကမ်းနားလမ်း အရမ်းစည်တယ်၊ လမ်းလျှောက်လို့လည်း ကောင်းတယ်"

ခေါင်းဆောင်းကျွန်းမှအပြန် သူပြောလျှင် –

"စည်တဲ့နေရာဆို ခရမ်းတို့ ပိုသဘောကျတယ်ရှင့်၊ ပဲများများပေးပြီး လမ်းလျှောက်ရရင် သိပ်ဖီလင်ရှိမှာလေ"

"ဟုတ်ပါ့"

ခရမ်းနောက်မှ သွန်းသွန်းတို့လည်း ထောက်ခံသည်။ ထိုအခါ သူ့မျက်ဝန်းက ပန်းရောင်စုံဆီ လည်လာသည်။

လည်လာသော သူ့မျက်ဝန်းက ပန်းရောင်စုံနှင့် နှလုံးသွေးကို နွေးဖိုစေသည်။

ထို့ပြင် သူပြောတာကို ခရမ်းတို့နည်းတူ သူမ စိတ်ဝင်တစား ရှိ့မရှိဆိုတာလည်း သိလိုခြင်းတို့ ပါနေတာမို့။

"ကောင်းသားပဲ၊ လမ်းလျှောက်မယ်လေ"

ပန်းရောင်စုံ မပွင့်တပွင့်ဆိုသော်လည်း သူ့မျက်ဝန်းမှ ကျေနပ်သွားဟန်တူသည်။

ခေါင်းဆောင်းကျွန်းသွားသည့် ဆိပ်ကမ်းမှ မော်လမြိုင်ဟိုတယ်ကိုဖြတ်ကာ မော်လမြိုင်ကမ်းနားလမ်းဆီ ကားဦးလှည့်၏။

သုံးမိနစ်ပင် မကြာ။ ကမ်းနားလမ်းဆီ ရောက်ခဲ့ပြီ။





Strand ဟိုတယ် မျက်နှာစာဘက်ရှိ ကမ်းနားလမ်း ပလက်ဖောင်းနှင့်ကပ်လျက် သူ့ကား ရပ်၏။

ကားရပ်သည်နှင့် သူမတို့ ကားပေါ်က ဆင်းလျှင် အေးမြသော လေပြည်နှင့်အတူ မြူးထူးသော ကျေးငှက်သံတို့ လိုက်လှဲစွာ ကြိုဆိုလေသည်။

"ဟယ် ကြည့်စမ်း၊ ငှက်တွေတော်"

သူမတို့ အံ့ဩလောက်အောင် ရေမျက်နှာပြင်ပေါ် ပျံသန်းနေသော ငှက်အုပ်ကြီးမှာ ကောင်ရေတစ်သောင်းမကပါ။

"အဲဒါ စင်ရော်တွေလေ"

"ဟယ် လှလိုက်တာ၊ ဒီလောက်များတဲ့ ဇင်ရော်တွေ ဘယ်ဆီက လာကြတာလဲဟင်"

"သူတို့က ဒီမြစ်ဝန်းကျင်နဲ့ ကျွန်းတွေမှာ ကျက်စားကြတာပေါ့၊ ခုလို နွေရာသီရဲ့ညနေဆို အုပ်လိုက်သင်းလိုက် ပျော်ပျော်ကြီး ပျံနေတတ်တယ်"

"တခြားအချိန်ကော မပျံဘူးလား"

"ပျံတယ်၊ အုပ်လိုက်သင်းလိုက် ပျံကြတာ ခုလို ညနေခင်းပါပဲ၊ ဒါကြောင့် နွေရာသီဆို ကမ်းနားလမ်းက ပိုစည်တယ်"

သူပြောတဲ့အတိုင်း ဟုတ်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ်းနားလမ်းတစ်လျှောက် ပွဲတော်တမျှ စည်ကားနေသည် အထူးသဖြင့် Strand ဟိုတယ်ရဲ့ မျက်နှာစာဘက်မှလေ။

စင်ရော်တွေကို လာကြည့်သူ၊ အစာကျွေးသူနှင့် အပန်းဖြေ သူများ တမျိုးမြူး တကြွကြွနှင့်။

ကလေးတွေရဲ့အော်ဟစ်သံမှာ စင်ရော်များ၏ မြူးတူးသော တကျီကျီအော်သံတွေနှင့် လုံးထွေးကာ။

ကလေးတွေသာမက သွက်သွက်တို့လည်း အစွမ်းကုန်ရွှင်မြူး အော်ဟစ်လျက်။

စင်ရော်တွေကို အစာပစ်ကျွေးလိုက်၊ ခေါင်းပေါ်အထိ ရဲရဲတင် တင်း ပျံသန်းဆော့ကစားနေသော စင်ရော်တို့ကို လက်ဖြင့် တို့ထိ ကြိုးစားလိုက်နှင့်။

စင်ရော်တွေရော၊ ကလေးတွေရော၊ လူကြီးတွေပါ ပျော်ရွှင် ကြီး ရွှင်မြူးနေကြလေသည်။

မမျှော်လင့်ဘဲ မြင်လိုက်ရသော ငှက်ကြည့်သဘင်ပွဲကြီးကြောင့် ပန်းရောင်စုံစိတ်ထဲမှာ ညစ်နေတာတွေ၊ စိတ်လှုပ်ရှားနေတာတွေအား လုံး ပျော်ရွှင်သည့်ဘက် ကူးပြောင်းသွားကာ။

သူ့ကိုပင် ကျေးဇူးတင်လျက်။

"အရမ်းပျော်ဖို့ကောင်းတာပဲနော်"





"အင်း၊ ပန်းရောင်စုံက တခြားငှက်တွေကိုကြည့်ဖို့ စိတ်ဝင် စားလား"

"အိုး၊ တခြားငှက်တွေ"

"ဟုတ်တယ်"

"ဘာငှက်တွေလဲ"

"အထူးသဖြင့် ရေညှော်နွံတိုင်းလို့ခေါ်တဲ့ ဒီလုံးငှက်"

"ဒီလုံးငှက်၊ ဟုတ်လား၊ စုံစုံ တစ်ခါမှ မကြားဖူးဘူး၊ အဲဒီ ဒီလုံးငှက်တွေက ဘယ်မှာရှိလဲဟင်"

"ဒီလုံးငှက်ပေါက်ဖွားက ရုရှားနိုင်ငံအရှေ့မြောက်ဘက် ချူကို ဒေသ"

"ဘုရားရေ၊ ရုရှားက ငှက်"

"ဟုတ်တယ်"

"နေပါဦး ရုရှားငှက်က မြန်မာနိုင်ငံရဲ့မော်လမြိုင်မြို့၊ ပြီးတော့ ပေါ်လွင်မြစ်ကမ်းနဲ့ ဘယ်လိုဖြစ်ပြီး ဆက်နွယ်တာလဲ၊ ဒီလောက် ခရီး ဝေးတာလေ"

စုံစုံ တအံ့တသြမေးလျှင် သူ ပြုံး၏။ ထိုအပြုံးက စုံစုံမြင်ဖူး သော သူ၏ပထမဦးဆုံးအပြုံးဟု ထင်ရသည်။

ပြုံးသောကြောင့် သူ့နှုတ်ခမ်းတို့ မြမြချိုသလိုဖြစ်၏။ ထိုအပြုံး



www.burmeseclassic.com

www.burmeseclassic.com



ချို့လေးနှင့် သူပြောပြသည်မှာ –

"ဟုတ်တယ်၊ ရုရှားအရှေ့မြောက်ပိုင်းနဲ့ မြန်မာပြည်တောင်ပိုင်း[...]က ဝေးတယ်၊ ဒါပေမဲ့ ဒီလုံးငှက်တွေ ဆောင်းခိုဖို့ ကမ္ဘာရဲ့တောင်ဘက်[...] ခြမ်းကို အုပ်လိုက်သင်းလိုက် ပျံသန်းလာကြတယ်၊ ကမ္ဘာရဲ့တောင်ဘက်[...] ခြမ်းမှာမှ အဓိကလာရောက်ပြီး ဆောင်းခိုကြတာက ကိုယ်တို့မြန်မာနိုင်[...] တောင်ပိုင်း မုတ္တမပင်လယ်ကွေ့"

"ဟယ်တော်"

"ဟုတ်တယ်၊ ဒီလုံးငှက်တွေ အဓိကဆောင်းခိုကြတာ ကို[...] တို့ရဲ့မုတ္တမပင်လယ်ကွေ့ဝန်းကျင်ပဲ"

"ဒါဆို ဒီစင်ရော်ငှက်တွေလိုပဲ ဒီလုံးငှက်တွေ သောင်းနဲ့[...] အုပ်ကြီးသင်းကြီးနဲ့ ဖြစ်နေတာပေါ့နော်"

"ဟင့်အင်း"

သူ ချက်ချင်းခေါင်းယမ်းရှောင် လေပြည်နှင့်အတူ သူ့ဆံပင်[...] လှုပ်ခါသွား၏။

"ဘယ်လို"

"စုံစုံ နားရှုပ်သွားပြီထင်တယ်"

"အင်း"

သူမ ခေါင်းလေးဆတ်၏။ သူက ပျံသန်းနေသော စင်ရော်[...]





[...]မြူးကြွသော တောင်ပံခတ်သံကို နားဆင်လျက်။

"စုံစုံ ရှင်းအောင်ပြောရင် ဒီလုံးငှက်တွေဟာ ခရီးရှည်ကြီးကို [...]သန်းလာရတော့ ရာသီဥတုဒဏ်ကြောင့် ပျက်စီးသလို၊ ငှက်မုဆိုး[...]တွေ ဖမ်းဆီးတာကို ခံရတယ်၊ အဲဒါနဲ့ပဲ ငှက်ကောင်ရေ တဖြည်းဖြည်း [...]လျော့ကျသွားတာ၊ ခုဆို တစ်ကမ္ဘာလုံးရဲ့ ငှက်သန်းခေါင်စာရင်းအရ [...]လုံးငှက်အကောင်ငါးရာအောက်သာ ကျန်တော့တယ်"

"ဟော့တော်၊ တစ်ကမ္ဘာလုံးမှာ အကောင်ငါးရာမပြည့်တော့ဘူး [...]လား"

သူ ခေါင်းဆတ်လေသည်။ ထိုသို့ ခေါင်းဆတ်လိုက်သောအမူ[...]ရာမှာ ဒီလုံးငှက်အကောင်ရေကျဆင်းသွားသည့်အတွက် စိတ်မသက်[...]သာရှိလှပုံမျိုး။

"ဒါ ဒါဆို ဒီလုံးငှက်တွေ မျိုးသုဉ်းခါနီးပြီပေါ့၊ ဟုတ်လား"

စုရတီ စင်ရော်ကျွေးရာမှ ရပ်တန့်ရင်း တအံ့တသြ လှမ်းမေး[...]

ခရမ်းရင့်နှင့်သွန်းသွန်းလည်း စိုးရိမ်သောမျက်နှာလေးကိုယ်စီ[...] သူပြောမယ့်စကားလုံးကို စိတ်ဝင်စားလျက်။

စင်ရော်တွေကို မကြည့်တော့ဘဲ သူ့ကိုကြည့်ရင်း အနားရောက်



www.burmeseclassic.com

www.burmeseclassic.com



လာကြသည်။

"ဟုတ်လားဟင်၊ ရတီမေးသလိုပဲ၊ ဒီလုံးငှက်တွေ မျိုးသုဉ်းခ
နီးပြီ ဟုတ်လား"

"အင်း။ ကမ္ဘာပေါ်မှာ မျိုးသုဉ်းနီးပါးဖြစ်နေတဲ့ ငှက်အမျိုးစိ
ပေါင်း (၁၁၃) မျိုးရှိတယ်၊ အဲဒီအထဲမှာ ဒီလုံးငှက်က မျိုးသုဉ်းဖို့ စိုး
ရဆုံး ငှက်မျိုးစိတ်ပဲ"

"ဟယ် ဝမ်းနည်းစရာပဲနော်"

"ဒါပေမဲ့ ထိန်းသိမ်းထားနိုင်ရင်တော့ ဝမ်းသာစရာလေ၊ ဖို
ဝမ်းသာဖို့ကောင်းတာက ကမ္ဘာနဲ့ချီပြီး အကောင်ရေငါးရာလော
ကျန်နေပေမယ့် ကိုယ်တို့ မုဋ္ဌမပင်လယ်ကွေ့မှာ ငါးဆယ်ရာနိုင်နှုန်း
ဆောင်းခိုးရင်း နေကြတယ်ဗျ"

"ဟယ်"

သူမတို့အုပ်စု ဝမ်းသာရပြန်သည်။ ကမ္ဘာနဲ့ချီရင် ကိုယ့်နို
မှာ ငါးဆယ်ရာနိုင်နှုန်းဆိုတော့ နည်းတာမဟုတ်ဘူး။

ဒါကြောင့် လိုက်ခနဲ ဝမ်းသာမိသည့်အတိုင်း –

"ဆောင်းခိုနေတဲ့ ဒီလုံးငှက်တွေကို စုံတို့ သွားကြည့်လို့ မ
လား"

အားတက်သရောမေးနေသော သူမဆီ သူ့မျက်ဝန်းကြည့်



ာ လည်လာပြန်သည်။

"စုံစုံတို့ ကြည့်ချင်ရင် လိုက်ပြမယ်လေ"

"အို ပျော်စရာကြီးနေမှာပဲ၊ ဘယ်တော့လိုက်ပြမှာလဲ"

"စုံ စိတ်ဝင်စားမှတော့ ခုပဲ သွားကြတာပေါ့"

"ဟေး"

ဖွံ့အသံလေး ကျယ်လွင်သွား၏။

ထို့အပြင် ခရမ်းတို့၏မြူးရွှင်သံလည်း စင်ရော်အုပ်စုကြီး၏
ဆော်ကျီအော်သံနှင့် ရောထွေးကာ။

ငှက်ကြည့်ခြင်းဟာ သဘာဝပတ်ဝန်းကျင်ကို လေ့လာခြင်းဖြစ်
သလို စိတ်အပန်းဖြေခြင်းတစ်မျိုးလည်း ဖြစ်ပေသည်။

ထို့ပြင် ရင်ခုန်ခြင်းကိုလည်း မြူးထူးစေတာမို့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဟော့တော်"

စုံစုံ စိတ်လှုပ်ရှားကာ လှပသောနှုတ်ခမ်းလွှာကြားမှ အသံ
လေး ခုန်ထွက်၏။

လက်ခုပ်ထဲရောက်လာသော ငှက်ကလေးကို တအံ့တသြကြ
မိရင်း ရင်ထဲမှာ နွေးနွေးလျှလျှခံစားရလေပြီ။

ဝမ်းဗိုက်တစ်လျှောက် ဖြူသောအမွေးတန်းနှင့်၊ ကျောပြင်
တောင်ပံမှာ ရွှေညိုညိုရောင်ပေါ် ရွှေရိပ်မှိန်မှိန်လေးသန်းလျက်။
လို ချွန်သောအမြီးသည် အနက်ရောင်အခံမှာ ရွှေညိုညိုရောင်နှင့် အ





ရောင် ငှက်မွေးစင်းတန်းလေးဖြင့် လှပ၏။

ဝိုင်းသောမျက်ဝန်းမှာ နက်ပြောင်ပြောင်တောက်ရွှန်းနေသည်က ကြည့်လို့ကောင်းသည်။

ခြေနှစ်ချောင်းနှင့် နှုတ်သီးရှည်မှာ မဲပြာလက်ပြောင်ပါ၏။ အထူးသဖြင့် နှုတ်သီးရှည်က အဖျားမှာ အသည်းပုံလေးလို၊ ခေါင်းလေး ငြိမ်၊ အစာရှာဖွေစားသောက်နေသောပုံစံလေးက ချစ်စရာကောင်းစွာ လှပနေသည်မဟုတ်လား။

ထိုငှယ်ငယ်လေးကို စုံစုံ လက်ခုပ်ထဲ မြတ်မြတ်နိုးနိုး ထည့်ပေးသော သူ့ကို စုံ နှစ်လိုပြုံးလေးနှင့် မော့ကြည့်၏။

သူကလည်း စုံ့ကို တိမ်းညွတ်ရီဝေသောမျက်ဝန်းဖြင့် ပြုံးအီးအီးလေး စိုက်ကြည့်နေသည်။

အကြည့်ချင်းဆုံသွားလျှင် နှစ်ယောက်သား၏ ပြုံးခြင်းတို့ ချိုရွသလိုဖြစ်ချေပြီ။

"ဒီ ဒီငှက်လေးက"

"ရေညှော်နှုတ်ဝိုင်းငှက်လို့ခေါ်တဲ့ ဒီလုံးငှက်လေ၊ စုံ ကြည့်ချင်နေတယ်ဆိုတဲ့ ငှက်ပေါ့"

"ဟယ်တော်၊ ကိုရဲ ဘယ်ကဖမ်းလာတာလဲ"

သူရယ်မော၍ –



www.burmeseclassic.com

www.burmeseclassic.com



"သေချာလည်း ကြည့်ဦးလေ စုံစုံ"

"ဘာဖြစ်လို့လဲ"

စုံ့လက်ထဲ ထည့်ပေးတဲ့ငှက်က အသက်ရှိတဲ့ ငှက်မဟုတ်ဘူး။ ကိုယ်ကိုယ်တိုင် ရွှံ့နဲ့ပုံစံထုတ်ထားတဲ့ သက်မဲ့ငှက်လေ။

"ဟယ်တော်"

ပန်းရောင်စုံ အံ့သြရပြန်သည်။ ဟုတ်ပါရဲ့။ လက်ခုပ်ထဲက ငှက်လေးကို စုံစုံ သေချာကြည့်တော့မှ ရွှံ့ဖြင့်လုပ်ထားသော သက်မဲ့ရုပ်ကလေးဖြစ်မှန်း သိသာတော့သည်။

ကိုယ်ထည်ကို ရွှံ့ဖြင့်လုပ်၍ အမွေးတို့ကို ပန်းချီဆေးခြယ်ထားသည်က တကယ့်သက်ရှိငှက်အတိုင်း ဖြစ်လို့ရယ်။

"အံ့သြသွားလား"

"အင်းပေါ့၊ စုံက အသက်ရှိနေတယ်လို့ ထင်နေတာ၊ ချစ်စရာလေးနော်"

"ပိုပြီး ချစ်စရာကောင်းတာကို ပြဦးမယ်လာ"

သူပြောရင်း စုံကို ခေါ်သွား၏။ ရွှံ့သဲလတာပြာမှာ အစာရှာဖွေစားသောက်နေသော ဒီလုံးငှက်စုံတွဲကို ညွှန်ပြ၏။

"ဟိုမှာလေ၊ တွေ့လား"

"ဟယ် ကြည့်စမ်း။ စုံ့လက်ထဲက ငှက်ရုပ်လေးအတိုင်းပဲနော်"





ပန်းရောင်စုံ တအံ့တသြ ဖြစ်ရပြန်သည်။ အစာရှာနေသော သက်ရှိငှက်နှင့် လက်ထဲရှိငှက်ရုပ်လေးကို စုံ တစ်လှည့်စီ ကြည့်၏။

"ဟုတ်တယ်နော်၊ အသက်မရှိတာပဲကွာတယ် ရဲ"

"ဒါပေမဲ့ ခံစားတတ်ရင် အသက်ဓာတ်စီးဝင်သွားတဲ့ ခွန်အားရှိတယ် စုံရဲ့"

"ဟုတ်သားနော်"

သူပြောတာကို စုံ အပြည့်အဝထောက်ခံလိုက်သည်။ စုံ လက်ခုပ်ထဲရောက်စတုန်းက စုံ ခံစားရသည်မဟုတ်လား။

"ဒီလုံးငှက်လေးကို စုံချစ်ရဲ့လားဟင်"

"အိုး ချစ်တာပေါ့၊ ချစ်ရုံတင်မကဘူး ဟိုရှုံးကနေတောင် သူတို့လေးတွေ ဆောင်းလာခိုလို့ စုံတို့ ကြည့်ခွင့်ရတာလေ၊ စုံတို့ ဘယ်လောက်ကံကောင်းသလဲ၊ မြတ်မြတ်နိုးနိုးကြည့်ခွင့်ရတာ နည်းတဲ့ကံကြမ္မာလား"

စုံက သူပေးထားသော ငှက်ရုပ်လေးကို တယုတယပွေ့ရင်း ဆိုသည်။ သူက လှိုက်လှဲစွာပြုံး၍ –

"ဒီလုံးငှက်တွေ ရေရှည်ရှင်သန်ဖို့ ငှက်ချစ်သူတွေရဲ့လက်ထဲမှာရှိတယ်ဆိုရင်ကော"

"မှန်တာပေါ့ ရဲရဲ၊ ခုကြည့်စမ်း ငှက်မုဆိုးလုပ်အားလာတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဦးညွန့်ဝေနဲ့ကိုအေးကိုက အခုဆို ငှက်မုဆိုးမလုပ်တော့ဘဲ ငှက်ထိန်းသိမ်းစောင့်ရှောက်သူဖြစ်လာတော့ ငှက်တွေ လွတ်လပ်ခွင့်ရသွားတာလေ၊ ဘယ်လောက်မင်္ဂလာရှိလိုက်သလဲ၊ ဒါကြောင့် ငှက်တွေ လွတ်လပ်စွာ သွားလာနေထိုင်ခွင့်ရတာ၊ ငှက်တွေလည်း လွတ်လပ်ရေးရမှတော့ ရေရှည်ရှင်သန်ခြင်းနဲ့ သဘာဝပတ်ဝန်းကျင်ကို အလှတိုးစေတယ်လေ"

"ဟုတ်တယ် စုံ၊ အချစ်ဆိုတာလည်း အဲဒီသဘောပဲ"

"ဘာရယ်"

စုံ အံ့ဩဘနန်းမော့ကြည့်မိ၏။ သူက စုံ တယုတယပွေ့ကိုင်ထားသော ငှက်ရုပ်လေးရယ်၊ လွတ်လပ်စွာ အစာရှာစားသောက်နေသော ဒီလုံးငှက်စုံတွဲရယ်နှင့် လှပသော စုံ့မျက်နှာဖူးဖူးလေးကို တစ်လှည့်စီ ကြည့်လျက်။

"ဒီလုံးငှက်လေး ရှင်သန်မှုက လူ့လက်ခုပ်ထဲမှာ ရှိသလို ကိုယ့်အချစ်ကလည်း"

"အို"

သူ့စကားလုံးလေးပင် မဆုံးလိုက်။ စုံ့မျက်နှာလေး ရှက်သွေးဖြာကာ ပန်းနုရောင်ပြေး၏။ ထိုမှတစ်ဆင့် နီစွေးသွားကာ ချစ်သောသူ၏မျက်ဝန်းကို ရှောင်လွှဲလျက်။ သူ့ရှေ့မှ လှစ်ခနဲပြေးထွက်မိလေသည်။

"ချစ်တယ် စုံစုံ"





သူ့အသံလေးက လတာပြင်မှာဝဲကာ ငှက်စုံတွဲလေးတို့အဖို့ မြူးတူးသွားသလိုဖြစ်ချေသည်။

ထိုအတူ ပန်းရောင်စုံနှလုံးသားမှာလည်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

တိတ်ဆိတ်ခြင်းတို့ကြားမှ စုံ မြင်လွှာတွင် ကြားယောင်၊ မြင်ယောင်လျှင် ရင်အခုန်မြန်လေသည်။

ရင်ခုန်သံမြန်နေတော့ စုံ အိပ်လို့မပျော်။

အိပ်လို့မရအောင် နှလုံးသားမှာ အငွေ့လှိုင်းဖြတ်သန်းနေသောမို့ လက်ခုပ်ထဲ ထည့်ပေးသော ငှက်ရုပ်လေးကို စုံ တယုတယ ထုတ်ကြည့်မိသည်။

ထိုအခါ သက်ဝင်ခံစားမိသော နှလုံးသားသည် စုံ့ကို ဆွဲခေါ်ထားပြီထင့်။ စုံ ဘင်ဂလိုအခန်းထဲက ထွက်ကာ ညနက်ရှိကို ငေးရင်း





ဝန်းကျင်၏တိတ်ဆိတ်ခြင်းက သူမ၏ခံစားမှုကို ပို၍ရှည်လျားစွာ ဆွဲခေါ်နေပေသည်။

မိုးရောင်အောက်မှာ လှနေသော စုံ တည်းခိုနေရာ၊ ရွှေမြင့်မိုရ်အွန်းဟိုတယ်မှာ ဆိတ်ငြိမ်စွာ။ လဲလျောင်းသလို ရှိနှင့်သော တောင်ရိုးတန်းတစ်လျှောက်ကို 'စုံ' ငေးနေမိ၏။

နီးနီးကပ်ကပ်ဖူးမြင်ရသော ဦးဖိနစေတီ၏ဝင်းဝါသော အလင်းရောင်က စုံ့နှလုံးသားကို ပို၍ပင် ညွတ်ယိုင်စေရော့သလား။

စုံ့ခြေလှမ်းတွေ ဟိုတယ်အရှေ့ဘက်ထိ တရွေ့ရွေ့ သွားမိကာ လက်အုပ်လေးချီလျက် ဖူးမျှော်မိ၏။

ရင်ထဲမှာလည်း တစ်ခုခုကို တောင်းဆုပြုလျက်။

အေးငြိမ်တိတ်ဆိတ်သောညက အလှမာတ်တို့ ကြွယ်ဝစွာ။ နူးတတ်သော စိတ်ခံစားချက်ကို သွေးဆောင်လို့ထားပေပြီ။

အဲဒါကြောင့်မို့ထင်သည်။

စုံ လက်အုပ်ကလေးချီကာ မျက်လုံးစုံမှိတ်၍ အတန်ကြာအောင် တောင်းဆုပြုမိ၏။ ထို့နောက် မြင်လွှာလေးဖွင့်ကာ တိတ်ဆိတ်နေသော အာရှလမ်းကြောတစ်လျှောက် ငေးကြည့်မိ၏။

ထိုစဉ် –

တောင်ပေါ်ပတ်လမ်းမှ အာရှလမ်းဘက် ဆင်းလာသော



www.burmeseclassic.com

www.burmeseclassic.com



ပုံရိပ်တစ်ခု။

စုံစုံ တအံ့တသြနှင့် ထိုပုံရိပ်ကို ငေးမျှော်ကြည့်၏။

ထိုပုံရိပ်လေး တရိပ်ရိပ်ဖြင့် စုံနှင့် နီးလာလျှင် –

"အလို"

စုံ့နှလုံးသားမှာ လှိုက်ခနဲ ဖိုသွား၏။ ထို့ပြင် စုံ့ရင်ခွင်မှ ရင်ခုန်သံ

မြန်စွာ လွှတ်ခနဲ ခုန်ထွက်သွားသော နာမည်။

"ရဲ"

တိတ်ဆိတ်ခြင်းက အချစ်ကို မွေးဖွားနိုင်စွမ်းလေပြီထင့်။

ပန်းရောင်စုံ၏ချစ်ခြင်းသည် ရေစီးမြန်သော သံလွင်မြစ်ထဲ

တဝေါဝေါစီးဆင်းလျက်။

✿ ✿ ✿



## အခန်း (၂၂)

"သားကြီးရေ"

"ဗျာ မေမေ"

"ဆင်းလာတော့လေ"

"ဟုတ်"

ရဲမျက်နှာလေးရှုံ့တွကာ စိတ်ပျက်လက်ပျက် ခေါင်းကုတ်မိ

သည်။

မနက်ခင်းတိုင်း မိသားစုမျက်နှာစုံညီ မနက်စာစားကြသည်မှာ

သူတို့မိသားစု၏အစဉ်အလာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူမစုံမချင်း ဖေဖေကအစ မနက်စာစားလေ့မရှိသေး။ သားသမီးများ ဆုံညီအောင် မနက်စာစားဝိုင်းမှာ ထိုင်စောင့်နေတတ်၏။

ရဲတို့မောင်နှမတွေလည်း မနက်စာစားချိန်ဆို နောက်ကျတတ်လေ့မရှိပေ။

ဒီမနက်မှ သူ တမင်နောက်ကျကာ။ အပေါ်ထပ်မှာ ဟိုကွေ့ဒီပတ် လုပ်နေလိုက်သည်။

မေမေတို့ အလစ်ရတာနဲ့ အပေါ်ထပ် နောက်ဖက်လှေကားမှ လစ်ခနဲဆင်းသွားမည်ဟု ကြံစည်ထားသည်။

အကြောင်းမှာ စုံနှင့်သူ မနက်စာ အတူတူစားဖို့ချိန်းဆိုထားသည် မဟုတ်လား။

အသစ်စက်စက်ချစ်သူလေးနဲ့ မျက်နှာချင်းဆိုင်ထိုင်ပြီး ကြည်ကြည်နူးနူး မနက်စာ စားကြမည်ဆိုသော အစီအစဉ်။

ခုတော့ ခက်ချေပြီ။

မိသားစုအစဉ်အလာနဲ့ ချစ်သူအသစ်စက်စက်နှင့် ချိန်းဆိုမှု သူ့ဆန္ဒက ဘယ်ဘက်ကိုမှ မပျက်ကွက်ချင်သော်လည်း ချစ်သူဘက်အလေးသာချင်နေမိသည်။

သို့သော်လည်း ချစ်သူဘက်အလေးသာချင်စိတ်ကို ထိန်းချုပ်ကာ အောက်ထပ်သို့ ဆင်းခဲ့လေသည်။





စာဖတ်ခန်းဘေးရှိ သီးသန့်မနက်စာစားခန်းထဲ သူဝင်လိုက်လျှင် မိသားစုအားလုံး စုံညီနေပြီဖြစ်သလို ကြည်လင်စွာပြုံးပြီး နှုတ်ဆက်ကြသည်။

"သားကြီးထိုင်"

ဖေဖေ ဦးစွာဆိုသည်။ ညီနှစ်ယောက် ထိုင်နေသောခုံနှင့် သားချင်းကပ် လွတ်နေသော ထိုင်ခုံမှာ သူဝင်ထိုင်လျှင် ညီမအငယ်ဆုံးနှင့် မျက်နှာချင်းဆိုင် ဖြစ်လေသည်။

မေမေက သားကြီးမျက်နှာမြင်မှ ကြည်နူးစွာ ပြုံး၏။

"ကိုကြီးက ဘာလို့နောက်ကျနေတာလဲ၊ မီးဆာနေတာ အူကို တွန့်နေတာပဲ"

နှုတ်သွက်သော ညီမငယ်က ဆာလောင်စိတ်ဖြင့် ပြော၏။

"အငတ်မ၊ နင်က တစ်ချိန်လုံး ဆာနေတာချည်းပဲ"

ညီအငယ်က သူ့ထက်ဦးစွာပြောသည်။

"ဆာတာပေါ့၊ မီးက စားပြီးရင် မေမေ့ကို ဝိုင်းကူရမှာ၊ ကိုကိုတို့က စားပြီးပြီဆိုတာနဲ့ ဖင်ပူအောင် မထိုင်တော့ဘူး ထထွက်သွားကြတာလေ"

"အဲဒါ ညည်းလေးချွဲပြီး မုန့်ဖိုးတောင်းသမျှ ပေးနိုင်ဖို့ အလုပ်လုပ်ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



ညီလတ်လည်း အားကျမခံ ပြန်ပြော၏။ ထိုအခါ အငယ်ဆုံး အခိုးနွဲ့ဆုံး ညီမငယ် မီးမီး ကြည်နူးစွာ နှုတ်ခမ်းလေး ဆူလိုက်၏

"ကိုကိုတို့နှစ်ယောက်က အလုပ်သာလုပ်တာ၊ မုန့်ဖိုးပေးရင်း ကပ်စေးနှဲတယ်၊ ကိုကြီးလို မဟုတ်ဘူး"

"မေမေ့သမီး ဘာပူဆာဦးမလဲ မသိဘူး၊ သားကို မြှောက်နေပြီ"

သူဝင်ပြောလိုက်တော့ ဖေဖေနဲ့မေမေက သဘောကျစွာ ပြုံး၏။

"အိုး ကိုကြီးကလည်း မီးက မြှောက်တာမဟုတ်ဘူး၊ တကယ် ပြောတာ"

"ဟုတ်ပါပြီ၊ ခုဓကော ဘာအကြံအဖန် ထုတ်ထားသေး ကိုကြီးမှာ မုန့်ဖိုးတောင်းဖို့"

ညီလတ် ဝင်မေးပြန်သည်။ ဒီညီမအကြောင်းသိနှင့်တဲ့ အစ် များ မဟုတ်လား။

ထိုအခါ ညီမငယ် ဟဲခနဲရယ်ချပြီး –

"မီးမွေးနေ့မှာ သူငယ်ချင်းတွေနဲ့ ကျိုက်ထီးရိုးဘုရားဖူး သွား ကြမလို့၊ အဲဒါပဲ၊ အဟီး"

ညီမငယ်က အဲသလို အမူအရာလေးတွေနဲ့မို့ ချစ်စရာကော နေသည်။

ပထမနှစ်ကျောင်းသူပျိုလေးဖြစ်နေသော်လည်း အစ်ကိုသုံး ယောက်နှင့် မိဘ၏အလိုလိုက်မှုကြောင့် ကလေးဆန်လျက်။

"ပေးပါ့မယ်ဗျာ၊ ကဲ ရော့၊ မွှောလောဆယ် ဆာနေတယ် မဟုတ်လား၊ စား"

ညီမငယ်ရှေ့ရှိ မုန့်ဟင်းခါးပန်းကန်မှာ ပဲကြော်တစ်ခု သူ ထည့်ပေးလိုက်သည်။

ညီမငယ် သဘောအကျချည်းကျကာ။

ပန်းလေးနှစ်ဖက်ကို လှုပ်မတတ် ရယ်ရင်း၊ ညီငယ်နှစ်ယောက် ကို မျက်စလေးနှင့်ကြည့်၍ တွေ့လားဟု ခပ်ကြွားကြွားအမူအရာပြုလေ သည်။

"ဒီအငယ်မနဲ့တော့ စားသောက်ဖို့အလှည့်မရောက်တော့ဘူး။ ကဲ သားတို့ စားကြလေ၊ ညီမလေးစကားကို ခေါင်းထဲမထည့်နဲ့၊ ဒင်း လေးက ပတ်ချွဲနှပ်ချွဲနဲ့ အစ်ကိုတွေက တောင်းပြီးရင် အဖေဆီ လှည့်ဦး မယ်၊ ပြီးရင် မေမေ့ရှေ့ လက်ဝါးဖြန့်မယ်လေ"

မေမေက သမီးအငယ်ဆုံးအကြောင်း အသိဆုံးပါပဲ။ ထိုသို့ ထုတ်ပြောလိုက်တော့ ရှက်သလို ဘာလိုလိုနဲ့။

"မေမေကလည်း မေမေ အဲဒီလိုပြောလိုက်တော့ ကိုကြီးလည်း



မိန်းကလေးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နဲ့ကိုလတ်လို ကပ်စေးနဲ့နေလိမ့်မယ်၊ ပြီးတော့ ဖေဖေပါလေ"

ညီမငယ် နှုတ်ခမ်းစူပြီးပြောတော့ ဖေဖေ သဘောတကျ ရယ်၏။

"ဖေဖေ့သမီးကတော့ ဒါပဲ"

"ဒါပဲပေါ့ ဖေဖေရဲ့၊ ဖေဖေလည်း စားတော့လေ၊ မီးကြော်ဖေဖေတို့စားဖို့ နောက်ကျကုန်ပြီ၊ နေဦး ဖေဖေ့အကြိုက် ငါးဖယ်ဆုပ်ညှပ်ထည့်ပေးမယ်"

ညီမငယ်က ထိုသို့နှယ်။

မိသားစုရဲ့ဆည်းလည်းနှင့် တူလေသည်။

ဖေဖေ၏မုန့်ဟင်းခါးပန်းကန်ထဲ ဖေဖေ့အကြိုက် ငါးဖယ်ဆုပ်ကြော်ကို ကတ်ကြေးဖြင့် ညှပ်ထည့်ပေး၏။

ထို့နောက် သူတို့ညီအစ်ကိုသုံးယောက်ပန်းထဲ ဘူးသီးကြော်ညှပ်ပေးသော ညီမအမူအရာလေးကို သူတို့ညီအစ်ကို မရှု ဘဲ မနေနိုင်။

ရှားရှားပါးပါးရထားသော ဒီညီမငယ်လေးအပေါ် တစ်နေ့တခြား အချစ်တွေတိုးလျက်။

"ထိုင်လေ မေမေ"

ကော်ဖီငှဲ့ထည့်ပေးနေသော မေမေ့ကိုပါ ညီမငယ် လောကွတ်ပြု၏။





"အေးပါဟယ်"

မေမေကလည်း သူ့သမီးငယ်လေး အလိုက်သိတာကို သဘောကျလျက်။

ဖေဖေနှင့်ညီမငယ်ကြားမှ ထိုင်ခုံမှာ ဝင်ထိုင်လေသည်။

သူတို့မိသားစု၏မဲနက်စာ စားပိုင်းကတော့ မနက်တိုင်း စိုပြေနေသည်မှာ မနက်ခင်း၏ချိုကြည်သောသံစဉ်နှင့် မခြားတော့ပေ။

သူတို့မိသားစု၏မနက်စာ စားပိုင်းဆီသို့ သူနဲ့ပတ်သက်ပြီး သူစိမ်းတစ်ယောက် ဝင်လာမည်ဆိုလျှင် ခုလိုပဲ ကြည်ရွှင်ဖွယ် မနက်ခင်းဖြစ်နေမှာလား။

အတွေးထဲမှာ မေးရင်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ဒါက"

"မော်လမြိုင်မုန့်ဟင်းခါး"

သူ့စကားမဆုံးခင် စွံမျက်ဝန်းမှာ အငွေ့လှိုင်လှိုင်ထ၍ ဝေ လင်နံ့သင်းနေသော မုန့်ဟင်းခါးပန်းကန်ကို စိတ်ဝင်တ ကြည့်၏

ငှက်ပျောအူအဝိုင်းဖတ်များများဖြင့် ဝါဝင်းဝင်းအရောင် မုန့် ဟင်းခါးရည်မှာ မွှေးသင်းလှ၏။ ထို့ပြင် ကြက်သွန်ဖြူဆီချက်ဖတ်နှင့် ကြက်သွန်ကြော်များ ညှပ်ထည့်ထားသလို နံနံရွက်အနံ့အသက်ကလေး များကြောင့် စာချင်စိတ်ကို ဖြစ်တည်စေလျက်။ လျှာရည်များပါ ရွှဲ

"စားလေ စုံ"





"ဟွန်း သူတော့ မစားဘဲနဲ့"

ရဲက ပြုံး၍ ချစ်သူ့မျက်နှာလှလှလေးကို စိုက်ကြည့်ပြီး –

"မောင် အိမ်က စားလာပြီးပြီ"

"အာရယ်"

ပန်းရောင်စုံနှုတ်ခမ်းလှလှလေး အလိုမကျစွာ ချက်ချင်း စူရော် သွား၏။ ချစ်သူနှင့် ကြည်ကြည်နူးနူး မနက်စာစားဖို့ ချိန်းဆိုထားပါလျက် နှင့်၊ နောက်ကျမှလည်း ရောက်လာသေး။

အတူတူစားမယ်ဆိုတော့ အိမ်က စားလာသတဲ့။

ပန်းရောင်စုံ တကယ်စိတ်ဆိုးကာ။ မျက်နှာလေး မှုန်လေသည်။

"ဟိုလေ အိမ်မှာက ဖေဖေ မေမေ၊ မောင်နှမတွေနဲ့ အတူတူ နေ့က်စာ စားနေကြ၊ အဲဒါကြောင့်"

"ဟွန်း။ အဲဒါဆိုလည်း ဘာလို့လာတော့လဲ၊ မောင်စားပြီးပြီ နေတာသာစုံ ဟိုတယ်မှာပဲ စားလိုက်လို့ ဖုန်းဆက်လိုက်ပေါ့ရှင်"

"စုံကလည်းကွာ"

"အောင်မာ၊ စုံကိုများ"

"ဆောရီးဟာ"

သူ့ဘက်က အလျှော့ပေးဆိုပါသည်။

"ဘာဆောရီးလဲ၊ မောင်နော်၊ တော်ပြီ မစားတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပန်းရောင်စုံ တကာယ်စိတ်ဆိုးကာ ထထွက်သွားသည်။ သူ ကမန်းကတန်း ဆွဲထားပြီး –

"စုံ ကလေးမဆန်ချင်ပါနဲ့ကွာ"

"စုံ ကလေးဆန်နေတာ မဟုတ်ဘူး။ မောင့်ပြုမူတာက သဘာ မကျဘူးရှင့်"

"မဟုတ်ဘူး စုံရဲ့၊ မောင်လည်း စုံနဲ့အတူတူ မနက်စာ စား ချင်တာပဲ၊ ဒါပေမဲ့ မောင်တို့မိသားစုအစဉ်အလာကို မောင်ကစပြီး ဖျက် ဖွဲ့လို့ မသင့်ဘူး။ ပြီးတော့ မောင်က သားအကြီးဆုံး၊ အစစအရာ အတွက် လိုက်လျောညီထွေဖြစ်စေဖို့ ဂရုတစိုက်ရှိရတယ်"

"အောင်မယ်၊ စုံနဲ့ မနက်စာလေး အတူတူစားဖို့တော မောင့်မှာ အဲဒီလောက် ကျပ်တည်းနေတယ် ဟုတ်လား"

သူ ခေါင်းတစ်ချက်ရမ်း၍ စုံ့လက်ဖဝါးနုနုလေးကို ဖျစ်ညှစ် ၏။

"စုံရယ် စုံ မကျေနပ်လည်း နောက်တော့ပြော၊ လောလော ဆယ် ဆာနေပြီ မဟုတ်လား၊ မောင် ခွံ့ကျွေးမယ်လေ"

"မစားဘူး"

ပြောရင်း သူ ဖျစ်ကိုင်ထားသော စုံ့လက်ဖဝါးကို စုံ ဆွဲယူ စိတ်ဆိုးဆိုးနှင့် လှည့်ထွက်ခဲ့သည်။





"စုံ"

သူခေါ်ရင်း နောက်ကလိုက်လာသည်။ စုံ လှည့်မကြည့်ပါ။ ဗိုက်က ဆာနေတော့ ပိုပြီး စိတ်ဆိုးကာ စုံ ခြေဖနောင့်လေးဆောင့်၍ သွက်သွက်ကလေး လျှောက်ထွက်ခဲ့သည်။

စုံက မောင်နဲ့အတူတူ မနက်စာကို ကြည်ကြည်နူးနူးစားကြ မယ်ပေါ့။

ထိုအတွေးနဲ့ မနက်စောစော အိပ်ရာက ထရသည်။

ဘယ်တုန်းကမှ ဆယ်နာရီမထိုးမချင်း အိပ်ရာထလေ့မရှိသော ပန်းရောင်စုံ။

ဒီနေ့မှာ မနက်ရှစ်နာရီမထိုးခင် အိပ်ရာထ ပြင်ဆင်ပြီး စောင့် နေရတာ။ သူငယ်ချင်းတွေ အိပ်နေဆဲမို့သာ။

နောက်ဆို စုံကို ဘယ်လောက်တောင် လှောင်ကြမလဲ။

ချစ်သူနဲ့ မနက်စာ စားဖို့များ မနက်စောစော အိပ်ရာထရတဲ့ အထိ သည်းလွန်းပါ့လို့ ရွဲ့မှာလေ။

ခုလိုအဖြစ်နဲ့ ကြုံရတာသိရင် ပိုရွဲ့ကြမှာ။

တော်ပြီ စိတ်ဆိုးတယ်။

တအားဆိုးတယ်။

မိသားစုအစဉ်အလာတဲ့၊ ဘာအစဉ်အလာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနဲ့ မနက်စာ အတူတူစားဖို့တောင် အစဉ်အလာ ဘာညာနဲ့ စည်းခြားနေတာ။

"စုံစုံ"

စုံ့လက်မောင်းရင်း နောက်ကနေ လှမ်းဆွဲ၏။

"မောင်နော်"

စုံ ဝမ်းနည်းသလို ခံပြင်းစိတ်နှင့်လည်း မျက်ရည်တို့ ဝဲလာသည်။ မောင့်လက်ကိုလည်း ဖယ်ရှားသည်။

မောင်က လွှတ်မပေး။ တင်းတင်းလေး ဆွဲထားသလို၊ စုံ့ပခုံးစွန်းကို သိုင်းဖက်၏။

"စုံရယ် စုံနားလည်အောင် မောင် ရှင်းပြချင်တယ်၊ ဘယ်လို ရှင်းပြရမှန်းလည်း မသိဘူး၊ တကယ်၊ စုံ့ကို မောင်ချစ်တယ်"

"ဘာချစ်တာလဲ"

"နှလုံးသားနဲ့ ချစ်တာပါ စုံရယ်၊ စုံ့ကို ချစ်လို့လည်း မောင့်ရင်မှာ ဆူဆူလောင်လောင်ဖြစ်ရပါတယ်၊ မေမေတို့ မရိပ်မိအောင် မနက်အစောကြီး လစ်ခဲ့မလို့ပါ စုံရယ်၊ ဒါပေမဲ့ မေမေက ခေါ်တာနဲ့ မောင်လည်း ငြင်းမရဖြစ်သွားတာ"

"ငြင်းမရလည်း ပြောပြီးလာခဲ့ပေါ့"

ပန်းရောင်စုံ ရန်တွေ့သလို ပြော၏။





"နောက်ဆို မောင် ကြိုးစားပါ့မယ်"

"ဒီလောက် အသေးအဖွဲလေးကိုတောင် မောင်က ကြိုးစားရမယ်၊ ဟုတ်လား မောင်"

"ခုလောလောဆယ် စုံ စိတ်ကောက်ပြေဖို့ အရင်ကြိုးစားရမယ်"

"အမယ်"

စိတ်ဆိုးနေသော စုံ့မျက်နှာလေး အရောင်လွင့်သွား၏။

"တကယ်ပြောတာ၊ စုံ့အတွက် မောင့်ဘက်က ကြိုးစားရမှာတွေ အများကြီးပါ၊ လောလောဆယ် စုံစိတ်ကောက်ပြေဖို့ ကြိုးစားရတာ ခက်နေတယ်လေ"

"အမယ်၊ စုံကပဲ တမင်ကောက်နေတယ်၊ အဲဒီလိုလား"

"ဟုတ်ပါဘူး၊ စုံက မောင့်ကို ချစ်နေတာ"

"သွား"

စုံ ရှက်ရိပ်လေးဖြင့် နွေးနေသော မောင့်ရင်ခွင်ကို တွန်းဖယ်မိ၏။ မောင်က အတွန်းအဖယ်မခံ။ တိုးလို့ပင် ဖက်ကာ၊ စုံ့နားနားကပ်ပြီး တိုးတိုးပြော၏။

"သွားမယ်လေ၊ စုံနဲ့အတူတူ"

"အိုး ဘယ်ဘက်သွားဖို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"စုံကို မနက်စာကျွေးဖို့၊ မောင်ကိုယ်တိုင် ခွံ့ကျွေးမှာ"

စုံ ကျေနပ်စွာ မျက်စောင်းထိုး၏။

"တကယ်ပြောတာ၊ စုံ့ကို မောင် ခွံ့ကျွေးပါ့မယ်၊ မောင့်ချစ်သူလေး စိတ်ကောက်ပြေဖို့ အရေးကြီးတယ်၊ ချစ်သူလေး စိတ်ကောက်ပြေမှ မောင့်နှလုံးသားမှာ ချစ်ခွန်အားတွေ ပြည့်မှာကွ"

"ပွှန်း"

စုံ့မျက်စောင်းက ချစ်ရည်တို့ ရွှန်းလဲ့သွား၏။ မောင်က ကြည်ရွှင်စွာ ပြုံး၍ မြူမြူလေး မေးသည်။

"စုံက မပယ်ဘူးလား"

"ဟင့်အင်း"

စုံ ခေါင်းလေးခါလျှင် –

"မပယ်ရင် စိတ်ကောက်ပြေလိုက်၊ မောင် ခွံ့ကျွေးမယ့် မနက်စာကို စားလိုက်၊ အဲဒီတော့ မောင့်ရဲ့နှလုံးသားက ချစ်ခွန်အားတွေ ဘယ်လောက်ပြည့်လာမလဲဆိုတာ၊ စုံ တွေ့ရမယ်"

"တကယ်လား"

"အင်း"

မောင် အပြုံးလေးဖြင့် ခေါင်းညိတ်၏။ ထိုအခါ စုံကျေနပ်သွားကာ ခေါင်းလေးနှံ့၏။

"လာ"

မောင် ဆွဲခေါ်လျှင် စုံ မငြင်းသာ။ ဗိုက်ကလည်း ဆာလှ၏။ မောင်ချော့တော့လည်း ကျေနပ်၏။

နွေးချိုသော မောင့်စကားလုံးများကြောင့်လည်း စုံ့စိတ်ကောက် ကောက်လေး ပြယ်လွင်ကာ။

မောင့်နှလုံးသားက ချစ်ခွန်အားတွေ ဘယ်လောက်ပြည့်လာ သဲ။ ဒါကိုလည်း၊ စုံ ခံစားသိချင်တာမို့။

မနက်ခင်းကတော့ မော်လမြိုင်မုန့်ဟင်းခါးနှယ်။

ပူပူနွေးနွေးနှင့် ခံတွင်းမြိန်လျက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"တီ တီ တီ"

သူ့လက်ကိုင်ဖုန်းမြည်သည်နှင့် စုံ နှုတ်ခမ်းစူ၏။ နုးအိ

ငှက်ပျောအူူပတ်ကလေး အရသာခံစားနေရာမှလည်း မျက်စောင်းထို

တဖွန်ဖွန်ကိုင်ထားသော သူ့လက်ကလေး အားတုံ့အားနာဖြ

ပန်းကန်ထဲ ပြန်ထည့်လျှင် –

"မောင်"

နော်ဟု ဟန့်တား၏။

စိတ်ကောက်ပြေအောင် မနည်းမနော ချော့မော့ထားရ





ချစ်သူ။ နောက်တစ်ကြိမ် စိတ်ကောက်ရမယ့်အဖြစ်ကို သူ မလိုလားပါ။

သို့သော် –

"တီ တီ တီ"

ဖုန်းက အဆက်မပြတ် မြည်နေသည်။ ဖုန်းမြည်နေလေ စုံ မနှစ်မြို့လေ။ မျက်နှာလေး မှောင်ကုတ်လျက်။ မျက်ဝန်းနဲ့ ဟန့်တားနေတာမို့ ခက်ချေသည်။

ချစ်သူချင်း ကြည်သာနေတဲ့အချိန်မှာ တခြားဘာအနှောင့်အယှက်ကိုမှ စုံ မလိုချင်ပါ။

မောင်က မျက်နှာလေး အားတုံ့အားနာဖြစ်လျက်။

"ဟို ဖေဖေပါ စုံရဲ့"

"ပြော ပြော"

စုံ ဘာမှမတတ်နိုင်။ ဆိုးဆိုးဆတ်ဆတ်ပြောကာ ထထွက်ခဲ့ပို့ပြင်သည်။ သူက ကမန်းကတန်း ဆွဲထားရသည်။ မနက်စာလေး စားတာတောင် လွတ်လွတ်လပ်လပ်မရှိတဲ့အဖြစ်။ စုံ့ရင်မှာ ထိနိုက်ခြင်းလည်း ဖြစ်ရပါသည်။

"ခဏလေးပါ စုံရယ်၊ ဖေဖေမို့ပါ"

ချစ်သူကို ဖြေရှင်းချက်ပေးရင်း လက်တစ်ဖက်နှင့် ဖုန်းကိုင်သလို ကျန်တစ်ဖက်ကလည်း ချစ်သူလက်ကို မလွှတ်တမ်း ဆွဲထားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဖေဖေ ပြောပါ"

"သား အခု ဘယ်မှာလဲ"

"ဘူတာနားမှာ ဖေဖေ"

"ဘယ်သူနဲ့လဲ"

"အဲ"

သူ ရုတ်တရက် ပြောဖို့ခက်သွား၏။

"ဟို သူငယ်ချင်းနဲ့ပါ"

ထိုသို့ပြောလိုက်ပင် မဆုံးသေး စုံ လက်သီးဆုပ်က သူ့ပခုံးပေါ် တရစပ်ကျလာသည်။

"စုံ အဲ"

သူ့အသံတွေ ရောကုန်ပြီထင်။ ကမန်းကတန်း စုံကို ဆွဲကိုင်ထားသော လက်ကိုရုပ်၍ ရှောင်ဖယ်ရ၏။

"သားကြီး"

"ဗျာ ဗျာ၊ ဖေဖေ ပြောပါ၊ သား နားထောင်နေပါတယ်၊ ဟိုကောင်ပြည့်စုံကို ပြောနေတာပါ၊ အဖေ ဘာပြောမလို့လဲ ပြောပါ"

ဖေဖေ ရိပ်မိမှာစိုးလို့ သူ မနည်းမနော ညာနေလေ ပန်းရောင် စုံ လက်က အားပါလေ၏။





တတ်နိုင်တော့ဘူး။

ချစ်တော့လည်း ချစ်သူထုနက်သမျှ ခံပေါ့။ အရေးကြီးတာ ဖေ မရိပ်မိဖို့။ ဖေဖေကလည်း သူပြောတာကို ယုံကြည်ဟန်တူသည်။

"အေး နာရီလည်းကြည့်ဦး၊ နောက်ကျနေဦးမယ်၊ ကိုးနာရီ တိ၊ Strand ဟိုတယ်ကို သားရောက်နေဖို့လိုတယ်၊ ဒါမှ foreigner ချုပ်မှာကွ"

"စိတ်ချပါ ဖေဖေ၊ သား ခုပဲ သွားတော့မလို့ပါ"

"အေး သွား၊ သားမေ့နေမှာစိုးလို့ ဖေဖေ သတိပေးတာ"

"ဟုတ်ကဲ့ ဖေဖေ"

ဖေဖေနဲ့ စကားဖြတ်ပြီးတာနဲ့ သူ ဖုန်းပိတ်လိုက်၏။ ထိုအခါ ာ ဖုန်းကိုဆွဲလုပြီး လွှင့်ပစ်မလို့ လုပ်၏။

"စုံ"

"မခေါ်နဲ့"

"စုံရယ် ခဏလေးပါ၊ ဖေဖေနဲ့ပြောတာ၊ အလုပ်ကိစ္စ"

"သိတယ် သိတယ်၊ သားလိမ္မာကြီးရဲ့"

စကားနာထိုးနေသော ချစ်သူကို သူ အပြစ်မမြင်ရက်ပါ။ စုံ တ်တဲက သူ့ဖုန်းကို ပြန်ယူ၍ ဘောင်းဘီအိတ်ထဲ ထိုးထည့်ရသည်။

"ဟွန်း သူငယ်ချင်းတဲ့၊ စုံက မောင့်သူငယ်ချင်းလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



စကားအထအနကောက်ကာ၊ မကျေမနပ် မေးနေသော
ချစ်သူကို သူ ပြုံးပြုံးကြီး စိုက်ကြည့်နေလိုက်သည်။

"ပြောလေ ပြော၊ ဒီပါးစပ်က ပြော"

သူ့မေးဖျားကို တွန်းထိုးရင်း မေးနေရှာသည်။ ချစ်စိတ်ပြ
ပင် ချစ်သူလက်ကို ဆုပ်ကိုင်ထားမိပြီး -

"စုက မောင့်ရဲ့တစ်ဦးတည်းသောချစ်သူပါ"

"ခုနက ဘာလို့ ချစ်သူပါလို့ မပြောတာလဲ"

"အချိန်မကျသေးလို့ပါ"

"သေလိုက်ပါလား၊ ဟွန်း ပြန်မယ်"

ပြောရင်းဆိုရင်း ဒီတစ်ခါ တကယ်ထရပ်၏။

"စုံ ဝပြီလား၊ ဒီမှာ မုန့်ဟင်းခါးတွေ ရှိသေးတယ်"

"ရှိရှိ မစားတော့ဘူး၊ မောင်က အလုပ်ကြီး အကိုင်ကြီး
မဟုတ်လား၊ သွားတော့၊ တော်ကြာ မောင့်ဖေဖေက မောင့်ကို ညှော်
ကြိုတာ နောက်ကျလို့ဆိုပြီး လာရိုက်နေဦးမယ်"

စုက ခနဲ့တဲ့တဲ့ ရွဲ့တဲ့တဲ့ပြောရင်း ထွက်သွားလေသည်။ ထိုအခါ
သူ ကြည်နူးစွာပြုံးပြီး မုန့်ဟင်းခါးဖိုး ကျသင့်ငွေရှင်း၏။

ထို့နောက် စုံ ကျေနပ်အောင် လိုက်ချော့ရင်း ရွှေမြင့်မိုရ်ထွန်း
ဟိုတယ်အရှေ့က စုံကို ပြန်ပို့ခဲ့သည်။





"စုံတို့ ဒီနေ့ နားမယ်ဆိုလို့ မောင် foreigner လက်ခံလိုက်တာ
ပါ၊ စုံရယ် နော်၊ မောင် တစ်နာရီခြားတစ်ခါ ဖုန်းဆက်မယ်နော် စုံ"

"မဆက်နဲ့"

စုံ ပြတ်ပြတ်ကြီးပြောပေမယ့် မျက်ဝန်းမှာ ကျေနပ်သယောင်
ရွှန်းလဲ့သွားကာ၊ ပန်းရောင်စုံနှုတ်ခမ်းလေး စူသွား၏။

ထိုအခါ သူ ကြည်နူးစွာပြုံး၍ -

"တကယ်မဆက်ရဘူးလား"

မေးလိုက်တော့ ပန်းရောင်စုံ လက်သီးဆုပ်လေးက သူ့ရင်အုံ
ပေါ် တအုံးအုံး ကျလာပြန်သည်။

"ဆောရီး၊ ဖုန်းလည်း ဆက်မယ်၊ ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲ"

သူ စကားဖြတ်ပြီး ပန်းရောင်စုံ၏ပန်းနုရောင် နှုတ်ခမ်းလေး
ကို စိုက်ကြည့်နေလိုက်သည်။

ထိုသို့ကြည့်နေတာကို ပန်းရောင်စုံ ရှက်တက်တက်ဖြစ်ကာ၊

"ပြောလေ၊ ပြီးတော့ ဘာဖြစ်လဲ"

"Fly Kiss လည်း ပေးမယ်"

"အဲ"

ပန်းရောင်စုံ၏ရှက်စိတ်က မှင်တက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာ ချစ်သူတို့၏ရင်ခုန်သံကော်တာမှာ ရေညှောင့်နှယ် ပိုင်း ငှက်ကလေး၏နှုတ်သီးလို အသည်းပုံလေးဖြစ်ချေလျှင်။

✿ ✿ ✿



## အခန်း (၂၅)

"မောင်ရဲ"

ခေါ်ဆိုသံက ကြည်လင်သော်လည်း အဂ်လိပ်သံဝဲ၏။

Strand ဟိုတယ်၏စည့်ခန်းကျယ်ကိုဖြတ်၍ စည့်ကြိုကောင်တာဆီ သွားနေသော သူ့ခြေလှမ်းက ကောင်တာနားမရောက်ခင် တန့်သွား၏။

ချက်ချင်းလည်း အသံလာရာဆီ ငဲ့စောင်းကြည့်လျှင် ကျယ်သောစည့်ခန်းဆောင်၏ညာဘက် ဆိုဖာညိုကြီးပေါ် အခန့်သား ထိုင်နေသော နိုင်ငံခြားအမျိုးသားကြီး။



www.burmeseclassic.com

www.burmeseclassic.com



နှာတံချွန် မျက်နှာရှည်ရှည်နှင့် အသားအရေနီမြန်း၏။

စီးကရက်ကို စိမ်ပြေနပြေသောက်နေရင်း တောက်ရွှန်းသော မျက်ဝန်းဖြင့် သူ့ကို စူးစူးစိုက်စိုက် လှမ်းကြည့်နေသော ထိုနိုင်ငံခြားသား မျက်ဝန်းဖြင့် တန်းခနဲ ဆုံ၏။

"မောင်ရဲဝံ့သူနော်"

စီးကရက်ကို ပြာခံခွက်မှာ ပြာချွေချရင်း မေး၏။

"ဟုတ်ပါတယ် ခင်ဗျ၊ အန်ကယ်က"

"မစ္စတာလုစ်"

"ဩော် ကျွန်တော် နောက်မကျဘူး ထင်ပါတယ်"

မစ္စတာလုစ်ရှိရာ ဆိုဖာဆီ ပြန်လျှောက်ခဲ့ရင်း အင်္ဂလိပ်လို သူပြောလျှင် ထိုလူကြီး အရှိန်အဝါကြီးစွာ ပြုံးလေသည်။

"ငါးမိနစ်စောတယ်ကွ"

မြန်မာလို ရှင်းရှင်းကြီး ပြန်ပြော၏။ ထိုအ ါ သူ့မျက်ခုံး အုံ့သြစွာ စုပင့်တက်သွား၏။

ဒီလူကြီးက မြန်မာစကား အတော်ကျွမ်းကျင်ပုံရသည်။ သူက ညွှန်ကြားကောင်တာမှာ မစ္စတာလုစ်ကို မေးမြန်းပြီး လုစ်အခန်းတံခါး သွားခေါက်ရမည်ဟု ထင်ခဲ့သည်။

ခုတော့ မစ္စတာလုစ်က ညှိခန်းမှာ အဆင်သင့်ထိုင်စောင့်နေ





သာ အုံ့သြစရာကောင်း၏။

ဒါတင်မက –

မစ္စတာလုစ်မျက်ဝန်းက သူ့ကို ကြိုတင်သိနှင့်သလို၊ စူးစူးစိုက် စိုက်ကြည့်ပုံက အကဲခတ်ခြင်းတွေနဲ့။

သေချာတာက မစ္စတာလုစ်နှင့် သူ တစ်ခါမှ မဆုံဖူးသလို မြင်လည်း မမြင်ဖူးပါ။ ထုံးစံအတိုင်း အလုပ်သဘောအရ နာမည်မေး၊ မိတ်ဆက်ကြဆိုပြီး ညှိသည်သွားလိုရာ လိုက်ပို့ပေးရုံသာ။

ခုတော့ မစ္စတာလုစ်က –

"မောင်ရဲ ထိုင်ဦး"

ဟု မျက်နှာချင်းဆိုင်ရှိ ဆိုဖာလွတ်ကို မစ္စတာလုစ် ညွှန်ပြသည်။ မစ္စတာလုစ် ညွှန်ပြသောဆိုဖာမှာ သူ ဝင်ထိုင်ပြီးသည်နှင့် –

သူ့အလုပ်သဘောအရ စကားစလိုက်တော့ မစ္စတာလုစ် ဖာန်ပါပါ မျက်ခုံးပင့်၏။ စီးကရက်ကိုလည်း ဖိမ်ခံ၍ တစ်ရှိုက်ဖွာ၏။

တစ်ဖန် စီးကရက်ခိုးငွေ့တွေကို မျောမျောလေး မှုတ်ထုတ်ပြန် သည်။ ပြီးမှ –

"အေးအေးဆေးဆေးပေါ့ မောင်ရဲ"

ဟု အင်္ဂလိပ်လေသံဝဲဝဲနှင့် ပြောပြန်သည်။ ပြောလို့ဆုံးသည် နှင့် သူသောက်နေသော ရွှေရောင်စီးကရက်ဘူးထဲမှ အင်္ဂလန်ဖြစ် စီးက

www.burmeseclassic.com



ရက်တစ်လိပ် နှိုက်ယူပြီး သူ့ကို ကမ်းပေး၏။

စီးကရက်နှင့်မစ္စတာလုစ်ကို တစ်လှည့်စီကြည့်ရင်း သူ အံ့ဩနေသည်။ အပြုအမူကအစ တခြား foreigner ထက် သွက်သည်ဟု သူ ယူဆမိ၏။

"သောက်လေ"

ဟု ထပ်ဆင့်ဆိုလျှင် သူပြုံး၍ ခေါင်းယမ်း၏။ တစ်ဆက်တည်းလည်း –

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော် မသောက်တတ်လို့ပါ"

မရိုင်းပျသောအမူအရာဖြင့် သူ ငြင်းလိုက်တော့ နေကြီးနှုတ်ခမ်း မထိတရိပြုံးသွား၏။

သူ ကမ်းမယူသော စီးကရက်ကို မစ္စတာမစ္စတာလုစ်က ဘူးထဲပြန်ထည့်၍ –

"အားနာလို့လား"

"မဟုတ်ပါဘူး ခင်ဗျ၊ စီးကရက်အနံ့ကို မကြိုက်လို့ပါ"

"ဘာ"

"ဪ ဒီလိုပါခင်ဗျ၊ စီးကရက်သောက်တတ်ရင် ငင်ငွေ ပြုန်းတီးပါတယ်၊ ပြီးတော့ နောက်ဆက်တွဲလည်း ဆေးလိပ်နဲ့ ပတ်သက်ပြီး ရောဂါဘယ ခံစားရပါတယ်၊ ဒါကြောင့် ငွေလည်းမကုန် ရောဂါလည်း





ခံစားရအောင် နဂိုကတည်းက ကျွန်တော် မသောက်တာပါ အန်ကယ်"

"အဟင့်"

ခနဲ့သလို မစ္စတာလုစ် အသံထွက်ရယ်၏။ ပြီးတော့ သောက်လက်စ စီးကရက်ကို နှုတ်ခမ်းမှာ ပြန်တပ်ကာ။

"အန်ကယ်က စီးကရက်သောက်လို့ ဝင်ငွေဖြုန်းရာ ရောက်တာလည်း သိတယ်၊ ကျန်းမာရေး ထိခိုက်တာလည်း သိတယ်၊ ဒါပေမဲ့ သောက်တယ်၊ မောင်ရဲလိုတော့ ဆင်ခြင်သတိမရှိဘူးပေါ့ကွာ၊ ဟား ဟား ဟား"

ပြောရင်းဆိုရင်း မဆီမဆိုင် ရယ်မောလေသည်။ ထိုရယ်သံက သူ့ကို လှောင်သလိုလို ဘာလိုလိုနှင့် ခံရခက်လှသည်။

အလုပ်သဘော ရှိနေသည်မို့ မစ္စတာလုစ်၏ရယ်မောသံကြီးကို သူ သည်းခံလိုက်ရသည်။

ဒီလို foreigner မျိုးက စိတ်အနှောင့်အယှက်ပေးတတ်တဲ့ foreigner ။ သူ သတိနဲ့ ဆက်ဆံရမည်။ တတ်နိုင်သမျှ စကားများများ မပြောဖြစ်အောင် ဆင်ခြင်ရမည်ဟု အသိဝင်လာသည်။

သူနဲ့ မစ္စတာလုစ်ကြားမှာ အလုပ်ကိစ္စပဲ ပြောချင်၏။ စီးကရက်သောက်တာ၊ မသောက်တာ စသည့် မဆီမဆိုင်ဖြစ်အောင် စကားတွေ မပြောလိုပါ။ ဒါကြောင့် မစ္စတာလုစ် ရယ်သံဆုံးသည်နှင့် သူ နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ် ခရီးစဉ်က ဘယ်လိုရှိပါလဲ၊ ဘယ်ကို အရင်သွားချင်ပါသလဲ"

မစ္စတာလုစ် မျက်မှောင်ကုတ်ကျသွားသည်။ သူ့ကိုလည်း မျက်လုံးပြာပြာဖြင့် စိုက်စိုက်ကြည့်၏။

"ဟိုလေ၊ အန်ကယ့်အချိန်တွေ အလဟဿဖြစ်မှာစိုးလို့ပါ။ ဒါကြောင့် ကျွန်တော် မေးတာပါ။ အန်ကယ် သွားလာလည်ပတ်ချင်တဲ့ နေရာတွေလည်း အနှံ့ရောက်အောင် အချိန်လည်း ချွေတာလို့ရအောင်ပါ"

သူ ရှင်းပြပြောသလို ပြောလိုက်၏။ မစ္စတာလုစ်က မိကျောင်းမင်း ရောက်လာပြုနေတယ်ဆိုသော အကြည့်ဖြင့် သူ့ကို စိုက်ကြည့်ပြီး

"ကောင်းပြီ သွားကြမယ်"

"ဘယ်လဲ ခင်ဗျ"

"ဦးနာအောက်ဆီ"

"ဗျာ"

"ဦးနာအောက်၊ သိတယ် မဟုတ်လား"

မစ္စတာလုစ် ဦးနာအောက်နာမည် တစ်လုံးချင်းရွတ်၍ မေးလျှင် -

"ဟုတ်ကဲ့ ခင်ဗျ"

သူ ကမန်းကတန်း ခေါင်းညိတ်ရလေသည်။ မစ္စတာလုစ်က





ပြောပြီးသည်နှင့် ထိုင်ရာမှထကာ ညေ့်ကြိုကောင်တာဆီ လျှောက်သွား၏။

သူ့ထက် ခေါင်းတစ်လုံးမက ပိုမြင့်နေသော မစ္စတာလုစ်ကို သူ အငေးသားကြည့်ဖြစ်၏။

အရပ်ကြီးထွားသလို၊ ကိုယ်လုံးကလည်း ဖိုင့်သည်။

အသက်က ဖေဖေ့ထက် ငါးနှစ်လောက်ကြီးပုံပေါက်သော်လည်း ဖေဖေ့ထက် သွက်လက်ဖျတ်လတ်နေသည်။

လူရွယ်တစ်ယောက်လို တက်ကြွသောအသွင်ဆောင်တာမို့ ဒီငနဲကြီးကို လျှော့တွက်လို့မရမှန်း သူ ကောင်းစွာ သဘောပေါက်၏။

ထို့ကြောင့် -

မစ္စတာလုစ်ကို အထူးသတိထားပြီး ဆက်ဆံရမည်ဟု သူ့ကိုယ်သူ သတိပေးရင်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"တီ တီ တီ"

လက်ကိုင်ဖုန်းလေး သံစုံမြည်လာလျှင် ပန်းရောင်စုံ နှလုံးသားလေး မြူးသွား၏။

သူငယ်ချင်းတွေနှင့် ဘန်ဂလိုဝရန်တာမှာ အတူထိုင်ပြီး ဒိန်ချဉ်သောက်နေရာမှ ဆတ်ခနဲထသည်။

အခန်းထဲရှိ အလှပန်းအိုးတင် စားပွဲပုလေးပေါ် တင်ရှိနေသည့် လက်ကိုင်ဖုန်းကို ကမန်းကတန်း ပြေးယူမိသည်က မောင်ခေါ်ဆိုခြင်းဆိုသော ရင်ခုန်အသိစိတ်ဖြင့်။





တစ်နာရီတစ်ခါ ဖုန်းခေါ်မယ်လို့ မောင်ပြောသွားတယ် မဟုတ်သား။

ခုဆို မောင် နှုတ်ဆက်ပြီး ထွက်သွားတာ တစ်နာရီတိတိလေး။

သို့ကြောင့်မို့ မြူးထူးစွာ လက်ကိုင်ဖုန်းပြေးကိုင်သည့် စုံ့ကို ယ်ချင်းတွေ မေးငေါ့ကြည့်ကြသည်။

ပန်းရောင်စုံ မမှုပါ။

အလှပန်းအိုးဘေးမှာ အဆက်မပြတ် မြည်နေသော လက်ကိုင်ယှဉ် ချိုကြည်စွာ ဖုန်းထူး၏။

"ဟဲလို"

"သမီး စုံစုံ"

"ရှင်"

ပန်းရောင်စုံ ဖီလင်အောက်ကာ မျက်နှာလေး အရောင်မှိန်သွား

ဖုန်းလိုင်းထဲက ခေါ်သံက စုံ မျှော်လင့်သော မောင်မဟုတ်ပါ။

အန်တီခါ။

အန်တီခါ့အသံမို့ စုံ လွှတ်ခနဲ့ ရှင်ထူးလို့မဆုံးသေး။

"သမီး ဘယ်နေ့ပြန်လာမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ"

ပန်းရောင်စုံ ခြေထောက်ကလေးပါ ဆောင့်မိ၏။

"ပြောလေ သမီး"

"ဘာ ဘာဖြစ်လို့လဲ၊ အန်တီခါရဲ့"

"ဘာဖြစ်ရမှာလဲ၊ ခေတ်ရွှေပေါ့"

"ခေတ်ရွှေ"

"ဟုတ်တယ်"

ဒေါ်ခါဝသုန် စိတ်ပူပန်စွာပင် ခေတ်ရွှေနှင့်ပတ်သက်ပြီး ပြော ချေပြီ။ ထိုအခါ တူမချောက ငြူစူလျက်။

"ခေတ်ရွှေနဲ့ ဘာဆိုင်လဲ အန်တီခါ"

"အေး ဆိုင်,မဆိုင်မသိဘူး တူမရေ၊ ခေတ်ရွှေက သမီး အလည်ခရီးသွားတာက သူ့ကို ခေါ်မသွားလို့ တင်းနေတယ်၊ အဲဒီနေ ခေတ်ရွှေ ဘာတွေသွေးတိုးလည်း မသိဘူး၊ သမီးဒယ်ဒီ ဖုန်းဆက် တယ်လေ"

"ဘာ၊ ဒယ်ဒီက"

"ဘာမေးလဲ အန်တီခါ"

"ဩော် အေး မေးတာတွေက စုံနေတာပဲ၊ အန်တီခါ သက်သက်ညာညာ ပြောပါတယ်၊ သမီးဒယ်ဒီက မရဘူး၊ သမီး





ကိုယ်တိုင် လာခေါ်မတဲ့"

"ဟင်"

ပန်းရောင်စုံ မျက်လုံးလေးပြူးရ၏။ ခေတ်ရွှေကိုလည်း ဒေါသနဲ့ ကျိန်ဆဲမိသည်။

"ဟုတ်တယ် သမီး၊ အန်တီခါလည်း စိတ်ပူလှတယ်၊ သမီး ဒယ်ဒီရောက်လာလို့ သမီးကိုမမြင်ရင် အန်တီခါလည်း အပြစ်လွတ်မှာ မဟုတ်ဘူး၊ သမီး လည်ပတ်ပြီးရင် ပြန်လာပါတော့"

"ဒယ်ဒီက ဘယ်တော့လာမှာတဲ့လဲ"

"မေးလို့ကိုမရဘူး တူမရယ်၊ သမီးဒယ်ဒီစိတ်ကို သမီး သိ သားနဲ့၊ ဘာကိစ္စဖြစ်ဖြစ် သူကချည်းမေးမှာ၊ သူများ ပြန်မေးရင် ကြိုက် တာမဟုတ်ဘူး၊ မေးရင်လည်း ဖြေတာမဟုတ်ဘူး၊ အန်တီခါ မေးတော့ လည်း မဖြေဘူး၊ အဲဒါကြောင့် အန်တီခါ စိတ်ပူတာ၊ တော်ကြာ မြန်းစား ကြီး ရောက်ခဲ့ရင်"

အန်တီခါ့စကားမဆုံးခင် ပန်းရောင်စုံ သက်မရှည်ကြီးချ၏။

"ကျွတ်၊ အဲဒီခေတ်ရွှေ အတော်မုန်းဖို့ကောင်းတယ်၊ ဒယ်ဒီ ကလည်း စုံ့ကို ဖုန်းလေးတောင် မဆက်ဘဲနဲ့၊ ခေတ်ရွှေနဲ့ အဆက် အသွယ်လုပ်နေတာဆိုးတယ်၊ နေဦး ဒယ်ဒီ့ဆီ စုံ ဖုန်းဆက်မယ် အန်တီ ခါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ မဆက်နဲ့ တော်ကြာ သမီးဖုန်းဆက်လိုက်မှ သမီးဒယ်ဒီ အမြန်ပေါက်ချလာရင် ခက်မယ်"

"အေး အဲဒါလည်း ဟုတ်သား၊ ဒယ်ဒီ မြန်မြန်မလာလေ ကောင်းလေ၊ စုံ ဒီမှာ နေချင်သေးတယ်"

အန်တီခါကိုပဲ စုံ ချွဲနွဲ့မိလေသည်။ အန်တီခါက တူမချောဆော့သာ ဦးစားပေးချင်တာနဲ့။

"နေချင်ရင် သုံးလေးရက်ဆက်နေလေ၊ အန်တီခါ သမီးဒယ်ဒီနဲ့ ပြေရာပြေကြောင်းဖြစ်အောင် ဖုန်းပြောကြည့်မယ်၊ ပြီးတော့ ခေတ်ရွှေကိုလည်း မျက်နှာချိုသွေးပြီး မေးမြန်းရမယ်၊ နောက်ဆို မလွယ်ဘူး သမီးရယ်၊ အန်တီခါ တိုးတိုးတိတ်တိတ် ကြားတဲ့သတင်းတွေက ခေတ်ရွှေ ဒယ်ဒီနဲ့မာမီက သမီး၏ဒယ်ဒီနဲ့ အင်္ဂလန်မှာ သွားတွေ့တာ ဒီလပိုင်းတွင်းမှာ နှစ်ကြိမ်ရှိပြီတဲ့"

"ဟင်"

"ဟုတ်တယ် သမီး၊ သမီးဒယ်ဒီနဲ့ခေတ်ရွှေမိဘ ဘာတွေကြိတ်ပြီး စီစဉ်နေလဲဆိုတာ အန်တီခါ စူးစမ်းကြည့်မယ်၊ အဲဒီအတွက် ခေတ်ရွှေကို ချော့မော့ပြီး အန်တီခါ စကားနှိုက်ကြည့်မယ်၊ သမီးစိတ်လိုက်မာန်ပါနဲ့ ခေတ်ရွှေကို ရန်ထောင်မနေနဲ့ဦး၊ လောလောဆယ် မသိချင်ဟန်ဆောင်နေ၊ ခေတ်ကို ဘာမှမပြောနဲ့၊ ကြားလား သမီး"





"ဟုတ်"

ပန်းရောင်စုံ အလိုမကျစွာ ဟုတ်ကဲ့လိုက်ရသည်။ စုံ့စိတ်နဲ့ဆို ခေတ်ရွှေကို ချဲလိုက်ချင်သည်။ အန်တီခါ သတိပေးလို့သာ။

"ကဲ သမီးလည်း လည်ချင်ပတ်ရှိတာ မြန်မြန်လည်၊ ပြီးရင် ပြန်မယ့်အစီအစဉ်လုပ်၊ ဟုတ်ပြီလား"

"အင်း"

ပန်းရောင်စုံ အင်းမလုပ်ချင်းပဲ အင်းဟု ခေါင်းညိတ်ရလေသည်။

"ဒါပဲ သမီး၊ အန်တီ ခေတ်ရွှေနဲ့ တွေ့ဖို့စီစဉ်လိုက်မယ်၊ ဒါပဲနော် သမီး"

"ဟုတ်"

ပန်းရောင်စုံ အလိုမကျပါ။ အန်တီခါကို နှုတ်ဆက်ရင်း ဖုန်းချ၏။

ထို့နောက် ပါးစပ်ကလည်း ပွစိပွစိ ရွတ်၏။

ပန်းရောင်စုံမျက်နှာရိပ်ကို အကဲခတ်ကြည့်မိရုံနှင့် ရာသီဥတုအခြေအနေကို ခန့်မှန်းနိုင်သည့်မို့ သူငယ်ချင်းများလည်း စိတ်မသက်သာ ဖြစ်ကြလေသည်။

"နှလုံးသားမှာ ကျွန်းခံတာထက် ဆိုးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ"

စုရတီပြောလျှင် သွန်းသွန်းက ထောက်ခံနေသည်။ ပန်းရောင်စုံက စိတ်ပျက်လက်ပျက်နှင့်။

တမ်းတမိသည်မှာ ချစ်သူ့မျက်နှာဖြစ်လေတော့သည်။

✿ ✿ ✿



## အခန်း (၂၇)

Thank you။

မစ္စတာလုစ် ကောင်တာနားပင်မရောက်ခင် ညှို့ကြို့ဝန်ထမ်းမလေး ပါကင်ပိတ်ထားသော ပန်းစည်းပါကင်နှစ်ဖာကို မစ္စတာလုစ်အား တရိုတသေ ကမ်းပေး၏။

မစ္စတာလုစ် လှမ်းယူ၍ ကျေးဇူးကြောင်းပြောကာ ဟိုတယ်ထဲက ထွက်ခဲ့သည်။

သူက မစ္စတာလုစ်လက်ထဲက ပန်းစည်းပါကင်ကို ကူညီယူဆောင်ပေးရင်း ကားရှေ့ခန်းဆိုဖာထိုင်ခုံပေါ်တင်၏။



www.burmeseclassic.com

www.burmeseclassic.com



အနီရောင်ရဲရဲတွေးနေသော နှင်းဆီပန်းစည်းက ဝံ့ဝံ့ကြွားကြွား လှကုဏ်ကြွယ်နေသလို ဖြူဖွေးရှင်းသန့်နေသော နှင်းဆီပန်းစည်းကလည်း ညွတ်နူးဖွယ် အလှသွေးကြွယ်လျက်။

မစ္စတာလုစ်ရယ်။

ပန်းစည်းလှလှရယ်။

ဦးနာအောက်ရယ်။

သူ့ရင်ထဲမှာ ပဟေဠိဖြစ်လို့နေသည်။

သို့သော်လည်း သူ့တာဝန်ရှိတဲ့အတိုင်း ပို့ပေးရုံသာ။

မစ္စတာလုစ်က သူ၏ပါရဒိုကားနောက်ခန်းမှာ စမတ်ကျကျ ထိုင် လျက် ပါလာသည်။

သူက တာဝန်ရှိသည့်အတိုင်း ဘီလူးကျွန်းကြီးပေါ်ရှိ ကော့နှပ်ရွာလေးဆီ ဦးတည်လျှင် –

မော်မြိုင်တောင်ဘက်ရှိ အချွာရုံတံတားကို ဖြတ်ကျော်ရသည်။

ထို့နောက် ဂျိုင်း (အသပြင်) ကြီးတံတားရှည်ကြီးကိုဖြတ်ကား ကော့နှပ်ရွာလေးသို့ လေးဆယ့်ငါးမိနစ်ခန့်အကြာတွင် ရောက်ရှိလာလေ သည်။

လမ်းတစ်လျှောက် မစ္စတာလုစ်နှင့်သူ စကားမပြောဖြစ် ကော့နှပ်ရောက်၍ ကော့နှပ်ပရိယတ္တိစာသင်တိုက်မုခ်ဝရှေ့ ကား





သည်နှင့် မစ္စတာလုစ် တက်ကြွစွာ ကားပေါ်မှဆင်း၏။

ပါကင်အတွင်းမှ ပန်းစည်းထုတ်ယူ၏။ ရောင်စုံဖဲကြိုးတို့ဖြင့် စည်းနှောင်ထားသော နှင်းဆီပန်းစည်းကြီးမှာ ခန့်ညားနေသည်။

ထိုပန်းစည်းကြီးကို တယုတယပွေ့ကိုင်၍ မုခ်ဝအဝင်ညာဘက် ထောင့်တွင်ရှိသော ဦးနာအောက်ရုပ်တုဆီ တန်းတန်းမတ်သွားနေသည် ကို ပါးစပ်အဟောင်းသားဖြင့် ရဲဝံ့သူ ငေးကြည့်၏။

သူရဲကောင်းဦးထုပ်ပုံစံ အမိုးအောက်မှာ စကျင်ကျောက်ဖြူဖြင့် မတ်ရပ်ထုလုပ်ထားသော ဦးနာအောက်၏ရုပ်တုရှိခြေရင်းအုတ်ခုံတွင် ထိုပန်းစည်းလေးကို မစ္စတာလုစ် ချ၏။

ပန်းစည်း စည်းနှောင်ထားသော ဖဲကြိုးရောင်စုံနှင့်အတူ အဖြူ ရောင် ကပ်ပြားလေးပေါ်မှ အနီရင့်ရောင်စာလုံးများက ထင်ရှားစွာ။

"သူဌေးကြီးဦးနာအောက် ကွယ်လွန်ခြင်း နှစ်တစ်ရာပြည့် အောက်မေ့ခြင်း အထိမ်းအမှတ်" တဲ့။

ဘုရားရေ။

ရဲဝံ့သူ တစ်ကိုယ်လုံး ကြက်သီးဖြန်းခနဲ ထလေသည်။

သူတို့လို ဒေသခံများပင် သတိမထားမိသည့်အထိမ်းအမှတ်။

ဦးနာအောက် (၁၇၉၄–၁၇၉၈)။

ခုဆိုရင် ကွယ်လွန်ခြင်း နှစ်တစ်ရာတင်းတင်းပြည့်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ဦးနာအောက် သက်ရှိထင်ရှားရှိမည်ဆိုလျှင် (၁၈၃) နှစ်။ ဦးနာအောက်ဆိုတာ မြန်မာ့သမိုင်းထဲက အထင်ကရပုဂ္ဂိုလ်။

ထိုအထင်ကရပုဂ္ဂိုလ်ကို အင်္ဂလန်နိုင်ငံသား မစ္စတာလုစ်က ဂါရဝပြုခြင်း။

ဒါဟာ အကြောင်းမဲ့တော့ မဟုတ်နိုင်ပါ။

မစ္စတာလုစ်က ပန်းစည်းချ၍ ဦးညွှတ်ကာ အရိုအသေပေး ထို့နောက် ပြန်လှည့်လာလျှင် –

"အန်ကယ်"

သူ တစ်ခုခုမေးချင်စိတ်ဖြင့် လှုတ်ခနဲ ခေါ်ဆိုမိသည်။ ထိုအခါ မစ္စတာလုစ်က သိပ်ခါဆိုသော မျက်နှာပေးမျိုးနှင့် ပြုံး၍ –

"မောင်ရဲ့ မင်းတော့ အံ့သြနေမှာပဲကွ"

သူ ခေါင်းဆတ်လိုက်သည်။ ထိုအခါ မစ္စတာလုစ် ခပ်ပြုံးပြုံး ဖြင့် ဦးနာအောက်ရုပ်တုကို ပြန်ငေးကြည့်ပြီး ပြော၏။

"ဦးနာအောက်နဲ့ ရောဝတီမီးသင်္ဘောကုမ္ပဏီဆိုတာ အန်ကယ် တို့ ဗြိတိသျှအင်ပါယာသမိုင်းမှာ အထင်ကရပဲ၊ အဲဒီတုန်းက ရောဝတီ သင်္ဘောကုမ္ပဏီရဲ့ဦးဆောင်အရာရှိက အန်ကယ့်ဘိုးတော်၊ စီးပွားရေးအ အန်ကယ့်ဘိုးတော်နဲ့ ဦးနာအောက်က အပြိုင်အဆိုင် တွေးခေါ်ပြီး ပြိုင်ကြတာ၊ ရောဝတီမီးသင်္ဘောကုမ္ပဏီက ငွေကြေးအရ အနိုင်ရလိုက်





ပေမယ့် ဦးနာအောက်ရဲ့စိတ်ဓာတ်ကိုတော့ အနိုင်မရလိုက်ဘူး။ ဦးနာအောက်က မျိုးချစ်စိတ်ဓာတ်အရ အောင်နိုင်သူ၊ စံပြစိတ်ဓာတ်ပိုင်ရှင်၊ အန်ကယ့်ဘိုးတော်က ဦးနာအောက်စိတ်ဓာတ်ကို အမြဲချီးကျူးတာကွ၊ အန်ကယ်ကလည်း ဘိုးတော်ချီးကျူးရလောက်အောင် မျိုးချစ်စိတ်အရာမှာ အောင်မြင်မှုရလိုက်တဲ့ ဦးနာအောက်ကို ရင်ထဲက လေးစားတယ် အားကျတယ်၊ ဒါကြောင့် ရောက်တုန်းရောက်ခိုက် ဂါရဝပြုတာပါ"

မစ္စတာလုစ်၏စကားမဆုံးခင် သူ့ရင်မှ ကြည်နူးသက်မချ၏။

ထို့နောက် မစ္စတာလုစ်က ဦးနာအောက် ဆောက်လုပ်ခဲ့သော သာသနိက အဆောက်အအုံများကို တန်ဖိုးထားပြီး ကြည့်ရှု၏။

မဟာစေတီနှင့် ဆုတောင်းပြည့်စေတီ။

ဆုတောင်းပြည့်ဝတ်တန်ဆောင်း။

မဟာဝိဇယသိမ်တော်ကြီး။

ဒီပင်္ကရာဝတ်တန်ဆောင်း။

ဦးနာအောက် တီထွင်ထားသော သစ်သားပန်းတိုင်များပါ မကျန်။

သစ်လုံးဖြင့် ထုထွင်းထားသော ရုပ်တော်မှုဆင်းတုကြီးနှစ်ဆူကို တအံ့တသြဖူး၏။

သစ်သားရုပ်ကြွဖြင့် ပုံဖော်ထားသော ဇာတ်ကွက်များကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကြည်ညိုစွာ အသေးစိတ်လေ့လာကြည့်ရှုပြီး တာဝန်ရှိလူကြီးများနှင့် တွေ့ဆုံကာ။

ဦးနာအောက်ဖ်ကောင်းမှုတော် သာသနိကအဆောက်အအုံများ ဘက်စုံပြုပြင်ရေးအတွက် ဒေါ်လာတစ်သိန်းတန်ချက်လက်မှတ်တစ်စောင် လှူဒါန်းလေသည်။

ရဲ့ဝံ့လှမှာ အံ့သြခြင်း၊ ဂုဏ်ယူခြင်း၊ ဝမ်းမြောက်ခြင်းဖြင့် မစ္စတာ လုစ်ကို ကြည့်မဝနိုင်အောင် ဖြစ်နေပါသည်။

အကြောင်းမှာ။

✿ ✿ ✿



## အခန်း (၂၀)

"ကျွတ်"

ပန်းရောင်စုံစိတ်မှာ ပြင်းရှရှ လှုပ်ရှားနေသည်။

ဖုန်းခေါ်ဆိုနေတာ ငါးကြိမ်မကတော့ပါ။ ဖုန်းဝင်ပါလျက်နှင့် မောင် ဖုန်းမကိုင်လေတော့ ဒေါသထွက်ရသည်။

အံကိုကြိတ်လိုက်၊ နှုတ်ခမ်းကို ကိုက်လိုက်နှင့်၊ ခေါ်ဆိုမြဲတိုင်း ခွဲနေဘဲကြီးစွာ၊ ပန်းရောင်စုံ ခေါ်ဆိုနေမိသည်။

နောက်ဆုံးမှာ စက်ပိတ်ထားပါသည်ဟု မောင့်ဖုန်းမှ အကြောင်း ပြန်လျှင် –



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

ပန်းရောင်စုံ ပြင်းပြင်းရှရှ တောက်ခတ်၏။

"စုံရယ် စိတ်လျှော့မှပေါ့"

ခရမ်းရင့် ကြည့်မနေနိုင်တော့ပါ။ ဖျောင်းဖျောင်းဖျဖျ ဝင်ပြောလေသည်။ ထိုအခါ ပန်းရောင်စုံ ပို၍ပေါက်ကွဲ၏။

"ဘာလို့ စိတ်လျှော့ရမှာလဲ၊ ဒီလောက် ဖုန်းခေါ်နေတဲ့ဟာကို တစ်ချက်လေးကိုင်လို့ ဘာဖြစ်သွားမှာလဲ၊ ခုတော့ ဖုန်းမကိုင်တဲ့အပြင် စက်ပါ ပိတ်လိုက်တာ၊ ဘယ်လောက်ခံပြင်းဖို့ကောင်းသလဲ"

"ဟုတ်ပါတယ်၊ ကိုရဲက foreigner နဲ့ သွားနေတာ မဟုတ်လား၊ ဒါကြောင့်မို့ ထင်ပါတယ်"

"အိုး၊ ဘယ်သူနဲ့ပဲ သွားသွား"

ပန်းရောင်စုံ ဖွတ်ပြော၏။ သူငယ်ချင်းတွေက စုံစုံစိတ်ကို အတွင်းသိ အစင်းသိမို့ ဆက်မပြောသာ။ စုံစုံက တစ်ဦးတည်းသောသမီး။ အစစအရာရာ အလိုလိုက်ခံရကာ။ လိုချင်တာမှန်သမျှ မိနစ်ပိုင်းမကြာ ရနေတဲ့သူ။ ဘာကိစ္စဖြစ်ဖြစ် စောင့်စောင့်ဆိုင်းဆိုင်းဖြစ်တာမျိုး လက်မခံချင်ပါ။ ချစ်သူက ဖုန်းမကိုင်တော့ ပိုတင်းတာပေါ့။

"ဟုတ်သားပဲ၊ ကိုရဲက မမိုက်ဘူး"

စုရတီက ပန်းရောင်စုံဘက်က ဝင်ပြောလျှင် –





"ဟုတ်သားပဲ"

ဟု သွန်းသွန်းကလည်း ထောက်ခံရှာသည်။

"တောက်၊ တွေ့မယ်၊ လာပစေ"

ပန်းရောင်စုံ ဒေါသဖြင့် ချစ်သူကို တေးမှတ်၏။ ခရမ်းရင့်က ပခုံးနှစ်ဖက် စုံပင့်၍ –

"ဟိုက လာရင် ရှင်ပဲ အရည်ပျော်ကျသွားမယ်"

"အောင်မာ၊ ရှင်က ဘယ်လိုထင်နေလို့လဲ"

"သိဘူးလေ၊ ရှင်တို့ချင်း အချိန်တိုတွင်းမှာ ချစ်သူဖြစ်သွားစေတဲ့ဆွဲအား ဘယ်လောက်ပြင်းလဲဆိုတာ စုံတို့ချင်း အသိပဲဟာ"

"အိုး ချစ်တာက ချစ်တာ"

"အေး ချစ်လို့ပဲ ပြောနေရတာ၊ အဲဒီချစ်စိတ်ကြောင့်ပဲ ကိုရဲ စုံ့ရှေ့မှောက်ရောက်လာတာနဲ့ စုံ့နှလုံးသား ပျာယီးပျာယာ လှုပ်ရှားပြီး ငြိမ်သင့်မြတ်သွားမှာ"

"ဟွန်း၊ သင့်မြတ်တာက တခြား၊ ခုကိစ္စက တခြား၊ တကယ်ဆို ဖုန်းကိုင်ရင် ဘာဖြစ်မှာမို့လဲ"

"ရှင့်မောင်တော်နဲ့တွေ့တဲ့အခါ ရှင်ပဲ မေးပါတော့၊ ကဲ၊ မိုက်ဆာပြီ၊ နေ့လည်စာ သွားစားတော့မယ်"

ခရမ်းရင့်က ပြောပြောဆိုဆို ထထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သွန်းသွန်းနှင့် စုရတီကလည်း မိုက်ကလေးကို မသိမသာ ပွတ်၍ ဆာလောင်နေဟန်အချက်ပြလျှင် –

"ကဲ ကြွ ကြွ၊ ဆာနေရင်လည်း သွားစားကြ၊ စုံတော့ ဆာလည်း မစားဘူး၊ စားလည်း မစားဘူး၊ ဟွန်း"

စုံ ဘုဆတ်ဆတ်ပြောကာ ဟိုတယ်အပြင်ဘက် စင်္ကြံလမ်းဆီ လမ်းလျှောက်ထွက်ခဲ့သည်။

စိတ်ထဲမှာ မကြည်။

ရင်ထဲမှာ မကြည်။

ဒါပြင် နှလုံးသားထဲမှာလည်း မကြည်။

အဲဒါ ဘာဖြစ်လို့လဲ။

သိရဲ့လား မောင်။

✿ ✿ ✿



## အခန်း (၂၉)

"ဦးဘညာဏ်"

"ဟုတ်တယ် မောင်ရဲ့၊ ဦးဘညာဏ်ကို မသိဘူးလား"

"အဲ"

မသိဘူးဟု ချက်ချင်း ပြန်မဖြေ။ အဲခနဲ့ဖြစ်လျှင် မစ္စတာလုပ် ...ဘက်မှောင်တကုပ်ကုပ်နှင့် သူ့ကို စိုက်ကြည့်ပြီး –

"ဦးဘညာဏ်ဆိုတာ အန်ကယ်တို့ ဗြိတိသျှအစိုးရ မြန်မာနိုင်ငံ... အုပ်ချုပ်စဉ်က လန်ဒန်တော်ဝင်သိပ္ပံပန်းချီကျောင်းကြီးကို ပန်းချီ ...ညာတော်သင်အဖြစ် ပထမဦးဆုံး စေလွှတ်ခြင်းခံရတဲ့ မြန်မာပန်းချီ



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ဦးဘဉာဏ်ကို ပြောတာကွ''

''သြော် သိပြီခင်ဗျ''

သူ ကမန်းကတန်း ပြန်ပြောခါမှ မစွတာလုစ် မျက်မှောင်ကုတ်ထားသမျှ ပြယ်ကျသွားသည်။

ပန်းချီပညာရှင်ကြီးဦးဘဉာဏ်ကို အီတလီပန်းချီကျော် မိုက်ကယ်အန်ဂျလိုနှင့် နှိုင်းရလောက်အောင် တော်သည်ဟု စာရေးဆရာ သိပ္ပံမောင်ဝ ချီးကျူးခဲ့သည်။

အင်္ဂလိပ်စာရေးဆရာပညာရှင် ဓာရစ်ကောလစ်ကလည်း ဦးဘဉာဏ်ဟာ မြန်မာ့သရုပ်သကန်ကို အပေါ်လွင်ဆုံး ရေးဆွဲနိုင်သူ။

ဝိဓိုးနစ်းကလည်း ဦးဘဉာဏ်သည် အနောက်တိုင်းပညာသည်ကြီးများ၏အဆင့်အတန်းသို့ ပထမဆုံးပေါက်မြောက်ခဲ့သော မြန်မာပန်းချီကျော်ဟု ချီးကျူးခဲ့သည်။

ထို့ပြင် ''အရှေ့အနောက်နိုင်ငံမှ ပန်းချီပညာကို ရယူနိုင်ခဲ့သူက ဦးဘဉာဏ်တည်း'' ဟူ၍ အမျိုးသားပညာဝန်ဦးဖိုးကျားကလည်း မှတ်ချက်ပေးခဲ့သည်။

အန်ကယ်တို့ရဲ့လန်ဒန်တော်ဝင်သိပ္ပံပန်းချီကျောင်းတော်ကြီးမှာ သမိုင်းမှတ်တမ်းဝင်တဲ့ ကမ္ဘာကျော်တွေထဲမှာ မြန်မာပန်းချီကျော်ပုဂ္ဂိုလ်ကြီး ဦးဘဉာဏ်လည်း အထင်အရှားပါတယ်။





''ဟုတ်ကဲ့ခင်ဗျ၊ ပန်းချီဆရာကြီးဦးဘဉာဏ်က ဒုတိယကမ္ဘာစစ်တုန်းက ကတိုးရွာမှာ စစ်ဘေးရှောင်နေရင်း ရောဂါနဲ့ ကွယ်လွန်ခဲ့တာပါ''

''ဟုတ်တယ် မောင်ရဲ့ ခုဆို ပန်းချီကျော်ပုဂ္ဂိုလ်ကြီး ဦးဘဉာဏ် (၁၈၉၇–၁၉၄၅) အသက်က (၁၁၆) နှစ်၊ ကွယ်လွန်တာက (၆၈) နှစ်ရှိပြီ''

''ဟုတ်ကဲ့ အန်ကယ်၊ ဆရာကြီးဆီ အန်ကယ် မကြာခင်ရောက်တော့မှာပါ''

သူပြောရင်း ကတိုးနှင့်ကော့နပ်ရွာနှစ်ရွာကို ဆက်သွယ်ထားသော ပေါင်းကူးတံတားကို ဖြတ်ကျော်ခဲ့သည်။

ဘိလပ်ပြန် ပန်းချီဆရာကြီး

ဦးဘဉာဏ်

အသက် (၍၄) နှစ်

၁၃၀၆ ခုနှစ်၊ ဝါခေါင်လဆုတ် (၁၂) ရက်နေ့

ကွယ်လွန်သည်။

တိတ်ဆိတ်လှသော ကတိုးရွာငယ်လေး၏သချိုင်းကုန်းမှာ အမှည်းတင်မြှုပ်နှံထားသော ဆရာကြီးဦးဘဉာဏ်၏အုတ်ဂူလေးမှာ အထီးကျန်ဆန်စွာ။

ဦးနာအောက်ရပ်တုက ခန့်ခန့်ညားညား ရှိလှပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဦးဘညဏ်အုတ်ဂူက အထီးကျန်ဆန်စွာ သိမ်ငယ်နေသယောင်။

မစ္စတာလုစ်က အဖြူရောင်ပန်းစည်းကို ပန်းချီကျော်ဆရာကြီး ဦးဘညဏ်၏အုတ်ဂူခေါင်းရင်းမှာတင်၍ လေးလေးစားစား ဂါရဝပြု၏။ ထို့နောက် ပြောသေးသည်။

''ကမ္ဘာကျော်၊ မြန်မာကျော်ပညာရှင်တွေရဲ့ အုတ်ဂူတွေဟာ တခမ်းတနား ရှိနေသင့်တယ်၊ အန်ကယ်တို့ အင်္ဂလန်မှာဆို ပညာရှင်တွေကို မျိုးဆက်သစ်တွေ အားကျအောင် ပြတိုက်သွင်းပြီး ခမ်းခမ်းနားနား နေရာပေးတာကွ၊ ဆရာကြီးဦးဘညဏ်အုတ်ဂူလေးက သာမန်ရွာတစ်ယောက်ရဲ့အုတ်ဂူလို မထင်မရှားဖြစ်နေတာ အန်ကယ် ဝမ်းနည်းတယ်၊ ဒါပေမဲ့ ရှေ့ဆက်ဝမ်းနည်းစရာမဖြစ်စေဖို့ အန်ကယ့်မှာ အစီအစဉ်တစ်ခု ရှိပါတယ်''

မစ္စတာလုစ်သည် နှုတ်က အလေးအနက်ပြောသလို တကယ်လည်း လက်တွေ့ကျကျ လုပ်ဆောင်လေသည်။

ကတိုးရွာလူကြီးများနှင့် တွေ့ဆုံပြီး ပန်းချီဆရာကြီးဦးဘညဏ်၏သင်္ချိုင်းအုတ်ဂူလေး ခန့်ခန့်ညားညားရှိစေဖို့ လုပ်ဆောင်ရန် အမေရိကန်ငွေ ဒေါ်လာတစ်သိန်းကို ရက်ရောစွာ ပေးလှူလျက်။

မစ္စတာလုစ်၏စိတ်ခံစားချက်နှင့် လုပ်ဆောင်မှုကို အံ့သြဘနန်းဖြစ်ရသလို ကြည်ညိုစိတ်လည်း ဖြစ်ရလေသည်။





တကယ်ဆို သူတို့လို ဒေသခံတွေ၊ လူငယ်လူရွယ်တွေဟာ အတွေးအမြင်ကျယ်သော လူကြီးများ၏ဦးဆောင်မှုကို ရယူပြီး ခုလို မြန်မာကျော်၊ ကမ္ဘာကျော်ဖြစ်သော ဦးနာအောက်လို ရဲဝံ့သော စိတ်ဓာတ်ခွန်အားရှင်များ၊ မြန်မာ့စာပေနှပညာရှင်ကြီးများနှင့် တိုင်းကျိုးပြည်ပြုလုပ်ဆောင်ခဲ့ကြသောပါရမီရှင်ကြီးများကို တခမ်းတနား ဖော်ထုတ်သင့်ပေသည်။

ဒါ့ပြင် အထင်ကရမှတ်တိုင်ကြီးများ ဝင့်ထည်စွာ စိုက်ထူထားဖို့ ထိုအပ်ပေသည်။ ခုတော့ မစ္စတာလုစ်က သတိတရ ချီးကျူးပြီး ဦးဆောင်မှုပြုလာသည်နှင့်ကြုံရတော့ ဝမ်းနည်းဝမ်းသာပီတိနှင့် ထိုပုဂ္ဂိုလ်ထူးကြီးများအား ဂုဏ်ယူစိတ် ပို၍မြင့်တက်ကာ။

ဦးနာအောက်၏ရဲဝံ့သော အနီရောင်မျိုးချစ်စိတ်။

ပန်းချီဆရာကြီးဦးဘညဏ်၏ဖြူစင်သော အနုပညာစွမ်းဆောင်အား စိတ်ဓာတ်ကို မြတ်မြတ်နိုးနိုး ခံစားလျက်။

အပြန်လမ်းတစ်လျှောက် တိတ်ဆိတ်နေခြင်းက လာစဉ်တုန်းကသို့ တိတ်ဆိတ်နေခြင်းနှင့်မတူ။

ခွန်အားသစ်တို့ဖြင့် စွမ်းရည်တို့ပြည့်ကာ။

ဂုဏ်ပြုချီးကျူးထိုက်သူကို ချီးကျူးဂုဏ်ပြုခြင်းဖြင့် ဂါရဝပြုတတ်သော မစ္စတာလုစ်ကို သူ ရင်ထဲမှ တလေးတစား ခံစားလျက်။



www.burmeseclassic.com

www.burmeseclassic.com



မကြာခဏ ငုံငုံကြည့်မိသည်အထိ သူ့စိတ်ထဲမှာ နှစ်သက်နေမိ၏။

သူတို့လိုမျိုးဆက်သစ်လူငယ်များဟာ မစ္စတာလုစ်လို ချီးကျူးဂုဏ်ပြုသင့်သူကို ဂုဏ်ပြုရမည်ဟူသော အသိတရားရလေသည်။

ထိုမှုမက ထိုအသိတရားက မိမိတစ်ဦးတည်းရနေရုံနဲ့ မပြီးသေး။

မိမိရဲ့သူငယ်ချင်း မိတ်ဆွေ၊ ထိုမှတစ်ဆင့် လူငယ်ထုတစ်ရပ်လုံး ထိုစိတ်မျိုး ဝင်လာအောင် လှုံ့ဆော်ဖို့ လိုအပ်သည်ဟု သူ့ကိုယ်ရှု တာဝန်ပေးမိကာ 'ဟုတ်တယ်' ဟုလည်း သူ့ကိုယ်သူ ထောက်ခံမိသည်။ ထို့ပြင် မစ္စတာလုစ်၏စိတ်ဓာတ်ကိုလည်း သူ့ရင်ထဲမှ တဖွဖွနှင့် အသံတိတ် ချီးကျူးမဆုံးနိုင်ခဲ့ပါ။

သို့သော် သူ နှစ်သက်ရသော မစ္စတာလုစ်၏ထိုစိတ်ဓာတ်ဓာ နောက်မှာ သူ့နှလုံးသားခံစားချက်ကို တိခနဲပိုင်းဖြတ်နိုင်စွမ်းအောင် ဓားလိုထက်ရှသော အနားသတ်မျဉ်းနက်တစ်ကြောင်း ရှိနေလိမ့်မည်ဟု သူ လုံးဝထင်မှတ်မထားပါ။

ထိုသို့ ထင်မှတ်မထားသော အနားသတ်မျဉ်းနက်တစ်ကြောင်းကို၊ သူ ရုတ်ခြည်းမြင်တွေ့ရလေတော့သည်။

ထိုအနားသတ်မျဉ်းနက်ကြီးမှာ–

✿ ✿ ✿



## အခန်း (၃၀)

0948001580။

စုံစုံ ဖုန်းနံပါတ်တစ်လုံးချင်းနှိပ်၍ ပြီးဆုံးလျှင် ဖုန်းမှာ တန်းခနဲ ဝင်ပါပြီ။ ဖုန်းဝင်သော်လည်း၊ ရင်ခုန်လှိုက်မမောစွာ မြူးကြွမသွားပါ။

"ဟဲလို မောင်"

လှိုင်းခတ်နေသည့် ချစ်သူ့အသံလေးကို သူ ငြိမ်သက်စွာ နားဆင်နေလိုက်သည်။

"မောင် ပြောလေ"

စုံ ပြောနိုင်းနေပေမယ့် သူ ဘာမှပြန်မပြောပါ။ နှုတ်ခမ်းကို



www.burmeseclassic.com

www.burmeseclassic.com



တင်းနေအောင် ဆွဲပိတ်ထားမိသည်။

"မောင်၊ မောင် ဘာပြောမလို့လဲ ပြောလေ၊ စုံလည်း မောင့်ကို ပြောစရာရှိတယ်"

သူ မျက်လွှာလေးချကာ ခေါင်းတစ်ချက် ရမ်း၏။

"မောင် ပြော,ဆိုမှပဲ၊ မောင်နော် စုံ စိတ်မရှည်ချင်တော့ဘူးတကယ်၊ မောင့်ကို အားမရဘူး၊ ပြီးတော့ စိတ်လည်းဆိုးတယ်၊ စုံ ဒီလောက် ဖုန်းတဂျီဂျီခေါ်နေတာ၊ ဘာလို့ ဖုန်းမကိုင်ရတာလဲ"

မကျေမနပ်သံ စွက်လာသော စုံကို သူ ဘာမှပြန်ပြောချင်စိတ်မရှိအောင် ထိခိုက်ရလေသည်။

သူ ဘာတစ်ခွန်းမှ မပြောလေ ပန်းရောင်စုံ ဒေါသလှိုင်းခတ်သံတို့ ကျယ်ရှလေ။

"မောင်၊ မောင် ဘယ်လိုဖြစ်နေတာလဲ၊ နေဦး မောင် အခုဘယ်မှာလဲ စုံ လာခဲ့မယ်"

စုံ့မေးခွန်းနောက်မှာ သူ့မျက်လွှာ စုံမှိတ်ချသလို ဖုန်းကိုလည်း နားမှခွာသည်။ တစ်ဆက်တည်းလည်း ဖုန်းခလုတ်ကို ပိတ်လိုက်သည်။

"တောက်"

ပန်းရောင်စုံ ဒေါသတရှဲရှဲထွက်လို့ နေပေမည်။ မင်းသက်တန့် သိနေလေသည်။





"ရဲ"

မင်းသက်တန့် ခေါ်သံကြားပေမယ့် သူ လှည့်မကြည့်ဖြစ်ပါ။ တောင်ရိုးတန်းပေါ်ရှိ တောတန်းလေးအစပ်မှ ကျောက်ထိုင်ခုံလွတ်မှာ သွားထိုင်ကာ။ အပေါ်စီးမှ မြင်နေသော မြို့ပြရှုခင်းကို ခံစားမှုမဲ့စွာ ငေး၏။

မင်းသက်တန့် သက်မချလေသည်။ သူငယ်ချင်းရင်ထဲမှ ခံစားချက်များကို နားလည်ပေးနိုင်ပါသည်။

သို့သော်လည်း ခုလိုချိန်မှာ ချစ်သူနှစ်ဦးကြား အစိမ်းမာန်ရှအောင် မပြုသင့်ဘူးဟု မင်းသက်တန့် ယူဆသည်။

"ဒီအချိန်မှာ မင်းနဲ့ပန်းရောင်စုံ နွေးနွေးထွေးထွေး မျက်နှာချင်းဆိုင် ဖြစ်နေသင့်တယ်၊ ကိုယ် အဲဒီလိုယူဆတယ် ရဲ"

အနားလျှောက်လာပြီး မင်းသက်တန့် ပြော၏။ သူ ချက်ချင်းခေါင်းယမ်းလျှင် မျက်ဝန်းထဲမှာ တိမ်ညိုတွေလို မှောင်လေသည်။

"မဟုတ်သေးဘူး ရဲ၊ ခုကိစ္စက မင်းနဲ့ ပန်းရောင်စုံကြားက ပြဿနာ၊ မင်းပြောသလိုပဲ ကိုယ်ပြောမယ်၊ ပြဿနာဆိုတာ ဖြေရှင်းရှ ..."



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားနဲ့သူ့ကို ပြန်ဖျောင်းဖျနေသော သူငယ်ချင်းကို သူ နားလည်ပါသည်။

"မင်းရင်ထဲမှာ ခံစားချက်တွေ ပွက်ပွက်ဆူနေမှန်း ကိုယ်သိတယ်"

သူ ခေါင်းပဲ ယမ်းရမလို၊ ငြင်းပဲ ငြင်းရမလိုနှင့် အမူအရာတွေ ပျာယီးပျာယာ ဖြစ်လို့သွားသည်။

"ကိုယ်တို့ ချစ်သူကြား ပြဿနာတုန်းကလည်း သွေးဆူဆူနဲ့ မဆုံးဖြတ်နဲ့လို့ မင်းပြောခဲ့သားပဲ"

သူပြောခဲ့တာ မှန်ပေသည်။

ပြဿနာဖြစ်ပုံချင်း မတူဘူးဆိုတာ။ မင်းသက်တန့် မရိပ်မိဘူးထင့်။

မင်းသက်တန့်တုန်းက မင်းသက်တန့်ချစ်သူ ရွှေရည်မှုံက ငြင်းတာ။ ရွှေရည်မှုံ ငြင်းလို့ ပြဿနာ အကြီးကြီးဖြစ်ခဲ့တာ။

သူ့ကိစ္စက ထိုသို့မဟုတ်ပါ။

သူက စုံ့ကို ငြင်းဆန်ရမယ့်အခြေအနေ။

အဲဒီအခြေအနေကို သူ ဘယ်လိုရင်ဆိုင်ရမလဲ။ အဲဒီအတွက် နှလုံးသားမှာ အရှိန်ပြင်းစွာ မီးဟုန်းဟုန်းတောက်နေသလို ခံစားချက်ကလည်း ပွက်ပွက်ဆူ၏။





"ရဲ မင်းစိတ်တည်ငြိမ်အောင်ထားကွာ၊ ကိုယ့်ကိစ္စတုန်းက မင်းကူညီသလို၊ မင်းကိစ္စလည်း ကိုယ် ကူညီမယ်"

သူ ခေါင်းတွင်တွင်ရမ်းကာ ထိုင်နေရာမှ ထထွက်ခဲ့၏။

"ရဲ"

မင်းသက်တန့် စာနာခြင်းကြီးစွာ ခေါ်ဆိုရင်း နောက်က လိုက်လာပြန်သည်။

ဒီတစ်ခါတော့ သူ့ခြေလှမ်းတွေ မင်းသက်တန့်နှင့် နီးမနေတော့ပါ။

ဘာကြောင့်များ စုံနဲ့မောင့်ကြားမှာ စည်းခြားမျဉ်းနက်တစ်ကြောင်း လျှို့ဝှက်စွာ ရှိနေရတာလဲ။

ပြောစမ်းကွာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"မောင်ရဲ ကားခဏရပ်"

အပြန်လမ်း တစ်ဝက်မရောက်သေးပါ။

မစ္စတာလုစ် မြန်းစားကြီးပြောလျှင် အရှိန်ဖြင့် မောင်းနေသော သူ့ကားလေးကို ချုံတန်းလေးများရှိသော လမ်းဘေးနှင့် ကပ်လျက် ရပ်၏။

ကားရပ်လိုက်သည်နှင့် မစ္စတာလုစ် ဦးစွာ ကားပေါ်မှဆင်းသည်။ သူ့စိတ်ထဲမှာ မစ္စတာလုစ် ဆီးသွားချင်၍ ရပ်ခိုင်းခြင်းဟု ထင်ပါသည်။

သူကလည်း ကြိုတင်အလိုက်သိကာ ချုံတန်းလေးနား





အရောက်မှာ ကားရပ်လိုက်ခြင်းဖြစ်၏။

သို့သော် သူထင်သလို မဟုတ်ပါ။

ကားပေါ်မှဆင်းပြီးသည်နှင့် လမ်းတစ်ဖက်တစ်ချက်ရှိ လယ်ကွက်ပြင်ကျယ်ကြီးကို တဝေးတမောကြည့်၏။

နေ့လယ်မို့ လယ်ကွက်တွင်းရှိ ရိုးပြတ်များ ညိုခြောက်လျက်။ လေပြည်ကတော့ လတ်ဆတ်ပါ၏။ သို့သော် လမ်းနှင့်ယှဉ်နေသော ချောင်းရိုးမှ ရွှံ့ခြောက်နံ့တို့ ရောပါနေသည်။

လေနှင့်အတူ ရောပါလာသော ရွှံ့ဖွက်ခြောက်ရနံ့ကို ရှူရတာ တစ်မျိုးတော့ ရှူရှိုက်၍ ကောင်းသလိုလို။

မစ္စတာလုစ်က ထူခြားစွာလုပ်ဆောင်တတ်သူမို့ ခုလည်း လမ်းတစ်ဖက်တစ်ချက်ရှိ ခြောက်သွေ့သွေ့လယ်ကွက်တွေကို ငေးကြည့်ရင်း ဘာလုပ်ဦးမှာလဲဟု။

သူ သိချင်လှသည်။

ထို့နောက် သူလည်း ကားမောင်းသူနေရာမှ ဆင်းလျှင် –

"မောင်ရဲကို အန်ကယ့်ရင်ထဲက ပုံပြင်တစ်ပုဒ်ပြောပြမယ်"

"ဗျာ"

သူ အံ့ဩသွားသည်။ မစ္စတာလုစ် ကားပေါ်မှ ဆင်းကတည်းက လက်ထဲကိုင်လာသော ရေသန့်ဘူးငယ်ထဲမှ ရေတစ်ငုံမော့သောက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။

"ပြီးရင် မောင်ရဲကို မေးခွန်းတစ်ခုမေးမယ်"

"ဘယ်လို အန်ကယ်"

"မောင်ရဲ နားထောင်၊ အန်ကယ်ပြောမယ်"

မစ္စတာလုစ်က သူပြောချင်တဲ့စကားကိုသာ တိတိပြတ်ပြတ်ပြောရင်း သူ့ကို ငေးစိုက်ကြည့်၏။

သူ့မျက်ဝန်းမှာ နားလည်ရခက်ခက်ဖြစ်လျက်။ မစ္စတာလုစ်ကိုသာ ပြန်ငေးကြည့်၏။

နေ့လယ်၏စူးရှသော နေရောင်အောက်မှာ ပန်းသွေးရောင်ရှိသော မစ္စတာလုစ်အသားအရေက နီရောင်မြန်းနေသည်။

စူးစိုက်ကြည့်နေသော မစ္စတာလုစ်၏အကြည့်နောက်မှာ စကားလုံးတွေ ချက်ချင်းပါလာသည်။

"ပုံပြင်က ဒီလို၊ အင်္ဂလန်သား လူတစ်ယောက်နဲ့ မြန်မာမလေးတစ်ဦး ဟားဗားတက္ကသိုလ်မှာ ပညာသင်ရင်း ဆုံတွေ့ခဲ့တယ်၊ အရှင်းဆုံးပြောရရင် အဲဒီလူရွယ်က မြန်မာမလေးကို အရူးအမူးချစ်ခဲ့တယ်ရအောင်လည်း ယူခဲ့တယ်၊ ဒါပေမဲ့ မိန်းကလေးဘက်က မချစ်မနှစ်သက်တော့ မြန်မာပြည် ပြန်လာတယ်၊ ဒီလိုနဲ့ နှစ်ယောက်သား ခွဲခွဲခွာခွာဖြစ်ခဲ့တယ်၊ ဒါပေမဲ့ တရားဝင်လက်ထပ်ထားတဲ့အတွက် အဆက်အသွယ်





က အပြတ်ကြီး မဟုတ်ခဲ့ဘူး၊ မိန်းကလေးက အင်္ဂလန်မှာ မနေနိုင်သလို၊ ဟိုလူရွယ်လည်း မြန်မာပြည်လိုက်နေဖို့ အခြေအနေမပေးဘူး။ အခြေအနေမပေးတာက လူရွယ်ရဲ့အလုပ်အကိုင်နဲ့ စီးပွားရေးလုပ်ငန်းတွေက အင်္ဂလန်မှာပဲ အခြေကျနေတာကြောင့်၊ သို့ပေမယ့် လင်မယားခွဲခွာနေပေမယ့်လည်း ရှားရှားပါးပါးသမီးတစ်ယောက် မွေးခဲ့တယ်၊ အဲဒီသမီးက အခု အရွယ်ရောက်နေပါပြီ"

ဘာဆိုင်လဲ ဟိုမေးခွန်းပါသောအကြည့်နှင့် ရဲဝံ့သူ စိုက်ကြည့်လိုက်သည်။ မစ္စတာလုစ်က သူကြည့်နေတာကို မမှုပါ။ ဗီလင်အပြည့်နှင့် ပြောပြနေသော မျက်နှာအမူအရာက ခံစားချက်အစစ်အမှန်တို့ဖြင့် ပြည့်၏။

"သမီးနဲ့ဇနီးကို မြတ်မြတ်နိုးနိုး ပိုင်ချင်ပေမယ့် သူ့ဇနီးမချစ်မနှစ်သက်တဲ့စိတ်ကြောင့် ပိုင်ခွင့်ဆုံးရှုံးခဲ့တာ နှစ်ပေါင်းများစွာရယ်၊ ဒါပေမဲ့ သူ့ဇနီးမဆုံးခင်မှာ အခြေအနေတစ်ခု ဖန်တီးပေးခဲ့တယ်၊ အဲဒါက ဘာလဲဆိုတော့ သူ့ဇနီးဆုံးပါးသွားရင် သမီးကို ဖခင်လက်ထဲထည့်ပေးမယ်တဲ့"

"ဟင်"

ရဲဝံ့သူ အံ့သြရပြန်သည်။ မစ္စတာလုစ်က ရဲဝံ့သူ တအံ့တသြဖြစ်တာကိုလည်း ငဲ့မကြည့်။ ပုံပြင်ကိုသာ ဆက်ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မကြာခင်လပိုင်းတုန်းက သူ့ဇနီး အရိုးကင်ဆာနဲ့ ဆုံးပါးသွားတယ်"

ထိုစကားကို လေးလေးနှင့်နှင့် ပြောသည့်နောက်မှာ မစွတာလုစ် မျက်ဝန်း၌ ဝမ်းနည်းမျက်ရည်တို့ ဝဲလေသည်။

ရဲဝံ့သူစိတ်ထဲမှာ စနိုးစနောင့်ဖြစ်လှပြီ။

မစွတာလုစ် ပြောနေတဲ့ပုံပြင်က ဇာတ်လမ်းတစ်ပုဒ်နှယ်၊ စိတ်ဝင်စားဖွယ်ကောင်းသလို ထိုဇာတ်လမ်းထဲမှာ မိသားစု၏ကိုယ်ပိုင်ခံစားချက်မှာ တပေါင်းတစည်းတည်း ဖြစ်မနေတာက ပို၍ထိရှဖွယ်ကောင်းသည်။

မချစ်မနှစ်သက်သော ခံစားချက်ဖြင့် ခင်ပွန်းနှင့်အတူ အင်္ဂလန်မှာ လိုက်မနေသော ထိုမိန်းကလေးကို အပြစ်မမြင်သာ။ မြန်မာပြည်မှာ အခြေကျမနေနိုင်သော ထိုလူရွယ်၏နှလုံးသားခံစားချက်နှင့် ဘဝကလည်း ခြောက်သွေ့ညှိုးရော်ခြင်းတွေနှင့်။

ရှားရှားပါးပါးရထားသော သမီးတစ်ယောက်မှာ မချစ်မနှစ်သက်သူနှင့် အရှုးအမူးချစ်ခဲ့သူနှစ်ယောက်ကြားမှ သံယောဇဉ်ကြိုးတံတားနှယ်။

"သမီးရဲ့မိခင်က သမီးရဲ့ဖခင်ကို မချစ်ပေမယ့် မမုန်းခဲ့ဘူး သမီးကို ရင်အုပ်မကွာ ထိန်းကျောင်းရင်း ရောဂါရလို့ ဘဝနေဝင်ရှာ





ရောက်နေတာ သိနှင့်နေတော့ သမီးကို ဆွေမျိုးလက်ထဲထားခဲ့ရမှာထက် ဖခင်လက်ထဲထားခဲ့ဖို့ စိတ်ချလက်ချ စီစဉ်ခဲ့တယ်၊ သမီးကလည်း သူ့အမေစကား နားထောင်ရှာပါတယ်၊ ဖခင်အနေနဲ့လည်း သမီးကို ရင်အုပ်မကွာ ထိန်းကျောင်းခွင့်ရမယ့် အတိုင်းမသိ ကျေနပ်ခဲ့တယ်၊ သမီးက သူ့ဖခင်ရှိရာ အင်္ဂလန်မှာ လိုက်နေရမယ်၊ အဲဒီအတွက် သမီး စိတ်ထဲမှာ နည်းနည်းတော့ ထိရှတာပေါ့"

မမစွတာလုစ်ပြောနေရင်း အာခြောက်သယောင်ဖြစ်ကာ၊ ရေသန့်ဘူးထဲမှ ရေတစ်ငုံမော့သောက်လိုက်ပြန်သည်။

ပြီးနောက် ကွင်းပြင်ကိုဖြတ်လာသော နေရန့်သင်းသော လေပြည်ကို တစ်ဝရှူရှိုက်လိုက်၏။ ပြီးမှ –

"မောင်ရဲ စိတ်ဝင်စားရဲ့လား"

သူ့ကို မကြည့်ဘဲမေး၏။

"ဗျာ"

သူ တအံ့တသြဖြစ်လေသည်။ ထိုအခါ မစွတာလုစ် ဝေခွဲရခက်သော အမူအရာမျိုးဖြင့် မထီတရီ ပြုံးပြီး –

"အန်ကယ်ပြောနေတဲ့ ပုံပြင်ကိုလေ"

"အင်း၊ စိတ်ဝင်စားပါတယ် အန်ကယ်၊ ဆက်ပြောပါ"

သူ အလိုက်သင့်ပြန်ပြောလျှင် မစွတာလုစ် စိတ်အားတက်သန်



www.burmeseclassic.com

www.burmeseclassic.com



ရွာ ခေါင်းတစ်ချက်ဆတ်၏။

ထို့နောက်မှာ အမြင့်တစ်ဆုံးမှာ ပျပျလေးသာ မြင်သော ကရင်ပြည်နယ်ဘက်ဆီမှ တောင်တန်းညို့ညို့ကို လှမ်းမျှော်ငေးရင်း။

"သမီးစိတ်ထဲမှာ ထိရှတဲ့ခံစားချက်ရှိတာကို ဖခင်အနေနဲ့ ကိုယ်ချင်းစာပါတယ်၊ မိခင်ရဲ့ဆွေမျိုးအသိုင်းအဝိုင်းကြားမှာ အနေကြာတဲ့သမီးဟာ ရုတ်တရက် အနေစိမ်းတဲ့ဖခင်နဲ့ ဖခင်ရဲ့အသိုင်းအဝိုင်းကြားမှာ ပြန်လည်နေထိုင်ရမယ့်အတွက် သမီးစိတ်ထိရှမှာပဲ၊ နောက်တစ်ခု သမီးစိတ်ကို အထိရှဆုံးဖြစ်စေတာက"

မစ္စတာလုစ် ပြောနေရင်း စကားကို တိခနဲဖြတ်ကာ သူ့ကို ငုံ့ကြည့်၏။ ကျဲကျဲတောက်ပူနေသော နေရောင်အောက်မှာ မစ္စတာလုစ်၏အကြည့်က စူးရှနေ၏။

ထိုအကြည့်ကြောင့် သူ့မှာ မလုံမလဲဖြစ်ရမလို ကသိကအောက် ဖြစ်ရမလိုနှင့် ဇဝေဇဝါဖြစ်လို့သွားသည်။

မစ္စတာလုစ်နှင့် ဆုံကတည်းက သူ့မှာ အံ့သြရတာချည်း ရင်း၏အပြုအမူတွေ မြင်ရတော့လည်း လေးစားစရာကောင်းလှ၏ သို့သော် ဝေခွဲရခက်ခက်ဖြစ်တာတွေလည်း ပါ၏။

အထူးသဖြင့် မစ္စတာလုစ် ပြောပြနေသော ပုံပြင်။ ပြီးသော် သူ့ကို စူးစိုက်ကြည့်ခြင်းနှင့် ပုံပြင်ထဲက သမီးလေး၏ဝေခွဲရခက်မှု





ထိုအကြောင်းကြောင်းတွေကြောင့် သူ့စိတ်မှာ စနိုးစနောင့် ဖြစ်ကာ မစ္စတာလုစ်ပြောနေသောပုံပြင် အမြန်ဆုံးပြီးစီးသွားစေချင်သည်။

သို့မို့ကြောင့် မစ္စတာလုစ် ဖြတ်ထားသောစကားကို ပြန်ဆက်အောင် သူ စကားထောက်ပေးလိုက်၏။

"အဲဒီမိန်းကလေးစိတ်ကို အထိရှဆုံးဖြစ်စေတာက ဘာလဲ အန်ကယ်"

"အင်း"

မစ္စတာလုစ် အလေးအနက် ခေါင်းညိတ်၏။ ပြီး –

"သမီးလေးဟာ သူ့ဖခင်ဆီ လိုက်သွားဖို့အရေးမှာ ချစ်သူတွေ့နေခြင်းဆိုတဲ့ နှလုံးသားခေါင်းစဉ်ထပ်တိုးနေတယ်"

"ဟင်"

"ဟုတ်တယ် မောင်ရဲ့၊ သမီး အင်္ဂလန်သွားရင် သူ့ချစ်သူကို ထားခဲ့ရမယ်၊ မထားနိုင်ဘူးဆိုရင် အဲဒီချစ်သူကို အပါခေါ်နိုင်ရမယ်၊ သမီးရဲ့ဖခင်က သမီးနဲ့တစ်ပါတည်း ပါလာနိုင်မယ့် သားမက်မျိုးကိုပဲ အလိုရှိတယ်"

"အဲဒီပုံပြင်ရဲ့ပွိုင့်က ဘာလဲ အန်ကယ်"

"ကောင်းပြီ၊ မောင်ရဲကို အန်ကယ်မေးခွန်း မေးတော့မယ်"

သူ့မှာ ဘာမှချိတ်ဆက်လို့မရအောင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေးခွန်း"

"ဟုတ်တယ်၊ ပုံပြင်ပြီးရင် မောင်ရဲကို မေးခွန်းတစ်ခု မေးမယ်လို့ အန်ကယ် ကြိုပြောထားတယ် မဟုတ်လား။ အခု အန်ကယ် မေးမယ်"

မမေးပါနဲ့ဟု ဘယ်လိုစွမ်းအားနဲ့ သူ တားရမှာလဲ။ တားလို့မနိုင်အောင်လည်း မစ္စတာလုစ် ကြိုတင်ပြောထားလေတော့။

"မေးပါ အန်ကယ်"

ရဲဝံ့သူ ခွင့်ပေးရလေသည်။ သူက မေးပါဟုဆိုသည်နှင့် မစ္စတာလုစ် အားမနာတမ်း မေး၏။

"အကယ်၍ မောင်ရဲဟာ အန်ကယ်ပြောပြတဲ့ပုံပြင်ထဲက သမီးလေးရဲ့ချစ်သူဖြစ်တယ်ဆိုပါတော့"

"ဗျာ"

သူ့ခြေလှမ်းတွေ မစ္စတာလုစ့်ရှေ့ ရုတ်ခြည်းတိုးသွား၏။ မစ္စတာလုစ်က လက်ကာဟန်၍ ဆက်ပြောသည်။

"မောင်ရဲဟာ ပုံပြင်ထဲက ဖခင်ရဲ့ဆန္ဒအတိုင်း အင်္ဂလန်ကို အပါလိုက်နိုင်မယ့် သမက်လား"

ထိုမေးခွန်းက သူ့အသိတရားကို ခြောက်သွေ့သွေ့ ဖြစ်လေသည်။





မစ္စတာလုစ်ကိုလည်း မျက်တောင်ခတ်ဖို့ မေ့မတတ် စိုက်ကြည့်မိ၏။

မစ္စတာလုစ်က မျက်ဝန်းပြာနှင့် စူးစူးစိုက်စိုက် ပြန်ကြည့်၍ မျက်စနှင့် ဖြေဟုဆိုလျှင် သူ လုံးဝရှောင်လွှဲလို့ မရနိုင်တော့ပါလေ။

ထိုအခါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

နေရောင်သည် တရှိန်းရှိန်းထ ပူခြစ်နေ၏။

ပူခြစ်သောနေရောင်၊ သွေ့ခြောက်သော လယ်ကွင်းပြင် ထ[illegible]
ဖက်တစ်ချက်ခြံရံလျက် တံလျှပ်ရောန်ထသော ထိုလမ်းပေါ်မှာပင် ရုံး[illegible]
ခေါင်းယမ်းလိုက်၏။

"ဘာ"

မစွတာလုစ် အသံကျယ်ကြီး ဟုန်းခနဲ ခုန်ထွက်သွား[illegible]
ပြင်းစိတ်ကြောင့် မျက်နှာကြီး ရဲမှည့်ကာ လက်ချောင်းတွေလည်း ထ[illegible]
ဖအောင် ဆုပ်သည်။





ခြေလှမ်းကျဲများဖြင့် ရဲဝံ့သူရှေ့ ရောက်လာသည်။

"ဘာပြောတယ် ရဲဝံ့သူ၊ မောင်ရဲဟာ သမီးရဲ့ဖခင် လိုချင်တဲ့ သားမက်မျိုး မဟုတ်ဘူး၊ ဟုတ်လား"

"ဟုတ်ပါတယ်"

မဆိုင်းမတွ သူခေါင်းညိတ်၏။

"ဘာဖြစ်လို့လဲ"

နောက်ထပ်မေးခွန်း မေးလာပြန်သည်။ ထိုအခါ မစွတာလုစ် [illegible]ဘက်လှည့်ကာ ရဲဝံ့သူ ရဲရဲဝံ့ဝံ့ ရင်ဆိုင်လျက်။

"ယောက္ခထီးဆန္ဒကို ဖြည့်ဆည်းပေးဖို့ မိဘရင်ခွင်ကို စွံကာန် [illegible]ထွက်သွားရမယ့်သားမျိုး ကျွန်တော် ဘယ်တော့မှ အဖြစ်မခံဘူး အန်ကယ်"

"ဘာ"

"ကျွန်တော် ဖြေပြီးပြီးပဲ"

မစွတာလုစ် အသားတဆတ်ဆတ်တုန်သွား၏။

"မင်း သမီးလေးကို မချစ်ဘူးလား"

"တစ်ခါဖူးမှ မချစ်ဖူးတဲ့ နှလုံးသားနဲ့ ဦးဦးဖျားဖျား ချစ်ခဲ့တာ [illegible] အန်ကယ့်မေးခွန်းက ပေါ့လွန်းပါတယ်၊ အန်ကယ်က မချစ်ဘူးလား [illegible]မေးရင် ချစ်တယ်လို့ ဖြေရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို"

"နေဦး အန်ကယ်၊ ကျွန်တော်ပြောမယ်၊ မိန်းကလေးတစ်ယောက်နဲ့ယောက်ျားလေးတစ်ယောက် ချစ်သူဖြစ်ကြတာက၊ အဲဒီလူငယ်နှစ်ယောက်ရဲ့နှလုံးသားနယ်မြေ ကျဉ်းကျဉ်းလေးနဲ့ပဲ သက်ဆိုင်ပါတယ်၊ လက်တွေ့ကျတဲ့ဘဝတစ်ခု တည်ဆောက်တဲ့ဆီမှာ ချစ်သူနှစ်ယောက်တည်းနဲ့ မရတော့ဘူး။ နှစ်ဖက်မိဘဆွေမျိုးအသိုင်းအဝိုင်းဆိုတာ ပါလာပြီ"

မစ္စတာလုစ်မျက်မှောင်ကုတ်ကျသွား၏။

"ကျွန်တော့်မှာ မိဘနှစ်ပါးလုံးရှိပါတယ်၊ ညီနှစ်ယောက်နဲ့ ညီမတစ်ယောက်ရှိတယ်၊ မိဘရဲ့နှစ်ဖက်ဆွေမျိုးအသိုင်းအဝိုင်း ရှိပါတယ်၊ မိဘနဲ့မိဘမောင်နှမအသိုင်းအဝိုင်းရဲ့မျက်နှာပေါင်းများစွာကို ကျောခိုင်းပြီး ချစ်သူတစ်မျက်နှာတည်းနဲ့ ယောကျ်ားအလိုကျ အင်္ဂလန်ကို လိုက်သွားရင် ကျွန်တော့်လောက် မိုက်မဲတဲ့သား ရှိပါ့ဦးမလား အန်ကယ်"

"မင်း"

မစ္စတာလုစ် လက်သီးဆုပ်ကြီးပါ တင်းသွား၏။

"ပြီးတော့ ကျွန်တော်က သားကြီးပါ အန်ကယ်၊ သားကြီးတာက မိဘရဲ့"အား"ပဲ ဖြစ်သင့်ပါတယ်၊ မိဘရင်ဘတ်ကို ပြတ်တောက်စေမယ့် "ဓား" မဖြစ်သင့်ဘူးလို့ ကျွန်တော် ထင်တယ်





ကျွန်တော့်မိဘ အတွက် ကျွန်တော်ဟာ "အား"မဖြစ်ရင်တောင် "ဓား"မဖြစ်စေရပါဘူး အန်ကယ်၊ ကျွန်တော့်မိဘမောင်နှမကလည်း ကျွန်တော့်ကို ချစ်သူနဲ့ ပေါင်းဖို့ အင်္ဂလန်ကို လက်လွှတ်သွားခွင့်ပြုမှာ မဟုတ်ဘူး"

"ဒါဆို မောင်ရဲ့အဖြေက ချစ်သူကို စွန့်မယ်ပေါ့"

သူ မဆိုင်းမတွခေါင်းညိတ်လိုက်လျှင် မစ္စတာလုစ် ပေါက်ကွဲစွာ တောက်ခေတ်၏။

ချက်ချင်းလည်း တင်းမာသော မျက်နှာကြီးကို လွှဲခါလေသည်။

"မြန်မာစကားပုံတစ်ခုတော့ရှိတယ် အန်ကယ်၊ အန်ကယ်လည်း ဗဟုသုတရအောင် ကျွန်တော် ပြောပြပါ့မယ်၊ "ယောင်နောက်ဆံထုံးပါ" တဲ့၊ ဒီစကားပုံက ကျွန်တော့်အတွက် အင်မတန် လေးနက်နေပါတယ်၊ ပုံပြင်ထဲက ယောကျ်ားက သူ့သမီးလေးကို မြန်မာဆန်စွာ ဆုံးဖြတ်ခွင့် ပေးမယ်ဆိုရင်"

"မင်းပါးစပ်ပိတ်လိုက်တော့ မောင်ရဲ့"

လိုတာထက်ပိုပြီး တင်းမာလွန်းနေသော မစ္စတာလုစ်ကို သူ ခြောက်ကပ်ကပ်ကြည့်လိုက်သည်။

ဆတ်ဆတ်ခါဖြစ်သော အမူအရာနှင့် မစ္စတာလုစ် လေသံကာ ဟန့်တားသလို လက်ထဲရှိ ရေအနည်းငယ်ကျန်နေသော ရေသန့်ဘူးကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်လိုက်မာန်ပါ လွှင့်ပစ်၏။

ပြီးနောက် ဘောင်းဘီအိတ်ထဲက လက်ကိုင်ဖုန်းကိုထုတ်ပြီး တစ်ယောက်သောသူကို ခေါ်ဆိုသည်။

''ဘယ်မှာလဲ''

''---''

''မြန်မြန်လာ''

အမိန့်ပေးသလို ပြောဆိုခေါ်ယူလေသည်။

''အန်ကယ်၊ အန်ကယ်မေးတဲ့အတိုင်း ကျွန်တော်ဖြေတာပါ။ အန်ကယ် ဘာကြောင့် ကျွန်တော့်အပေါ် တင်းမာနေရတာလဲ''

သူ အောင့်အည်းမနေနိုင်တော့ပါ။

ဒီလူကြီးနဲ့ ကြုံကတည်းက သူ့မှာ အံ့ဩဘနန်းဖြစ်ရတာချည်း မဟုတ်လား။

သူမေးတာကို မစ္စတာလုစ်မဖြေ။

သူနဲ့ ခပ်လှမ်းလှမ်းကို ထွက်သွား၏။

''အန်ကယ်''

သူ နောက်ထပ်ခေါ်လျှင် မစ္စတာလုစ် ကျောခိုင်းထားလျက်နှင့် လက်ကာပြလိုက်၏။ သဘောက ဘာမှမပြောနဲ့ဦး။ မကြာခင် ငါဖြေမယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးနှင့်။





ထို့ကြောင့် လောလောဆယ် သူ့ပခုံးလေး စုံပင့်ကာ နှုတ်ဆိတ်နေလိုက်ရသည်။ နေပူကျဲကျဲအောက်မှာမို့ နှစ်ယောက်သား ချွေးတို့ ရွှဲနေသည်။

အထူးသဖြင့် မစ္စတာလုစ်ကိုယ်မှာ ချွေးတို့က ရေချိုးထားသည့်နှယ်။ ဒေါသ၊ ခံပြင်းမှုနှင့် စိတ်လှုပ်ရှားမှုတို့ ရောထွေးကာ။

မကျေမနပ်နှင့် ဂနာမငြိမ်ဖြစ်နေသော မစ္စတာလုစ်ကို သူ မိမ်ပြေနပြေ ငေးကြည့်နေလိုက်သည်။

ထိုစဉ် –

ခပ်ပြာရောင် ပါရာဒိုကားတစ်စီး သူတို့ရှိရာ အရှိန်နှင့်မောင်းလာနေတာကို တွေ့သည်။ ခုနက ဖုန်းဆက်ခေါ်လိုက်တာ ထိုကားကို သင်ရဲ့။

ဘာကြောင့် ထိုကားကို ဖုန်းဆက်ခေါ်ရတာလဲ။

နောက်ထပ် ပဟေဋ္ဌိတစ်ခု ဖြစ်ပြန်သည်။

ထိုကားက သူရပ်ထားသောကားနှင့် တစ်ဖက်လမ်းဘေးမှာ ဆန့်ကျင်စွာ ရပ်သွား၏။

မစ္စတာလုစ် စိတ်အားထက်သန်စွာ ထိုကားနားသွားသည်။ ကားပေါ်မှ လူရွယ်တစ်ဦး ဆင်းလာသည်။

သူနှင့်အသက်ရွယ်တူလောက်ဖြစ်ပေမယ့် သူ့လောက် အရပ်



www.burmeseclassic.com

www.burmeseclassic.com



မမြင့်ပါ။

သို့သော်လည်း စတိုင်လ်က သူ့လို သဘာဝဆန်မနေ။

ကိုရီးယားဆန်ဆန် လန်းနေ၏။ အမူအရာကအစ မော်ဒယ်လ် သင်တန်းဆင်းပီပီ တစ်ဖက်သား စိတ်ဝင်စားအောင် ပြုတတ်နေသည်။

ကိုယ်သင်းရနံ့က နွေးနေနံ့နှင့်ရောကာ သူ့နှာခေါင်းထဲ မွှေး ထုံသင်းအီစွာ တိုးဝင်လာသည်။ ထိုမျှမွှေးနေသော ယောကျ်ားတစ် ယောက်၏ကိုယ်သင်းရနံ့က သူ့အတွက် နှစ်လိုဖွယ်မရှိလှပါ။

"အန်ကယ်"

မစ္စတာလုစ်ကို လှိုက်လှိုက်လှဲလှဲခေါ်၍ ကားပေါ်မှဆင်းလာ သူကို မစ္စတာလုစ် လက်ဆွဲခေါ်ယူပြီး သူနဲ့ မျက်နှာချင်းဆိုင်ဖြစ်အောင် ပြုလျက်။

"မောင်ရဲ"

ဟု ခပ်တင်းတင်းခေါ်သည်။

"ပြောပါ အန်ကယ်"

"သူက ခေတ်ရှေ့"

"ဗျာ"

သူ မအံ့ဩဘဲ မနေနိုင်။ ခေတ်ရှေ့ဟု ရင်ထဲမှာ အကြိမ်ကြိမ် ရွတ်မိသလို၊ ဒီနာမည်ကို စုံစုံနှင့် စုံစုံ့သူငယ်ချင်းများနှုတ်မှ ကြား





ထားသည့် မဟုတ်လော။

ထိုအခါ

သူ့မျက်ဝန်းသည် အံ့ဩလွန်းလို့ ပြူးကျယ်သွား၏။ သူက အံ့ဩနေသလောက် ခေတ်ရှေ့က အောင်နိုင်သူမျက်ဝန်းဖြင့် သူ့ကို ပြုံးပြုံးကြီး ကြည့်၏။

ထိုအခါ မစ္စတာလုစ်က အပြတ်သားဆုံး ဆိုသည်။

"ခေတ်ရှေ့ဟာ သမီးနဲ့ တစ်ပါတည်း လိုက်ပါနိုင်တဲ့ အန်ကယ့် သားမက်အဖြစ် အန်ကယ် လက်ခံလိုက်ပြီဆိုတာ မောင်ရဲသိအောင် အန်ကယ် ကြေညာလိုက်ပြီ ပိုရှင်းအောင် အန်ကယ်ပြောမယ်၊ ပန်းရောင် စုံဟာ အန်ကယ်ရဲ့တစ်ဦးတည်းသော သမီးလေးကွ"

"____"

သူ့အသံက လုံးလုံးထွေးထွေးဖြစ်လျက်။ အံ့ဩခြင်း လွန်ကဲစွာ စကားလုံးတိတိပပ ထွက်မလာနိုင်။ လေလုံးကြီးဆို့လျက် ပါးစပ် အဟောင်းသားဖြစ်သွားသည်က စက္ကန့်ပေါင်းများစွာ။

"မောင်ရဲကိုပြောပြတဲ့ပုံပြင်က အန်ကယ်တို့မိသားစုဇာတ်လမ်း ပဲ၊ အဲဒီဇာတ်လမ်းထဲမှာ မောင်ရဲဟာ အန်ကယ့်ဆန္ဒနဲ့ ဆန့်ကျင်နေတဲ့ အတွက် မောင်ရဲကို အန်ကယ့်သမီးအတွက် အသိအမှတ်မပြုနိုင်တော့ ဘူး၊ ဒါဟာ အန်ကယ့်သမီးဘဝအတွက် အန်ကယ့်ဘက်က ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ချက်၊ ပြီးတော့ အန်ကယ်သားမက်ဖြစ်ခွင့်ရှိတဲ့သူကို အန်ကယ့်စိတ်ကြိုက် ရွေးချယ်လိုက်တာကွ"

ဝိုင်ဝိုင်နိုင်နိုင် ဆုံးဖြတ်ပြီး ပြတ်ပြတ်သားသား မစ္စတာလုစ်ကြော်ငြာ၏ ထိုစကားဆုံးသွားလျှင် သူ့မျက်ဝန်းမှာ သံလျှပ်ရောင်တွေ ထကာ။ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရတော့ပါ။

"ဒါပဲ မောင်ရဲ၊ မောင်ရဲကို အန်ကယ် နှုတ်ဆက်ခဲ့ပါတယ် **Bye**"

မစ္စတာလုစ် နှုတ်ဆက်ကာ ခေတ်ရွှေ၏လက်ကိုဆွဲ၍ ကားပေါ် တက်လေသည်။ မစ္စတာလုစ် တက်လိုက်သည်က သူ့ကားပေါ်မဟုတ်။

ခေတ်ရွှေ၏ကားသည် သူ့ကားနှင့် ဆန့်ကျင်ဘက်ရပ်ထားရာမှ လာလမ်းဘက် ပြန်ကွေ့ကာ မောင်းထွက်သွားလျှင် သံလျှပ်လိုင်းများ အရှိန်ပြင်းစွာ လိုက်ပါသွား၏။

တဝီဝီနှင့် ဝေးကွာသွားသော ထိုကားနောက်မှာ သူ့နှလုံးသား ရုပ်ပျက်ဆင်းပျက် ပြန့်ကျဲလျက်။

မွှေလေမွှေ မွှေသည့်နောက် တရွတ်တိုက်ပါသွားသော မြက်ခြောက်နဲ့ ရွှံ့မှုန်တွေလို တွယ်ရာမဲ့မဲ့ ဖြစ်ရလေသည်။

ဒါ့ပြင် အချစ်နဲ့နှလုံးသားမှာ အစိတ်စိတ်အမြွှာမြွှာ ဟက်တက်ကွဲသလိုဖြစ်နေသည်မှာ ခြောက်သွေ့သော ရွှံ့လယ်မြေသားနှယ်။ ပယ်ကြား





အက်လျက်။

နွေ။

နွေသည် ပန်းများကို ပွင့်စေပြီ။

ငုပန်းတို့ ထိန်ထိန်ဝါသလို၊ ပိတောက်တို့ ရွှေရေလောင်းထားသလို ဝင်းဝင်းဝါ၏။

စိန်ပန်းတို့ကလည်း အားကျမခံပါ။

နီနီရဲရဲ ပွင့်ကြပြန်သည်။

ပွင့်ပြီးသော ထိုပန်းတို့မှာ ညှာရင်းနာကျင်ခံရပြီး ကြွေကြရပြန်ပြီ။

ထို့အတူ

သူ့နှလုံးသားသည်လည်း နွေပန်းနှင့် မခြားတော့ပါလေ။

ပန်းနှယ်ပွင့်၍ ပန်းနှယ်ကြွေရပါတော့မည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"မောင်"

လေပူသည် ချစ်သူ့အသံကို သယ်ဆောင်လာသည်။ ထိုအခါ သူ့နှလုံးသား ဝရုန်းသုန်းကား ဖြစ်လျက်။

မောင်းနေရင်း ခဏခဏ ထိုးရပ်လေ့ရှိသော မာစီဒီးကို စက်ဖုံးဖွင့်ပြီး ပြုပြင်ဖို့ကြိုးစားနေသော သူ့စိတ် လွတ်ထွက်သွားသည့်နှယ်ပင်။

"မောင်"

သူ ငဲ့မကြည့်ပါ။

ကားစက်ပြုပြင်ဖို့ကိုပဲ အာရုံနှစ်ထားလိုက်သည်။





"မောင်"

စိတ်မရှည်သောခေါ်သံ နီးကပ်လာသလို သူ့လက်မောင်းကို ဆွဲယူခြင်း ခံရလျှင် ကုန်းကုန်းကွကွနှင့် ကားစက်ကလိနေသော သူ့ကိုယ် တန်ချက်ပျက်ကာ။

"မောင့်ကို ခေါ်နေတာလေ၊ မကြားဘူးလားလို့"

"ကြားတယ်"

မတ်မတ်ရပ်ရင်း တုံးတိပြောချလိုက်သည်။ သူပြောလိုက်တဲ့ အသံက မာပြတ်နေတာမို့ ပန်းရောင်စုံ မျက်နှာလေး အလှပျက်၏။

"ကြားတယ်ဆိုလည်း နည်းနည်းပါးပါး လှည့်ကြည့်ပါဦး"

"ဒီမှာ ကားအရေးကြီးနေလို့"

"အိုး အဲဒီကားထက် စုံပြောမယ့်စကားက ပိုအရေးကြီးတယ်၊ မောင့်ကားကိစ္စ ပစ်ထားစမ်းပါ"

"နေစမ်းပါဦး၊ စုံက မောင့်ကို အမိန့်ပေးနေတာလား"

သူ မျက်နှာချင်းဆိုင် မေးချလိုက်သည်။

ပန်းရောင်စုံ အံ့ဩကာ မောင့်ကို အသံတိတ်မော့ကြည့်ရင်း သက်သွား၏။ ဆုပ်ကိုင်ထားမိသည့် လက်ချောင်းတွေလည်း ပြယ်ကျသွား။

"စုံက အရေးကြီးတဲ့ကိစ္စ ပြောချင်လို့ မောင့်ဆီ လာခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com

"စုံတို့ ပြန်တော့မလို့လား။ အဲဒါဆိုလည်း ကောင်းထွန်း
ကားလက်မှတ် ဖြတ်ခိုင်းမယ်"

"ဘာ"

"ဟုတ်တယ်၊ အဝေးပြေးဂိတ်ကိုလည်း ကောင်းထွန်း လိုက်
ပို့ပေးမယ်"

"ဟင်"

ပန်းရောင်စုံ ပို၍ပင် အံ့သြကာ။ မောင့်ကို မျက်လုံးအဝိုင်း
သားဖြင့် ငြိမ်ကြည့်နေမိတာ အတန်ကြာသည်။

မောင်ပြောနေတာ ချစ်သူတစ်ယောက်ဆိုတာထက် သူစိမ်းတစ်
ယောက်ကို ပြောနေသလို ခံစားချက်တို့ မဲ့၏။

"ဒါပဲ မဟုတ်လား ပန်းရောင်စုံ"

"ကျွတ်၊ မောင် ဘာဖြစ်နေတာလဲ ပြောစမ်း"

"မောင် အဲ ဆောရီး၊ ကိုယ့်မှာ ဘာမှပြောစရာ မရှိဘူး"

"ဘာ"

ပန်းရောင်စုံ ဒေါသထွက်သွား၏။ သူက စိမ်းသက်သက်
အရာပြုရင်း –

"ဟုတ်တယ်၊ ကိုယ့်မှာ ပြောစရာမရှိဘူး"

"တောက်၊ မောင့်မှာ ပြောစရာမရှိပေမယ့် စုံ့မှာ ပြော





တွေ အများကြီးရှိတယ်"

"ဆောရီးပဲ၊ ပန်းရောင်စုံ"

"ဘာပြောတယ်"

ပန်းရောင်စုံ လက်တစ်ဖက် ခါးထောက်မတတ် ဖြစ်လေသည်။
မောင့်ကိုလည်း မောင်အစစ်မှ ဟုတ်ရဲ့လားလို့ ပြူးပြူးမြဲမြဲ
ကြည့်၏။

အရင်လို မြူးရွှင်သော နှလုံးသားနှင့် ရင်ခုန်ခြင်းတို့ ထိုအိ
မနေ။

ဒါ ဘာကြောင့်ပါလိမ့်။

စုံမေးတော့လည်း မောင်မဖြေ။

စုံ့ကိုလည်း မကြည့်ဘဲ ကားနောက်ဘက် ရှောင်ထွက်သွား၏။

မောင်နောက်က စုံ လျှောက်လိုက်၍ –

"မောင်က ပြောစရာမရှိပေမယ့် စုံကတော့ ပြောစရာရှိတယ်၊
ဒီမှာ ဒယ်ဒီ ရောက်နေတယ်"

သူ့ရင်မှ နာကျင်စွာ အော်ဟစ်ပစ်ချင်စိတ်ကို မနည်းမနော
အောင့်ထားရသည်။

"ဒယ်ဒီနဲ့ မောင့်ကို တွေ့ပေးမယ်၊ ပြီးရင် မောင်နဲ့စုံ့အကြောင်း
ရင်ဖွင့်ပြောပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



စုံပြောတဲ့စကား မဆုံးခင်မှာ သူ ဖြတ်ပြော၏။

"ဖွင့်ပြောစရာ မလိုဘူး ပန်းရောင်စုံ"

"ဘာလို့ မလိုရမှာလဲ မောင်ရဲ့ ဖွင့်ပြောမှ မောင်နဲ့စုံ နီးစပ်ခွင့်ရမယ်လေ"

"မောင်က၊ အဲ ကိုယ်က ပန်းရောင်စုံနဲ့ မနီးချင်ဘူး"

"ဘာ၊ ဘာ မောင် ဘယ်လိုပြောလိုက်တယ်"

"ဟုတ်တယ်၊ ပန်းရောင်စုံနဲ့ကိုယ် နီးလို့မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

ပန်းရောင်စုံ မျက်ရည်လေးဝဲချေပြီ။

"ကိုယ်က ကိုယ့်မိဘစီစဉ်တဲ့ မိန်းကလေးနဲ့ လက်ထပ်ရတော့မယ်"

"ဘာ"

ပန်းရောင်စုံ နှုတ်ခမ်းလွှာလေး ပိုင်းကာ၊ နေရာမှာ တောင့်မတ်ပြီး အသက်မဲ့သလို ဖြစ်ချေသည်။

ဒီလိုအခြေအနေကို သူ ပိုင်ပိုင်ချည်း အသုံးချလျက်။

"ဟုတ်တယ်၊ ကိုယ် လွန်ဆန်လို့မရဘူး ပန်းရောင်စုံ၊ ဒါ့ကြောင့် ကိုယ်တို့ ချစ်သူဖြစ်ခဲ့ကြတာကို အဆုံးသတ်ပြီး လမ်းခွဲရမယ်"

"ရမတဲ့လား"





ပန်းရောင်စုံမျက်ဝန်းမှ မျက်ရည်တို့က လမ်းဘေးမြက်ခြောက်ပေါ် ဟောခနဲ ကြွေကျ၏။

"ရတာပေါ့ ပန်းရောင်စုံ၊ အချစ်က အချစ်၊ လက်ထပ်ပေါင်းသင်းခြင်းက ထက်ထပ်ပေါင်းသင်းခြင်း၊ တခြားစီပဲ၊ ဒါကြောင့်"

"အဟင့်"

ပန်းရောင်စုံ ရှိုက်မိသွား၏။

"မောင်"

ခေါ်ရင်း သူ့လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ခါရင်း ငိုချလေသည်။ သူ မျက်ရည်မဝဲမိအောင် အနိုင်နိုင်ထိန်းချုပ်ထားရလေသည်။

ခွဲခွာခြင်းမှ မျက်ရည်စည်းတွေ ခြားမနေစေချင်ဘူး။ ဒါကြောင့် သူ့ဘက်က အတတ်နိုင်ဆုံး ထိန်းချုပ်ကာ။

"စုံကို မောင် ပြောပြီးပြီ၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ပြန်ပါတော့စုံ၊ မောင်က တခြားမိန်းကလေးနဲ့ လက်ထပ်ရမယ့်ယောကျ်ားတစ်ယောက်ပါ၊ မောင်တို့ချစ်ခဲ့တာကို ဒီမျှနဲ့ အဆုံးသတ်လိုက်တာ အကောင်းဆုံးပဲ၊ ဒါကြောင့် စုံ့ဒယ်ဒီနဲ့ စုံ လိုက်သွားပါ၊ စုံ့ဒယ်ဒီစီစဉ်သမျှ စုံအတွက် အကောင်းဆုံးဖြစ်သလို၊ မောင့်မိဘစီမံသမျှကလည်း မောင်အတွက် အကောင်းဆုံးပဲ၊ စုံကို မောင် နှုတ်ဆက်ပါတယ်၊ ဒါပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူပြောရင်း လှည့်ထွက်လျှင် သူ့တပည့်ကောင်းထွန်း ဂျစ်ကားနဲ့ ရောက်လာတာ အဆင်သင့်သွားသည်။

ကောင်းထွန်းမောင်းလာသော ဂျစ်ကားကို သူမောင်းထွက်ခဲ့လျှင် မျက်ရည်တို့ မနိုင်ရှာပြီ။

မောင်တို့နှလုံးသားအတွက် အချစ်ဆိုတာ ပေါင်းစုံခြင်း မဟုတ်ပါဘူး။

ခွဲခွာခြင်းနဲ့ ကျောနိုင်းခြင်းရယ်ပါကွယ်။

✿ ✿ ✿



## အခန်း (၃၄)

"ရဲက"

ခရမ်းရင့် မယုံနိုင်အောင် ဖြစ်ရသည်။ အံ့သြလွန်းစွာမေးလျှင် ပန်းရောင်စုံ ခေါင်းလေးပဲ ညိတ်လိုက်တော့သည်။

"မဖြစ်နိုင်တာ"

သွန်းသွန်း မယုံနိုင်စွာဆိုလျှင်။

"ဟဲ့ ရဲကိုယ်တိုင် ထုတ်ပြောပြီး စုံကို ငြင်းလိုက်တာလေ၊ အဲဒါ တကယ်မှိုလို့ပေါ့"

စုရတီက ပန်းရောင်စုံပြောတဲ့အတိုင်း တကယ်ဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ထပ်ဆင့်ပြောလေသည်။

ထိုအခါ ခရမ်းရင့်ခေါင်းတခါခါနှင့်။

"ခရမ်းတော့ ဘယ်လိုမှ မယုံချင်ဘူးဟယ်"

"အမယ် ရှင်ကသာ မယုံချင်တာ၊ ရှင့်ရဲက အပျော်ချစ်သူထားတာတဲ့၊ ဘယ်လောက် မြင်ပြင်းကတ်ဖို့ကောင်းလိုက်သလဲ"

"ဒါလည်း ဟုတ်သားပဲ"

သွန်းသွန်းက စုရတီ ရှင်းပြသလို ပြောသောအခါ ငြင်းပယ်ဖို့ ခွန်အားမဲ့သွားသည်။

ပန်းရောင်စုံက မျက်ရည်တွေကိုသာ တို့တို့သုတ်သုတ်နှင့်၊ ဘယ်အခြေအနေကိုမှ မယုံရဲအောင် ဖြစ်လို့နေပြီ။

"ဒါဆို အခု ဘယ်လိုလုပ်ကြမလဲ"

ပန်းရောင်စုံပခုံးကို ကြင်နာဖေးမစွာ ပွေ့ဖက်၍ ခရမ်းရင့်မေးလေသည်။

ဘယ်လိုလုပ်ကြမလဲတဲ့။

ပန်းရောင်စုံနှလုံးသားများ နာကျင်မှုက တဆစ်ဆစ်ဖြစ်လို့သွားလေပြီ။ ထို့ကြောင့် ထိုင်ရာမှထကာ သူမ ခရီးဆောင်အိတ်ထဲ၌ ပါကင်လှလှလေးဖြင့် ထုပ်ပိုးထည့်ထားသော ရေညှောင့်နှုတ်ပိုင်းငှက်ရုပ်ကို တယုတယထုတ်ကြည့်လျက်။





"ခုမြင်ခုတွေ့ ချစ်ခဲ့ကြတဲ့ နှလုံးသားဇာတ်လမ်းမှာ "စုံ့" အတွက် အမှားနဲ့နောင်တ ရလိုက်သလိုပဲ ခရမ်းရယ်၊ အဲဒီအတွက် စုံ ဘာလုပ်လို့ရမှာတဲ့လဲ၊ တခြားမိန်းကလေးနဲ့ လက်ထပ်ဖို့ အဆင်သင့်ဖြစ်နေတဲ့ မောင့်ကို စုံနဲ့ပဲ လက်ထပ်ရမယ်လို့ အတင်းအကျပ် တောင်းဆိုဖို့ မဖြစ်နိုင်ပါဘူး၊ မဖြစ်နိုင်တာထက် စုံ့ရဲ့မာနနဲ့သိက္ခာကို စုံ့အချစ်လို အဆုံးရှုံးမခံနိုင်ဘူး၊ မောင်ရွေးချယ်တာက စုံ့အချစ်ကို ကျရှုံးစေပြီလေ၊ စုံ့မာနနဲ့သိက္ခာကို အဆုံးရှုံးမခံဖို့ စုံ့အသိတရား မမှဲ့ချင်တော့ဘူး"

"ဒါ ဒါဆို"

"စုံ ပြန်တော့မယ်"

"ဟင်"

သူငယ်ချင်းအားလုံး အံ့ဩကုန်သည်။ စုံ့တက်က ဒီလောက်ထိ မြန်မြန်ဆန်ဆန် ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်လိမ့်မယ်လို့ မထင်ကြပါ။

ခုတော့ –

စုံက ဒီလုံးငှက်ရုပ်လေးကို ပါကင်ထဲ တယုတယ ပြန်ထည့်ပြီး စားပွဲပေါ်တင်၏။

"ဟုတ်တယ်၊ ဒယ်ဒီနဲ့ လိုက်သွားတော့မယ်"

"ဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



သွန်းသွန်း၏ဟန့်တားသံ ရုတ်ခြည်းပွင့်ထွက်သွား၏။ ပြီးမှ ပါးစပ်ကို လက်ဖဝါးနှင့် ပြန်ပိတ်ရင်း။

"ဆောရီး စုံ၊ သွန်းတို့အမြင်အရ အဲလောက် မြန်မြန်ဆန်ဆန် မဖြစ်သင့်ဘူး"

ပန်းရောင်စုံ မျက်ရည်စတို့ကို သိမ်းဖယ်၍ –

"အစတည်းက ဒယ်ဒီ့ဆီ လိုက်သွားရမယ့် အစီအစဉ်ရှိပြီးသားပဲ သွန်းရယ်၊ စုံ ရှောင်လွှဲနေခဲ့လို့ အချိန်နှောင့်နှေးခဲ့တာ၊ စုံ့ကြောင့် ဒယ်ဒီလည်း စိတ်မချမ်းမသာဖြစ်နေရတယ် မဟုတ်လား။ အဲဒီအတွက် အစီအစဉ်ရှိတဲ့အတိုင်း ဒယ်ဒီနဲ့ လိုက်သွားတာ အကောင်းဆုံးပါပဲ"

သူငယ်ချင်းသုံးယောက် သက်မပြိုင်တူ ချလေသည်။ အနီကယ်လုစ်နှင့် စုံစုံလိုက်သွားရင် နောက်ဆက်တွဲ ဘာတွေဖြစ်လာနိုင်လဲဆိုတာ သူငယ်ချင်းတွေ ပြေးကြည့်စရာမလို။ ဒက်ခနဲ့ သိနှင့်လေသည်။

"ဒါ ဒါဆို စုံ့ဒယ်ဒီစီစဉ်တဲ့အတိုင်း ခေတ်ရှေ့နဲ့ သူ့မယ်ပေါ့ ဟုတ်လား စုံ"

စုရတီ အောင့်အည်းမနေနိုင်တော့ပါ။ သေချာသလောက် ရှိနေသည့်ကိစ္စကိုပဲ နောက်ထပ်သေချာအောင် မေးလေသည်။

ပန်းရောင်စုံ မျက်နှာလေး မာနဖြင့် တင်းမာသွားပြီး –

"မောင်လည်း မောင့်မိတဆန္ဒကို အလေးထားရင် စုံက ဘာလို့





အလေးမထားရမှာလဲ ရတီရယ်၊ ဒယ်ဒီက စုံနဲ့မေမေ့ကို တအားချစ်ခဲ့တာ၊ မေမေ့ဆီ တစ်ခါလာခွင့်ရဖို့ ဒယ်ဒီ ဘယ်လောက်ကြိုးစားရသလဲ ကွယ်"

ဒါတွေကို သူငယ်ချင်းများအားလုံး သိကြသည်။

စုံ့မေမေကို စုံ့ဒယ်ဒီ အကြိမ်တစ်သောင်းမက ခွင့်တောင်းမှ စုံ့ဒယ်ဒီ တစ်ခါလာခွင့်ရတဲ့အဖြစ်။ စုံ့မေမေက လာဟု တစ်ခွန်းပြောလိုက်တာနဲ့ စုံ့ဒယ်ဒီဟာ ခွေးလေးတစ်ကောင်လိုပဲ အမြီးလေးနှံ့ပြီး အင်္ဂလန်ကနေ ချက်ချင်း ပေါက်ချလာသည်။

စုံ့မေမေက ကြာကြာခွင့်မပေး။ ပြန်တော့လို့ ပြောရင် စုံ့ဒယ်ဒီ စောဒကတက်ခွင့်မသာ။ ဖနီးသည့်အလိုကျ လှည့်ပြန်ခဲ့ရသည်။

စုံ့မေမေ ဘယ်လိုပဲ ဆက်ဆံပစေ အနီကယ်လုစ် စိတ်ပျက်ငြီးငွေ့ခြင်း မရှိခဲ့ပါ။ ဒီဇနီးနဲ့ ဒီသမီးအတွက် မစ္စတာလုစ် ရှင်သန်ခဲ့ရတဲ့ ဘဝဟာ အချစ်အကြင်နာတွေနဲ့ ဝေးကွာလျက်။

"ဒယ်ဒီ့ခံစားချက်ကို စုံ နားလည်ပေးရမယ်၊ အထူးသဖြင့် ငဲ့ညှာပေးဖို့ လိုအပ်တယ်"

သူငယ်ချင်းတွေ သက်မအလီလီချရလေပြီ။

"ဟုတ်တယ် မောင်ကတောင် မောင့်မိဘအတွက် ငဲ့ညှာနေရင် စုံက ဒယ်ဒီ့ကို ပိုငဲ့ရမယ်၊ စုံ့မှာ ဒယ်ဒီတစ်ယောက်တည်း ရှိသလို၊



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ့မှာလည်း စုံတစ်ယောက်တည်း ရှိတာလေ''

''ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့''

''ဒါပေမဲ့ ဘာဖြစ်လဲ ခရမ်းရယ်''

''ခရမ်းတော့ ရဲနဲ့တွေ့ပြီး ညှိနှိုင်းကြည့်ချင်တယ်''

''တော်ပါတော့၊ မောင့်ရှေ့မျက်နှာ အောက်ကျခံဖို့ ဆောရီးပဲ ခရမ်းရယ်''

သူငယ်ချင်းများ စိတ်မသက်မသာဖြစ်ကာ သက်မချပြန်ပြီး

စုံကလည်း အန်ကယ့်ဆန္ဒအတိုင်း အန်ကယ့်အုပ်ထိန်းမှု အောက်မှာ ခိုလှုံတော့မတဲ့။

ခိုလှုံခြင်းခေါင်းစဉ်အောက်မှာ ခေတ်ရှေ့က မပါမဖြစ် ဖြစ်နေသည် မဟုတ်လား။

ဒါကြောင့်လည်း သူငယ်ချင်းတွေ ခေတ်ရှေ့ကိစ္စ မမေးမစမ်းဘဲ မနေသာ။

''စုံက စုံ့ဒယ်ဒီရဲ့ဆန္ဒကို လက်ခံတာတော့ ဟုတ်ပါပြီ၊ ခေတ်ရှေ့ကို စုံ ချစ်နိုင်လို့လား''

''အိုး မေမေလည်း ဒယ်ဒီ့ကို ချစ်ခဲ့တာမှ မဟုတ်ဘဲ''

''ဟော့တော်''

သူငယ်ချင်းတွေ အံ့ဩရပြန်သည်။





သူငယ်ချင်းတွေ အံ့ဩတာရဲ့နောက်မှာ စုံ့နှလုံးသားမှာ ထိမိ ရှရှ အရည်ပျော်လေသည်။

''အချစ်နဲ့ဘဝက တခြားစီတဲ့ မောင်ပြောတာလေ''

သူငယ်ချင်းတွေရင်မှာ မောလျသွားသည်။ သူတို့ဖြစ်စေချင်တာက တခြား။ ဖြစ်လာတာက တလွဲ။

''ကဲပါ ရှင်တို့လည်း ပစ္စည်းတွေ သိမ်းတော့၊ ဒယ်ဒီရောက် လာလို့ အဆင်သင့်မဖြစ်ဘဲနေဦးမယ်''

''အေးပါဟယ်''

သူငယ်ချင်းသုံးယောက် စိတ်မသက်မသာဖြစ်လျက်။ ပစ္စည်းတွေ သိမ်းဆည်းကြပေမယ့် ရင်ထဲမှာ မချမ်းမြေ့လှ။

အချိန်တိုအတွင်းမှာ ချစ်သူဖြစ်ခဲ့ကြသော စုံနဲ့ရဲ။

အချိန်တိုတွင်းမှာပဲ ကွဲကွာရတော့မယ့် ဇာတ်လမ်း။

ခရမ်းတို့ မခံစားနိုင်တော့ပါလေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

နီးလျက်နှင့် ဝေး ××× မဆုံနိုင်အောင်လို့ဆွေး ××× တကယ်ဆို ချစ်ခဲ့ပြီးမှ လမ်းခွဲဖို့ ××× လုံးဝမတွေးခဲ့။

အချစ်စစ်ရဲ့ လမ်းကလေးဟာ ××× ဘယ်တော့မှ မဖြောင့်တန်ဘူး။ ရေးစကားလည်း ရှိခဲ့တာပဲ ×××။

## အခန်း (၃၅)

"ရဲ"

မင်းသက်တန့်ခေါ်ဆိုဟန့်တားသော်လည်း သူ ရုတ်ခြည်းထွက်ခဲ့သည်က မခံစားနိုင်ဗျာ။

မင်းသက်တန့် သက်မချရင်း သူငယ်ချင်းကိုသာ ငေးကြည့်နေရသည့်အဖြစ်။ သီချင်းသံက နှိပ်စက်တာလား။

သူ့နှလုံးသား ဝေဒနာကပဲ ပြင်းရှတာလား။

မခွဲခြားနိုင်သော သူ့ခြေလှမ်းတွေ ဒယောင်သောင်ပါ ပါသွားလေ။

"စိုး"

မိန်းကလေးတစ်ခုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲခေါ်၍ ချစ်သူကို တွေ့လိုဇောဖြင့် ရှာဖွေနေမိသည်။

ခရီးသည်များနှင့် သိပ်အရှုပ်တွေးကြီး မဟုတ်သော်လည်း မော်လမြိုင်လေဆိပ်က ခရီးစဉ်ရှိနေသည်မို့ ညှော်ပို့သူ ခရီးသွားသူများဖြင့် စည်ကားနေသည်။

ထိုအထဲတွင် သူ့ချစ်သူပါဝင်နေတာ ရှာတွေ့လျှင် ခြေလှမ်းတို့ ချက်ချင်းတန့်သွားသည်။

တစ်ဆက်တည်းလည်း သူ့ကိုယ်ကို ထင်းရှူးပင်စည်နှင့် ကွယ်ကာ။ ချောင်းမြောင်းကြည့်မိသော ချစ်သည့်စိတ်က လှိုင်းကြမ်းများ ပုတ်ခတ်သလို ခံစားနေရသည်။

"စုံ"

သူ့နှလုံးသားထဲမှ မြည်တမ်းသံ ပွင့်ထွက်မသွားအောင် နှုတ်ခမ်းသားကို ဖိကိုက်ထားမိတာ အသည်းတုန်မတတ်။

မစွတာလုစ်က သူ့ချစ်သူ ပန်းရောင်စုံပခုံးပေါ် တယုတယ ပွေ့ဖက်သလို၊ ကျန်လက်တစ်ဖက်လည်း ခေတ်ရှေ့ပခုံးပေါ် တင်လျက် လေယာဉ်ပေါ် ဦးဆောင်ခေါ်သွားနေသော မြင်ကွင်း။

ဟင့်အင်း။ သူ မမြင်ရက်ပါ။

မျက်လွှာကို စုံမှိတ်ချလိုက်ပေမယ့် မြင်ယောင်နေသည်က တစီး





BURMESE CLASSIC

အသံပေးရင်း ပြေးလမ်းပေါ်မှတစ်ဆင့် လေထုကို့ခွင်းကာ ကောင်းကင်ယံ တိမ်တိုက်ကြားထဲ ပျံသန်းသွားသော လေယာဉ်။ ထိုလေယာဉ် သယ်ဆောင်ရာအတိုင်း တဖြည်းဖြည်း ဝေး ဝေးသွားသော ချစ်သူ။

ငွေယမ်းတိုက်ခတ်နေသော လေကြမ်းနှင့်အတူ စိန်ပန်းပွင့်လွှာများသည် သူ့ကိုယ်စား အုံးခနဲ့ ငိုချ၏။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

ပရိသတ်များ အကြောင်းပြန်ပါ။

ချစ်သော နောက်ဆက်တွဲဇာတ်လမ်း စိတ်ဝင်စားပါရဲ့လား။

စိတ်ဝင်တစားဖြစ်တယ်ဆိုရင် ဒုတိယပိုင်း ဆက်လက်ရေးပေးပါမည်။

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

**မိန်းကလေး**

အမှတ် ၄၅ (B)၊ ၆-လွှာ၊
ဦးလွန်းလမ်း၊ အရှိုးကုန်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၄၄၉၂၆၀၄၇

မိန်းကလေးတအုပ်တိုက်

www.burmeseclassic.com